ကြေးမုံ
The Mirror Daily
၁၉၅၇ ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် နတ်တော်လပြည့်ကျော် ၅ ရက်၊ တနင်္လာနေ့။ Monday, 19 December 2016 (၈၇၈၀)

**မကောင်းမှုမပြုလျှင် စင်ကြယ်**

မကောင်းမှုကို မိမိပြုခဲ့လျှင် မိမိသည်ပင်ညစ်နွမ်းရ၏။ မကောင်းမှုကို မိမိမပြုခဲ့လျှင် မိမိသည်ပင် စင်ကြယ်၏။ စင်ကြယ်သောကုသိုလ်နှင့် မစင်ကြယ်သော အကုသိုလ်သည် တခြားစီသာဖြစ်၏။ သူတစ်ယောက်သည် အခြားသူတစ်ယောက်ကို (ကိလေသာအညစ်အကြေးမှ စင်ကြယ်အောင်)မသုတ်သင်နိုင်။ (မကောင်းမှုကို မပြုဘဲ မိမိကိုယ်ကို စင်ကြယ်အောင် သုတ်သင်ထားရာ၏။)

အတ္တဝဂ်(ဓမ္မပဒ-၁၆၅)



ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

# ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်အဖွဲ့ သီပေါမင်းနတ်ပြည်စံသက် နှစ်(၁၀၀)ပြည့် အလှူ အခမ်းအနားတက်ရောက်ပြီး အိန္ဒိယသမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၁၈**

အိန္ဒိယသမ္မတနိုင်ငံ ရတနာဂီရိမြို့၌ ကျင်းပသည့် မြန်မာနိုင်ငံ၏ နောက်ဆုံးမင်းဆက် သီပေါမင်း နတ်ပြည်စံသက် နှစ်(၁၀၀)ပြည့်အလှူ အခမ်းအနားသို့တက်ရောက်ခဲ့သည့် ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး၊ စစ်သံမှူးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**(သတင်းစဉ်)**

# လုံခြုံစိတ်ချစွာ ရွှေ့ပြောင်းသွားလာနိုင်ရန် နိုင်ငံတော်အစိုးရတစ်ခုတည်းသာမက လူတစ်ဦးချင်းစီ၏ ဗဟုသုတများတိုးပွားသိရှိစေရေးနှင့် လူမှုအဖွဲ့အစည်းများ၏ ဝိုင်းဝန်းကူညီစောင့်ရှောက်မှုများ လိုအပ်

**နေပြည်တော် ဒီဇင်ဘာ ၁၈**

ကမ္ဘာ့နိုင်ငံအသီးသီးအနေဖြင့် ရွှေ့ပြောင်းသွားလာသူများ၏ လူ့အခွင့်အရေးကို အပြည့်အဝလေးစားလိုက်နာခြင်းနှင့် မူရင်းနိုင်ငံ၊ လမ်းခရီးရောက်ရှိသည့်နိုင်ငံနှင့် ခရီးလမ်းဆုံး နိုင်ငံများအကြား တာဝန်ဝတ္တရားများကို ပိုမိုပူးပေါင်းမျှဝေဆောင်ရွက်ခြင်းဖြင့် အပြည်ပြည်ဆိုင်ရာ၌ အကျိုးသက်ရောက်မှုရလဒ်အသစ်များ ရရှိလာရန် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ပြောကြားသည်။

ကမ္ဘာတစ်ဝန်း၌ Globalization ဖြစ်စဉ်နှင့် ကမ္ဘာ့စီးပွားရေးပြောင်းလဲလာမှုများနှင့်အတူ နိုင်ငံတစ်နိုင်ငံချင်းစီ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ပိုမိုကောင်းမွန်သော အလုပ်အကိုင်အခွင့်အလမ်း ရရှိလိုမှု၊ လူမှုစီးပွားဘဝအဆင့်အတန်းကွာဟမှု စသည့်အခြေအနေများကြောင့် တစ်နိုင်ငံမှ တစ်နိုင်ငံသို့

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍**




၂၀၁၆ ခုနှစ် အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းသွားလာသူများနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

KBZ BANK
STRENGTH OF MYANMAR
သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

ကြေးမုံ

# တည်ငြိမ်အေးချမ်းမှု ဖွံ့ဖြိုးတိုးတက်မည်

ရခိုင်ပြည်နယ်မြောက်ပိုင်း မောင်တောဒေသတွင် ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် နယ်မြေဒေသမတည်ငြိမ် မအေးချမ်းမှုများကို နိုင်ငံတော်အစိုးရက အကောင်းဆုံးကိုင်တွယ် ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ ယခုနယ်မြေဒေသအခြေအနေများ ပြန်လည်တည်ငြိမ်စပြုလာပြီဟု ဆိုရမည်ဖြစ်သည်။

မောင်တောဒေသသည် ရခိုင်ပြည်နယ်၏ မြောက်ပိုင်းတွင် တည်ရှိပြီး အိမ်နီးချင်းဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်ကာ နယ်စပ်ဂိတ်နှင့် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများလည်း ရှိသည်။ ဒေသ၏ပထဝီဝင်အနေအထားအရ ရေမြေတောတောင် မြစ်ချောင်းအင်းအိုင်များနှင့် မျှတသော ရာသီဥတုအနေအထားများကြောင့် နေထိုင်မှုနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ကောင်းမွန်သည်။

နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံဘက်သို့ လုပ်ငန်းသုံးနှင့် လူသုံးကုန်ပစ္စည်းများ တင်သွင်းခဲ့ပြီး မြန်မာနိုင်ငံမှ ဆန်စပါး၊ ရေငန်ပုစွန်နှင့် ငါးအစိုအခြောက်တို့ကို တစ်ဖက်နိုင်ငံသို့ တင်ပို့နိုင်သောကြောင့် အလုပ်အကိုင်အခွင့်အလမ်းနှင့် စီးပွားရေးသင့်တင့်ကောင်းမွန်သော ဒေသဖြစ်သည်ဟု ဆိုနိုင်သည်။

သို့သော် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များကြောင့် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများမှာ နှစ်လကျော်ကြာရပ်နားထားရပြီး ကုန်ပစ္စည်းအချို့ စစ်တွေနယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့် ပြောင်းရွှေ့တင်ပို့နေရကာ ကုန်သွယ်စီးပွားလုပ်ငန်းများ ယခင်ကဲ့သို့ ကောင်းမွန်မှုမရှိတော့ချေ။ မောင်တောနယ်စပ် ဂိတ်မဖွင့်နိုင်သေးခြင်းကြောင့် စီးပွားရေးအရ ဆုံးရှုံးနစ်နာမှုများစွာရှိခဲ့သည်။

ယခုအခါ နယ်မြေတည်ငြိမ်အေးချမ်းစပြုလာပြီဖြစ်၍ မောင်တောနယ်စပ်ကုန်သွယ်ရေးဂိတ်ကို အမြန်ဆုံးပြန်လည်ဖွင့်လှစ်ပေးနိုင်ရန် သက်ဆိုင်ရာ တာဝန်ရှိသူများက ကြိုးစားညှိနှိုင်းဆောင်ရွက်ပေးနေရာ မကြာမီကာလတွင် နယ်စပ်ဂိတ်ကို ပြန်လည်ဖွင့်လှစ်ပေးနိုင်မည့် အလားအလာကောင်းများ ရှိနေပြီဖြစ်သည်။

မောင်တောဒေသ တည်ငြိမ်အေးချမ်းမှုပျက်ပြားခဲ့ရာတွင် ပြည်ပမှ အဖျက်သမားများ ဒေသအတွင်း ထိုးဖောက်စိမ့်ဝင်ကာ ဒေသနေသူအချို့နှင့်ပူးပေါင်း၍ အကြမ်းဖက်တိုက်ခိုက်မှုများပြုလုပ်ခဲ့သောကြောင့် တည်ငြိမ်အေးချမ်းမှုပျက်ပြားခဲ့ရခြင်းဖြစ်သည်။ ယခုအခါ အဖျက်သမားများ၏ လုပ်ရပ်များကို ခိုင်လုံသော အထောက်အထားများရရှိထားပြီးဖြစ်၍ ၎င်းတို့အား အပြီးတိုင် ရှင်းလင်းဖယ်ရှားနိုင်အောင် ဆောင်ရွက်နေပြီဖြစ်သည်။

ဒေသတည်ငြိမ်အေးချမ်းမှု ယိုယွင်းသွားသောအခြေအနေမှ ပြန်လည်တည်ငြိမ်အေးချမ်းသော မူလအခြေအနေသို့ရောက်ရှိအောင် ဆောင်ရွက်ပေးရသည်မှာ လွယ်ကူသောအလုပ်မဟုတ်ချေ။ သို့သော် ဒေသခံပြည်သူများ၏အကျိုးစီးပွားကို ရှေးရှုကာ ယခင်ကဲ့သို့ မဟုတ်သော်လည်း တိကျသော စည်းကမ်းဥပဒေများဖြင့် တဖြည်းဖြည်းဖြေလျှော့ဆောင်ရွက်ပေးသွားခြင်းအားဖြင့် မူလအခြေအနေသို့ ပြန်လည်ရောက်ရှိနိုင်မည်ဟု မျှော်လင့်ရသည်။

ဒေသတည်ငြိမ်အေးချမ်းမှုပျက်ပြားလျှင် နစ်နာဆုံးရှုံးသည်မှာ ဒေသခံပြည်သူများပင်ဖြစ်သည်။ တည်ငြိမ်အေးချမ်းမှဖွံ့ဖြိုးတိုးတက်မည်ဆိုသကဲ့သို့ မိမိဒေသတည်ငြိမ်အေးချမ်းရေးအတွက် အဖျက်အမှောင့် အနှောင့်အယှက်လုပ်ငန်းများတွင် ပါဝင်ခြင်းမရှိဘဲ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေဖွံ့ဖြိုးရေးကို ဆောင်ရွက်ပေးနေသော တာဝန်ရှိသူများနှင့် ပူးပေါင်းလက်တွဲကာ ဥပဒေနှင့်အညီ ဒေသပြန်လည်ဖွံ့ဖြိုးအောင် ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ။

## နိုင်ငံ့ဝန်ထမ်း ပြုပြင်ပြောင်းလဲမှုကို အထောက်အပံ့ပြုမည့် ထက်သန်တက်ကြွမှုနှင့် ခေါင်းဆောင်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

ပြည်ထောင်စု ရာထူးဝန်အဖွဲ့၏ ကြီးကြပ်စီမံမှု၊ UNDP ၏ ပူးပေါင်းပါဝင်ကူညီမှုဖြင့် နိုင်ငံ့ဝန်ထမ်း ပြုပြင်ပြောင်းလဲမှုကို အထောက်အပံ့ပြုမည့် ထက်သန်တက်ကြွမှုနှင့် ခေါင်းဆောင်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့ နံနက်ပိုင်းတွင် နေပြည်တော် Park Royal Hotel ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း၊ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးဝင်းမော်၊ ဦးသန်းထွန်း၊ ဒေါက်တာဦးပွားနှင့် ဦးစောဗယ်လင်တိုင်း၊ ဗဟိုအဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းက အဖွင့်အမှာစကားပြောကြားပြီး UNDP မှ Technical Advisor Mr. Christopher C. Politics က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် နယူးဇီလန်နိုင်ငံ နိုင်ငံ့ဝန်ထမ်းကော်မရှင်မှ ယခင်ဒုတိယကော်မရှင်နာမင်းကြီး Mr.Ryan Orange က ပထမနေ့ အသိပညာမျှဝေမှုဖိုရမ်တွင် ဆွေးနွေးခဲ့သည့် မျှော်မှန်းထားသော ရလဒ်များမှ အာဆီယံနိုင်ငံများ၏ ဖြစ်ရပ်လေ့လာချက်များကို လည်းကောင်း၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာထွန်းအောင်က မြန်မာနိုင်ငံ၏ ဖြစ်ရပ်လေ့လာချက်ကိုလည်းကောင်း၊ ကနေဒါနိုင်ငံ အုပ်ချုပ်ရေးလုပ်ငန်းစဉ်အဖွဲ့အစည်းမှ အကြီးတန်းအကြံပေးအရာရှိ Mr.Michael O' Neil က နိုင်ငံ့ဝန်ထမ်းကဏ္ဍအတွင်းရှိ ခေါင်းဆောင်မှုအကြောင်းကိုလည်းကောင်း၊ နိုင်ငံတော်သမ္မတရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးဇရတ်ဆင်းက နိုင်ငံ့ဝန်ထမ်းကဏ္ဍအတွင်းရှိ ခေါင်းဆောင်မှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ ဖြစ်ရပ်လေ့လာချက်ကို လည်းကောင်း ရှင်းလင်းတင်ပြခဲ့ကြသည်။

ယင်းနောက် မြန်မာနိုင်ငံ ASEAN အဖွဲ့ဝင်နိုင်ငံများနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များက သက်ဆိုင်ရာ နိုင်ငံအလိုက် ဖြစ်ရပ်များကို တင်ပြခြင်းနှင့် အုပ်စုလိုက်ဆွေးနွေးခြင်းများ ဆက်လက်ကျင်းပသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသည် ဒီဇင်ဘာ ၁၆ ရက်က ကျင်းပခဲ့သည့် နိုင်ငံ့ဝန်ထမ်းကဏ္ဍတွင် ကိုယ်ကျင့်သိက္ခာ၊ အရည်အချင်းအလိုက် ချီးမြှင့်မြှောက်စားမှုနှင့် တန်းတူအခွင့်အရေးရရှိမှုများကို တိုးတက်စေခြင်းဖြင့် ထက်သန်တက်ကြွမှုကို အားပေးခြင်းဆိုင်ရာ အသိပညာမျှဝေမှုဖိုရမ်မှ မျှော်လင့်ထားသော ရလဒ်များကို ပြန်လည်ဆွေးနွေးရှင်းလင်းတင်ပြခြင်း၊ မြန်မာနိုင်ငံနှင့် အာဆီယံနိုင်ငံများ၏ နိုင်ငံ့ဝန်ထမ်းကဏ္ဍပြောင်းလဲရန် အတားအဆီး (သို့မဟုတ်) အထောက်အကူဖြစ်စေသည့်လှုံ့ဆော်မှုနှင့် နိုင်ငံ့ဝန်ထမ်းကဏ္ဍအတွင်းရှိ ခေါင်းဆောင်မှုဆိုင်ရာနှင့်ပတ်သက်၍ ဖြစ်ရပ်လေ့လာချက်များကို အသေးစိတ်ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

## မန္တလေး ခုနစ်မြို့နယ်တွင် ကလေးအလုပ်သမားများပြားလာဟုဆို

**မန္တလေး ဒီဇင်ဘာ ၁၈**

မန္တလေး ခုနစ်မြို့နယ်အတွင်း မိသားစုစားဝတ်နေရေးနှင့် အခြားအကြောင်းရင်းငါးခုကြောင့် ကလေးအလုပ်သမားများပြားလာကြောင်း ဒုတိယရေသောက်မြစ်အဖွဲ့၏ စစ်တမ်းကောက်ယူမှုများအရ သိရသည်။

အဆိုပါမြို့နယ် ခုနစ်မြို့နယ်တွင် လုပ်ငန်းခွင်အတွင်း ရောက်ရှိနေသည့် (၁၈)နှစ်အောက်ကလေး ၂၀၀ ကို သုတေသနစစ်တမ်းကောက်ယူ မေးမြန်းချက်များမှ အဖြေထွက်လာခြင်းဖြစ်ကြောင်း Hotel Marvel တွင် ပြုလုပ်သည့် ကလေးလုပ်သားများ၏ ဘဝသရုပ်မှန်နှင့် လေ့လာသုံးသပ်ခြင်းနှင့် ဆန်းစစ်ခြင်းအခမ်းအနားမှ သိရသည်။

"သူတို့အတွက် အစိုးရနဲ့ အရပ်ဘက်အဖွဲ့အစည်းတွေက ဘာလုပ်ပေးနိုင်မလဲ။ ဘာကြောင့် များပြားလာတာလဲဆိုတာတွေရှိပါတယ်။ ကျောင်းပြင်ပပညာရေးစနစ်နဲ့ မိဘတွေက လောင်းကစားလုပ်တော့ စားဝတ်နေရေးခက်ခဲလာပြီး သားသမီးတွေ အလုပ်ထွက်လုပ်တာမျိုး မဖြစ်အောင် တရားဥပဒေစိုးမိုးရေးလုပ်ရမယ်"ဟု ကိုအောင်သူရက ပြောသည်။

ယင်းမြို့နယ်များအတွင်း ကလေးလုပ်သားဦးရေမှာ ယောကျ်ားလေး ၆၇ ရာခိုင်နှုန်းနှင့် မိန်းကလေး ၃၃ ရာခိုင်နှုန်းရှိသဖြင့် ယောကျ်ားလေးဦးရေက ပိုမိုများပြားနေကြောင်း၊ မိသားစုစားဝတ်နေရေးခက်ခဲခြင်း၊ မိသားစုကြွေးမြီရှိနေခြင်း၊ ပညာရေးစိတ်ဝင်စားမှုနည်းခြင်း၊ ကျောင်းနေရန်ငွေကြေးမတတ်နိုင်ခြင်းနှင့် အခြားအကြောင်းအရာများကြောင့်ဖြစ်ကြောင်း သိရသည်။

"အမရပူရနဲ့ ပြည်ကြီးတံခွန်မှာ ကလေးလုပ်သားအများဆုံးဖြစ်သလို မိဘအုပ်ထိန်းသူတွေထက် ကလေးတွေကိုယ်တိုင် အလုပ်လုပ်ဖို့ ဆုံးဖြတ်တာက ရာနှုန်းပိုများတာတွေ့ရတယ်။ အများစုက အလယ်တန်းထိ ကျောင်းပညာသင်ကြားခဲ့ဖူးသူတွေပါ"ဟု ဆက်လက်ပြောကြားသည်။

ကလေးလုပ်သားတစ်ဦး၏ ပျမ်းမျှဝင်ငွေမှာ ကျပ် ၄၀၀၀ ရှိ၍ လုပ်ခလစာကိုအလုပ်ရှင်က မိဘအုပ်ထိန်းသူများထံ တိုက်ရိုက်ပေးအပ်ကြကြောင်း လုပ်ငန်းခွင်တွင် ၃လ(သို့)၆လစာချုပ်ချုပ်ဆိုခြင်းနှင့် အများစုမှာ နှုတ်ဂတိဖြင့် အလုပ်လုပ်ကြရကြောင်း သိရသည်။

ဥပဒေအရ အလုပ်လုပ်သောကလေးများသည် ဆရာဝန်၏ ဆေးလက်မှတ်ပါရှိရန်နှင့် အလုပ်ချိန်မှာ ညနေ ၆ နာရီမှ နံနက် ၆ နာရီအတွင်း ခွင့်ပြုခြင်းမရှိသော်လည်း ယင်းအချက်များနှင့် ကိုက်ညီမှုမရှိသည်ကို တွေ့ရကြောင်း၊ အလုပ်သမားများရပိုင်ခွင့် နားရက်နှင့် ခွင့်ရက်ရှည်မရခြင်း၊ ရှောင်တခင်ခွင့်မရရှိခြင်းတို့အပြင် ပိတ်ရက်မရှိ လုပ်ကိုင်နေရကြောင်း စစ်တမ်းများအရ သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## သံဖြူဇရပ် အထက-၁ ကျောင်းဆောင်သစ်ဖွင့်

**သံဖြူဇရပ် ဒီဇင်ဘာ ၁၈**

သံဖြူဇရပ်မြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၏ ကျောင်းဆောင်သစ်(စံပယ်ဆောင်) ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက အဆိုပါအဆောက်အအုံရှေ့၌ ကျင်းပရာ ပြည်နယ် ပညာရေးညွှန်ကြားရေးမှူး ဦးမျိုးတင့်အောင်၊ ကျောင်းအကျိုးတော်ဆောင် နာယကများဖြစ်ကြသည့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းထွဋ်၊ ပညာရေးဂုဏ်ထူးဆောင် ဆရာကြီးဦးဝမ်ထိန်နှင့် ဦးခင်မောင်ဦးတို့က ကျောင်းဆောင်သစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ စံပယ်ဆောင် ကျောင်းဆောင်သစ်သည် (၁၄၀×၃၀×၂၄)ပေရှိစာသင်ခန်း ရှစ်ခန်းပါ အာရ်စီနှစ်ထပ်အဆောက်အအုံဖြစ်ပြီး ၂၀၁၅-၂၀၁၆နှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပညာရေးဝန်ကြီးဌာနမှ ခွင့်ပြုရန်ပုံငွေကျပ် ၁၅၆ သန်းဖြင့် ဝင်းဝင်းကျော်ကုမ္ပဏီမှတာဝန်ယူဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ **ကျော်ဝင်း(ပြန်/ဆက်)**



## အကြိမ်(၇၀)မြောက် မွန်အမျိုးသားနေ့ ကျင်းပရေးညှိနှိုင်း

**ရန်ကုန် ဒီဇင်ဘာ ၁၈**

၁၃၇၈ ခုနှစ် တပို့တွဲလပြည့်ကျော် ၁ ရက်တွင် ကျရောက်မည့် အကြိမ် (၇၀) မြောက် မွန်အမျိုးသားနေ့ (ရန်ကုန်တိုင်းဒေသကြီး) ကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ရွှေတိဂုံစေတီတော် တောင်ဘက်မုခ် မွန်ပိဋကတ်တိုက်ခန်းမဆောင်၌ ကျင်းပရာ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ နိုင်ဖေတင်၊ အတွင်းရေးမှူး မင်းရာဇာရဲထွဋ်တို့ ပါဝင်သည့် အလုပ်အမှုဆောင် အဖွဲ့ဝင် ၂၆ ဦးနှင့် ဆပ်ကော်မတီ ၁၀ ခုဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

အကြိမ် (၇၀)မြောက် မွန်အမျိုးသားနေ့(ရန်ကုန်တိုင်းဒေသကြီး)ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှု အနှစ်သာရနှင့်အညီ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက် ညနေ ၅ နာရီတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ပြည်သူ့ဥယျာဉ်နှင့် ပြည်သူ့ရင်ပြင်၌ ဖွင့်ပွဲကျင်းပပြီး မွန်တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဆို၊အကတေးသရုပ်ဖော်တို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။ **(ကိုချစ်)**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror
၁၉၅၇ ခုနှစ် ဇူလိုင် ၁၈ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၀၁၂၈၊ ၀၆၇-၃၆၁၀၃၀၊ ဖက်စ် ၀၆၇-၃၆၁၀၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၃ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၇၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅ ဒီဝ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၇၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၃၃၅

○ ရှေ့ဖုံးမှ

အလုပ်အကိုင်ရှာဖွေရန် သွားလာနေကြသည့် ရွှေ့ပြောင်းအလုပ်သမားများ၏ အရေအတွက်သည် တစ်နေ့တခြားများပြားလာသည်ကို တွေ့မြင်ကြရမည်ဖြစ်ပါကြောင်း ဒုတိယသမ္မတက ပြောကြားခဲ့သည်။

၂၀၁၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာသူများနေ့ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန -၂ ၌ ကျင်းပရာ ဒုတိယသမ္မတက အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

ဒုတိယသမ္မတက လှေဖြင့်ပင်လယ်ပြင်ကို ဖြတ်သန်းသွားလာကြသူများသည် နိုင်ငံရေးခိုလှုံသူများ၊ ဒုက္ခသည်များမဟုတ်ဘဲ တရားမဝင်လူမှောင်ခိုကူးခံကြရသူများဖြစ်ကြပါကြောင်း၊ အဆိုပါ လူမှောင်ခိုကူးခံရသူများကို မြန်မာနိုင်ငံအနေဖြင့် အမိုးအကာ၊ စားနပ်ရိက္ခာနှင့် ကျန်းမာရေးစောင့်ရှောက်မှုအစရှိသည့် လူသားချင်းစာနာထောက်ထားသော ကူညီပံ့ပိုးမှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး မူရင်းနိုင်ငံများသို့ စနစ်တကျ ပြန်လည်ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း။

မြန်မာအလုပ်သမားများအနေဖြင့် ပြည်ပအလုပ်လုပ်ကိုင်ခြင်းမှ ရရှိလာသည့် ဝင်ငွေများကို ငွေလွှဲပို့ပေးနိုင်ခြင်းသည် တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုသကဲ့သို့ သွားရောက်အလုပ်လုပ်ကိုင်ကြသည့် နိုင်ငံအမျိုးအစားနှင့် လုပ်ငန်းအမျိုးအစားအလိုက် ရရှိခဲ့သည့် အတွေ့အကြုံ၊ ဗဟုသုတနှင့် အသိပညာ၊ အတတ်ပညာများကိုလည်း ပြည်တွင်း၌ စနစ်တကျ ပြန်လည်အသုံးချနိုင်ခြင်း၊ အလုပ်သမားများ၏ ကျွမ်းကျင်မှုကို မြှင့်တင်ပေးနိုင်ရန် သင်ကြားလေ့ကျင့်ပေးနိုင်ခြင်း၊ ပြည်တွင်း၌ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မှုများကြောင့် ဆင်းရဲမှုလျော့ကျနိုင်ခြင်းနှင့် နိုင်ငံသားများ၏ လူမှုစီးပွားဘဝမြင့်မားလာစေခြင်းစသည့် အကျိုးတရားများကို ရရှိစေနိုင်မည် ဖြစ်ပါကြောင်း ပြောကြားသည်။

ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးများကာကွယ်စောင့်ရှောက်ခြင်းနှင့် မြှင့်တင်ရေးဆိုင်ရာ အာဆီယံကြေညာစာတမ်းဖြစ်သည့် ASEAN Declaration on the Protection and Promotion of the Rights of Migrant Workers တွင် ပါရှိသည့် မူဝါဒများနှင့် အဆိုပြုချက်များ အကောင်အထည်ဖော်နိုင်ရန် အရှေ့တောင်အာရှနိုင်ငံများမှ အလုပ်သမား စေလွှတ်သည့်နိုင်ငံများနှင့် လက်ခံသည့်နိုင်ငံအစိုးရများ၊ အလုပ်သမားအဖွဲ့အစည်းများ၊ အလုပ်ရှင်အဖွဲ့အစည်းများနှင့် လူမှုရေးအဖွဲ့အစည်းများအနေဖြင့် ရွှေ့ပြောင်းအလုပ်သမားများ ရင်ဆိုင်နေရသည့် အခက်အခဲများကို ဖြေရှင်းပေးနိုင်မည့် အလေ့အထကောင်းများ၊ အတွေးအခေါ်များနှင့် နည်းလမ်းများကို ထိရောက်မှန်ကန်စွာ အသုံးချရန် လိုအပ်မည်ဖြစ်သည်။

လုံခြုံစိတ်ချစွာ ရွှေ့ပြောင်းသွားလာနိုင်ရန် နိုင်ငံတော်အစိုးရတစ်ခုတည်းသာမက လူတစ်ဦးချင်းစီ၏ ဗဟုသုတများတိုးပွားသိရှိစေရေးနှင့် လူမှုအဖွဲ့အစည်းများ၏ ဝိုင်းဝန်းကူညီစောင့်ရှောက်မှုများ လိုအပ်သည်။

ရွှေ့ပြောင်းအလုပ်သမားများ၏ ရဲရင့်မှု၊ ဖွဲလုံ့လနှင့် ကောင်းမွန်သည့် စိတ်ကူးအိပ်မက်များကို နွေးထွေးစွာကြိုဆိုပြီး ကွယ်ဝချမ်းသာသော လူ့အဖွဲ့အစည်း ပေါ်ထွန်းလာရေးနှင့် ရွှေ့ပြောင်းသွားလာလုပ်ကိုင်သူများကိုလည်း သက်ဆိုင်ရာနိုင်ငံများအတွက် အကျိုးတရားများပိုမိုလုပ်ဆောင်နိုင်စေရေး ရွှေ့ပြောင်းအလုပ်သမားများကို ဝိုင်းဝန်းအားပေး ကူညီသွားကြရန် ဒုတိယသမ္မတက တိုက်တွန်းပြောကြားခဲ့သည်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ရွှေ့ပြောင်းအလုပ်သမားများနှင့် စပ်လျဉ်းသည့် ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း၏ Chief of Mission ၊ Mr. Kieran Gorman-Best က ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံမှပေးပို့သည့် သဝဏ်လွှာနှင့် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း ညွှန်ကြားရေးမှူးချုပ်က ပေးပို့သည့် သဝဏ်လွှာများကို ဖတ်ကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက မလေးရှားနိုင်ငံရှိ ထိန်းသိမ်းရေးစခန်း ၁၁ ခုတွင် ဖမ်းဆီးထိန်းသိမ်းခံရသည့် မြန်မာနိုင်ငံသားများအနက် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (Certificate of Identification- C of I ) ဖြင့် နေရပ်သို့ အခမဲ့ပြန်လည်ပို့ဆောင်မှုလုပ်ငန်းများအောင်မြင်ရန် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသည့် အလှူရှင်များနှင့် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် အဖွဲ့အစည်းများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ယင်းနောက် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ၂၀၁၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာသူများနေ့ အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသည့် ပြခန်းများအား လှည့်လည်ကြည့်ရှုသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ ဒေါက်တာမြင့်ထွေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ပြည်တွင်းပြည်ပသတင်းမီဒီယာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

၂၀၁၆ ခုနှစ် အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းသွားလာသူများနေ့ အထိမ်းအမှတ် အခမ်းအနားကို ပြည်ပနိုင်ငံအသီးသီး၌ ရောက်ရှိလုပ်ကိုင်နေကြသည့် မြန်မာအလုပ်သမားများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်မှုများနှင့် စပ်လျဉ်း၍ နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းဆောင်ရွက်ချက်များကို ရွှေ့ပြောင်းအလုပ်သမားများနှင့် နိုင်ငံတကာမှသိရှိစေရန်၊ ရွှေ့ပြောင်းသွားလာသူများ၏ အခွင့်အရေးများကို အကာအကွယ်ပေးရန်နှင့် ကောင်းမွန်သည့် အကျိုးသက်ရောက်မှုများကို မြှင့်တင်ဆောင်ရွက်လာစေရန်၊ မြန်မာနိုင်ငံနှင့် ဒေသတွင်း ရွှေ့ပြောင်းသွားလာသူများကို အသိပညာပေးခြင်းဖြင့် ကူညီစောင့်ရှောက်ပေးမှုများကို မြှင့်တင်ရန်နှင့် ရွှေ့ပြောင်းသွားလာလုပ်ကိုင်သူများနှင့် မိသားစုဝင်များ၏ လူမှုစီးပွားဘဝများကို မြှင့်တင်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံသည် International Organization for Migration (IOM) အဖွဲ့သို့ ၂၀၁၂ ခုနှစ်တွင် ကျင်းပသည့် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့ညီလာခံ၌ ၁၄၇ နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ပြီး နှစ်စဉ်အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းသွားလာသူများနေ့ အထိမ်းအမှတ်အခမ်းအနားများ ကျင်းပခဲ့ရာ ယခုဆိုလျှင် ပဉ္စမအကြိမ်တိုင်ခဲ့ပြီဖြစ်သည်။

**(သတင်းစဉ်)**

## မြန်မာနိုင်ငံဆိုင်ရာ ယူကရိန်းနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူ

**နေပြည်တော် ဒီဇင်ဘာ ၁၉**

Mr. Andrii Beshta အား ဗန်ကောက်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ယူကရိန်းနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီး ဖြစ်သည်။

Mr. Andrii Beshta အား ၁၉၇၆ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်တွင် ယူကရိန်းနိုင်ငံ Rozhyshche မြို့၌ မွေးဖွားခဲ့ပြီး ၁၉၉၈ ခုနှစ်တွင် လဗ်ဗီးမြို့ရှိ Ivan Franko အမျိုးသားတက္ကသိုလ်မှ နိုင်ငံတကာဆက်ဆံရေးဘာသာရပ်ဖြင့် ဘွဲ့ရရှိခဲ့သည်။ ၎င်းသည် ၁၉၉၈ ခုနှစ်တွင် ယူကရိန်းနိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ခဲ့ပြီး ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ယူကရိန်းနိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများဦးစီးဌာန၌ ခေတ္တညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှစတင်၍ ထိုင်းနိုင်ငံဆိုင်ရာ ယူကရိန်းသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ ၎င်းသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သားနှစ်ယောက်၊ သမီးတစ်ယောက်ရှိသည်။

## ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ရတနာနှင်းဆီအဆင့်မြင့်အိမ်ရာစီမံကိန်း စစ်ဆေး CHDB ဘဏ် နှစ်ပတ်လည်အခမ်းအနားသို့ တက်ရောက်

**ရန်ကုန် ဒီဇင်ဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ် ဧရာဝတီဘဏ် ရတနာအထပ်မြင့် အိမ်ရာစီမံကိန်းမှ ပထမအဆင့် တည်ဆောက်ပြီးစီးသည့် ရတနာနှင်းဆီအဆင့်မြင့်အိမ်ရာခြောက်လုံးအား ပြည်သူများနေထိုင်နိုင်ရန် မကြာမီဖွင့်လှစ်မည်ဖြစ်၍ ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် ယမန်နေ့ မွန်းလွဲပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အိမ်ရာစီမံကိန်းရှိ Show Gallery တွင် ပြသထားသည့် ရန်ကုန်မြို့ပြပုံစံငယ် ဒဂုံဆိပ်ကမ်းမြို့နယ် အိမ်ရာစီမံကိန်းများ ဆောင်ရွက်ထားရှိမှုနှင့် အိမ်ခန်းဖွဲ့စည်းထားရှိမှု ပုံစံငယ်တို့ကိုလည်းကောင်း၊ အိမ်ရာစီမံကိန်းဝင်းအတွင်း ကလေးကစားကွင်း၊ အပန်းဖြေနေရာနှင့် Landscape တည်ဆောက်မှု၊ ပြီးစီးမှုအခြေအနေကိုလည်းကောင်း၊ ဖွင့်ပွဲအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုနှင့် ပြည်သူများအတွက် ရောင်းချပေးမည့် အိမ်ခန်းဖွဲ့စည်းထားရှိမှုတို့ကို လည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ်၌ ကျင်းပသည့် ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ် (အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်) တတိယအကြိမ်နှစ်ပတ်လည်အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်နာယကပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က မိမိတို့နိုင်ငံကို နိုင်ငံတကာအဆင့်မီ ခေတ်မီသာယာလှပသည့် မြို့ပြနှင့် အိမ်ရာကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာစေခြင်းဖြင့် လူမှုစီးပွားဘဝ အဆင်ပြေချောမွေ့စေရေးနှင့် နိုင်ငံသားများ၏ နေထိုင်မှုအဆင့်အတန်း မြင့်မားလာစေရေး အနာဂတ်မျှော်မှန်းချက်များဖြင့် ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်ကို ဖွဲ့စည်းတည်ထောင်ခဲ့ခြင်း ဖြစ်ပါကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာနသည် အိမ်ရာဖွံ့ဖြိုးရေးအတွက် ဦးတည်ချက်(၄)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိပြီး တန်ဖိုးနည်းအိမ်ရာများကို ရန်ကုန်တိုင်းဒေသကြီးတွင်သာမက အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်ပါ တည်ဆောက်လျက်ရှိပါကြောင်း၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ဝင်ငွေနည်းသူပြည်သူများအတွက် တန်ဖိုးနည်း၊ တန်ဖိုးမျှတအိမ်ရာများကို ဆောက်လုပ်ပေးလျက်ရှိပါကြောင်း၊ အစိုးရ၏ ပထမရက် (၁၀၀) အတွင်း ပေါ်ထွန်းလာသည့် တိုက်ခန်းပေါင်း ၂၂၀၀ ကျော်ကို ရောင်းချရန် စီစဉ်ဆောင်ရွက်ပြီး ဝင်ငွေနည်းပြည်သူများ ဝယ်ယူနိုင်ရန် ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်တွင် ငွေစုစာရင်းဖွင့်ကာ (၁၀)နှစ် အရစ်ကျဖြင့် ပေးသွင်းသည့်စနစ် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ နောင်နှစ်နှစ်အတွင်း အိမ်ခန်း ၈၀၀၀ ၊ ငါးနှစ်အတွင်း အိမ်ခန်းနှစ်သိန်းနှင့် ၂၀၃၀ ပြည့်နှစ်တွင် အိမ်ခန်းတစ်သန်း ဖော်ထုတ်ပေးနိုင်ရန်လည်း ရည်ရွယ်ဆောင်ရွက်နေပါကြောင်း၊ အိမ်ခန်းတန်ဖိုးများကိုလည်း သိန်း(၁၀၀) ခန့်ဖြစ်စေရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ရန်ကုန်မြို့ကြီးသည် ၂၀၄၀ ပြည့်နှစ်တွင် လူဦးရေ ၁၂ သန်းခန့် ရှိလာနိုင်သည်ဟု ခန့်မှန်းထားသောကြောင့် မြို့သစ်များ တိုးချဲ့ရန်လိုအပ်လာမည်ဖြစ်ပါကြောင်း၊ ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်သည် ပြည်သူများ လိုအပ်နေသည့်အိမ်ရာများ ဝယ်ယူနိုင်ရေးအတွက် နှစ်ရှည်အတိုးနည်းနည်းဖြင့် ချေးပေးနိုင်ရေးအတွက် အထောက်အကူပြု ဆောင်ရွက်ပေးသွားရန် လိုအပ်ပါကြောင်း၊ ဘဏ်အနေဖြင့် ငွေကြေးပံ့ပိုးမှု Financing ကို ဆောင်ရွက်ရန် လိုအပ်ငွေကို ပြည်တွင်းပြည်ပမှ ရှာဖွေရန်လိုပါကြောင်း၊ ပြည်တွင်းတွင်သာမက ပြည်ပအဖွဲ့အစည်းများမှ ချေးငွေကူညီမှုများ အထိုက်အလျောက် ရရှိနေပါကြောင်း၊ အစုရှယ်ယာရှင်များ၊ B.O.D အဖွဲ့ဝင်များ၊ ဘဏ်ဝန်ထမ်းများကပါ တက်ညီလက်ညီဖြင့် ဘဏ်အောင်မြင်ရေးကို တစ်ဦးနှင့်တစ်ဦး ယုံကြည်မှု တည်ဆောက်ပြီး စိတ်တူကိုယ်တူ ညီညီညွတ်ညွတ်ဆောင်ရွက်ဖို့ လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ ဦးမင်းထိန်က ဘဏ်၏လုပ်ငန်းစဉ်များ၊ ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့် ဆက်လက်ဆောင်ရွက်မည့် ဘဏ်လုပ်ငန်းစဉ်များနှင့် ပတ်သက်၍လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ ဦးသာဌေးက ဘဏ်၏လုပ်ငန်းပိုင်းဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အစီအစဉ် ဒုတိယပိုင်းကိုကျင်းပရာ CHDB ဘဏ်၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးဝင်းဇော်က ဒါရိုက်တာအဖွဲ့အစီရင်ခံစာ၊ နှစ်ချုပ်စာရင်းများနှင့် ပတ်သက်၍ လည်းကောင်း၊ စာရင်းစစ် ဦးဝင်းသင်နှင့်အဖွဲ့က စာရင်းစစ်အစီရင်ခံစာကိုလည်းကောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ဒါရိုက်တာအဖွဲ့ဝင်သုံးပုံတစ်ပုံမှ နုတ်ထွက်ခြင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် လစ်လပ်သည့်နေရာတွင် ဒါရိုက်တာများအား မဲပေးရွေးချယ်ခြင်း၊ ပြင်ပစာရင်းစစ် ရွေးချယ်ခန့်ထားခြင်းနှင့် ဒါရိုက်တာအဖွဲ့ဝင် အမည်စာရင်း ကြေညာခြင်းတို့ကို ဆောင်ရွက်ပြီး ဘဏ်ဥက္ကဋ္ဌက နိဂုံးချုပ်စကား ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ တာဝန်ရှိသူများ၊ နိုင်ငံပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်များမှ ဥက္ကဋ္ဌများ၊ အုပ်ချုပ်မှုဒါရိုက်တာများ၊ ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ် ဒါရိုက်တာအဖွဲ့ဝင်များ၊ အစုရှယ်ယာရှင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# ဗင်နီဇွဲလား၌ ငွေစက္ကူ ဖျက်သိမ်းမှုအစီအစဉ်ကို ဆိုင်းငံ့ထားမည်ဟု သမ္မတ ထုတ်ပြန်ကြေညာ

**ကာရာကတ် ဒီဇင်ဘာ ၁၈**

ဗင်နီဇွဲလားနိုင်ငံ၏ လှည့်ပတ်သုံးစွဲငွေစနစ်မှ တန်ဖိုးအကြီးဆုံး ငွေစက္ကူအား ဖျက်သိမ်းသည့်အစီအစဉ်ကို သမ္မတ နီကိုလပ် မာဒူရိုက ဆိုင်းငံ့ထားလိုက်ကြောင်း၊ တန်ဖိုးကြီးငွေစက္ကူ ရုပ်သိမ်းသည့်အစီအစဉ်ကြောင့် နိုင်ငံတစ်ဝန်း မငြိမ်မသက်မှုများ ဖြစ်ပေါ်ခဲ့ရသဖြင့် ယင်းသို့ ဆိုင်းငံ့လိုက်ရခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဒီဇင်ဘာ ၁၈ ရက်တွင် သတင်းထုတ်ပြန်သည်။

ဗင်နီဇွဲလားနိုင်ငံ၌ အစိုးရ၏ အမိန့်ဖြင့် ဘိုလီဗာ ၁၀၀ တန်ဖိုးရှိ ငွေစက္ကူများကို လှည့်ပတ်သုံးစွဲငွေစနစ်မှ ရုတ်ခြည်းရုပ်သိမ်းလိုက်ရာ ဖျက်သိမ်းခံရသော ငွေစက္ကူဟောင်းများကို ပြန်လည်လဲလှယ်လိုသော ပြည်သူများက ဘဏ်များတွင် အချိန်ကြာမြင့်အောင် တန်းစီစောင့်ဆိုင်းခဲ့ကြရခြင်း၊ ဈေးဆိုင်အများအပြား၌ လုယက်မှုများဖြစ်ပွားခြင်း၊ အစိုးရဆန့်ကျင်ရေး ဆန္ဒပြပွဲများ ပေါ်ပေါက်ခြင်းစသည့် ဂယက်ရိုက်ခတ်မှုများ ဖြစ်ပေါ်ခဲ့ရသည်။

၅၀၀ တန်၊ ၂၀၀၀ တန်နှင့် ၂၀၀၀၀ တန် ဘိုလီဗာ ငွေစက္ကူသစ်များ သယ်ဆောင်လာမည့် လေယာဉ်သုံးစင်းဆိုက်ရောက်မှု နှောင့်နှေးကြန့်ကြာခဲ့ရခြင်းသည် ပြည်ပမှ အဖျက်အမှောင့်ပြုလုပ်သူများကြောင့် ဖြစ်ရကြောင်း သမ္မတ မာဒူရိုက ထုတ်ပြန်ကြေညာခဲ့သည်။

ဗင်နီဇွဲလားနိုင်ငံ၌ ဘိုလီဗာ ၁၀၀ တန် ငွေစက္ကူများ သုံးစွဲမှုကို ဒီဇင်ဘာ ၁၅ ရက်မှစ၍ တရားဝင်ရပ်ဆိုင်းခဲ့သည်။ ဘိုလီဗာ ၁၀၀ တန် ငွေစက္ကူတစ်ရွက်၏ တန်ဖိုးမှာ မှောင်ခိုငွေကြေးဈေးကွက်တွင် အမေရိကန် ဒေါ်လာ(၄)ဆင့်မျှသာ တန်ဖိုးရှိသည်။

ဇန်နဝါရီ ၂ ရက်အထိ ဘိုလီဗာ ၁၀၀ တန် ငွေစက္ကူအား လှည့်ပတ်သုံးစွဲငွေအဖြစ် ဆက်လက်သုံးစွဲရန် ခွင့်ပြုပေးလိုက်ကြောင်း သမ္မတ မာဒူရိုက ထုတ်ပြန်ကြေညာသည်။



စီးပွားရေး အကျပ်ဆိုက်နေသော ဗင်နီဇွဲလားနိုင်ငံ၌ တန်ဖိုးကြီး ငွေစက္ကူ ရုတ်ခြည်းဖျက်သိမ်းခံရမှုကြောင့် ပြည်သူတို့မှာ စားနပ်ရိက္ခာနှင့် စက်သုံးဆီစသည့် လူသုံးကုန်များ ဝယ်ယူရန်နှင့် ခရစ်စမတ်ပွဲတော်အတွက် ပြင်ဆင်ရန် ဒုက္ခလှလှ တွေ့ကြုံခဲ့ရသည်ဆို၏။ **ရိုက်တာ။**




# နျူကလီးယားဆိုင်ရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရန် အီရန်ကတိပြု

**တီဟီရန် ဒီဇင်ဘာ ၁၈**

အီရန်နိုင်ငံအနေဖြင့် နျူကလီးယားဆိုင်ရာ ကိစ္စရပ်များတွင် ကမ္ဘာ့အင်အားကြီး နိုင်ငံများနှင့် လက်တွဲဆောင်ရွက်သွားရန် ကတိကဝတ်ပြုခဲ့သည်ဟု ကုလသမဂ္ဂ နျူကလီးယားစွမ်းအင် အေဂျင်စီအကြီးအကဲက ဒီဇင်ဘာ ၁၈ ရက်တွင် ပြောကြားခဲ့သည်။ အိမ်ဖြူတော်၏ထုတ်ပြန်ချက်တွင် အီရန်နိုင်ငံအား ၁၀ နှစ်တာ အရေးယူမည့် အမေရိကန်၏ ဥပဒေကြမ်းသည် သမ္မတအိုဘားမား၏ လက်မှတ်မပါသော်လည်း ဥပဒေတစ်ရပ်အသွင် ပြောင်းလာမည်ဖြစ်သည်ဟု ပါရှိသည်။

မိမိတို့အနေဖြင့် နျူကလီးယားဆိုင်ရာ သဘောတူညီချက်များအပေါ် အကောင်အထည်ဖော်ဆောင်နေခြင်းကို ကြိုဆိုပါကြောင်းနှင့် ဆက်လက်လုပ်ဆောင်သွားနိုင်ရန် မျှော်လင့်လျက်ရှိကြောင်း ကုလသမဂ္ဂနျူကလီးယားစွမ်းအင် အေဂျင်စီအကြီးအကဲ ယူကီရာအမာနိုက ပြောကြားသည်။

၂၀၁၅ ခုနှစ်တွင် ရရှိခဲ့သော သဘာတူညီချက်အရ စီးပွားရေးပိတ်ဆို့မှုများ ဖြေလျှော့ပေးခဲ့သဖြင့် အီရန်နိုင်ငံကလည်း နျူကလီးယားထုတ်လုပ်မှုကို လျှော့ချခဲ့သည်။ သို့သော်လည်း အမေရိကန်က အရေးယူပိတ်ဆို့မှုများထပ်မံသက်တမ်းတိုး လုပ်ဆောင်ခဲ့သဖြင့် အီရန်နိုင်ငံက နျူကလီးယားစွမ်းအင်သုံး သင်္ဘောများထုတ်လုပ်ရန် သိပ္ပံပညာရှင်များအား လွန်ခဲ့သော ရက်သတ္တပတ်က တိုက်တွန်းပြောကြားခဲ့သည်။

အီရန်အနေဖြင့် နျူကလီးယားသဘောတူညီချက်နှင့်အညီ ၎င်း၏အကောင်အထည်ဖော်ဆောင်ရွက်မှုများကို ခြုံငုံသုံးသပ်ရန် သဘောတူညီချက်တွင် ပါဝင်လက်မှတ်ထိုးခဲ့သည့်နိုင်ငံများမှ ကိုယ်စားလှယ်များပါဝင်သော ကော်မရှင်အဖွဲ့တစ်ဖွဲ့နှင့် တွေ့ဆုံဆွေးနွေးရန် ဒီဇင်ဘာ ၁၇ ရက်က တောင်းဆိုခဲ့ကြောင်း သိရသည်။ **ရိုက်တာ။**

# ယီမင်နိုင်ငံ၌ အသေခံ ဗုံးခွဲတိုက်ခိုက် တပ်ဖွဲ့ဝင် ၄၀ ထက်မနည်း သေဆုံး

**အေဒင် ဒီဇင်ဘာ ၁၈**

ယီမင်နိုင်ငံ အေဒင်မြို့၌ အသေခံဗုံးခွဲတိုက်ခိုက်သူတစ်ဦး၏ လက်ချက်ကြောင့် စစ်ဘက်ဆိုင်ရာ တပ်ဖွဲ့ဝင် ၄၀ ထက်မနည်း သေဆုံးရကြောင်း၊ စစ်ဒဏ်ခံစားနေရသည့် ယီမင်နိုင်ငံ၏ ဒုတိယ အကြီးမားဆုံးမြို့တွင် တပ်ဖွဲ့ဝင်များကို ပစ်မှတ်ထားသည့် နောက်ဆုံးတိုက်ခိုက်မှုတစ်ခုဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဒီဇင်ဘာ ၁၈ ရက်တွင် သတင်းထုတ်ပြန်သည်။

အေဒင်မြို့ အရှေ့မြောက်ပိုင်းရှိ စစ်စခန်းတစ်ခုအနီး၌ ဒီဇင်ဘာ ၁၈ ရက် နံနက်ပိုင်းက လစာထုတ်ယူရန် စုဝေးရောက်ရှိနေကြသော တပ်ဖွဲ့ဝင်များကို ပစ်မှတ်ထား၍ တိုက်ခိုက်မှု ပြုလုပ်ခဲ့ရာတွင် လူ ၅၀ ခန့် ထိခိုက်ဒဏ်ရာရရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အထူးလုံခြုံရေးတပ်ဖွဲ့၏ အကြီးအကဲ ဗိုလ်မှူးကြီး နက်ဆာ ဆာရီး၏ နေအိမ်အပြင်ဘက်၌ လစာထုတ်ယူရန် စုဝေးရောက်ရှိနေသော တပ်ဖွဲ့ဝင်များရှိနေသည့် လူအုပ်အတွင်းသို့ အသေခံဗုံးခွဲသူက ဝင်ရောက်လာပြီး ဗုံးခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ **ရိုက်တာ။**



# မောင်းသူမဲ့လေယာဉ် ကျွမ်းကျင်သူလုပ်ကြံခံရမှု ဟားမားစ်အဖွဲ့က အစ္စရေးကို ပြစ်တင်ရှုတ်ချ

ဂါဇာ ဒီဇင်ဘာ ၁၈

မောင်းသူမဲ့လေယာဉ် နည်းပညာကျွမ်းကျင်သူ တစ်ဦးဖြစ်သူ တူနီးရှားနိုင်ငံသားတစ်ဦး လုပ်ကြံသတ်ဖြတ်ခံရခြင်းအတွက် ဂါဇာရှိ ပါလက်စတိုင်း ဟားမားစ်အဖွဲ့က အစ္စရေးနိုင်ငံကို ပြစ်တင်ရှုတ်ချလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဒီဇင်ဘာ ၁၈ ရက်တွင် သတင်းထုတ်ပြန်သည်။

တူနီးရှားနိုင်ငံ အက်စ်ဖက်မြို့အနီး၌ ဒီဇင်ဘာ ၁၅ ရက်က သေနတ်ဖြင့် ပစ်သတ်ခံခဲ့ရသူ မိုဟာမက် ဇာဝါရီသည် ဟားမားစ်အဖွဲ့တွင် ၁၀ နှစ်ကြာမျှ အဖွဲ့ဝင်တစ်ဦးအဖြစ် ပါဝင်ခဲ့သူဖြစ်ပြီး မောင်းသူမဲ့လေယာဉ် စီမံကိန်းကို ကြီးကြပ်ဆောင်ရွက်နေသူဖြစ်ကြောင်း ဟားမားစ်အဖွဲ့၏ စစ်ရေးအဖွဲ့ခွဲဖြစ်သော ကွာဆမ်တပ်မဟာက ပြောကြားသည်။ ဟားမားစ်အဖွဲ့သည် ဂါဇာကမ်းမြောင်ဒေသကို အုပ်ချုပ်နေသော အဖွဲ့အစည်းဖြစ်သည်။

ဟားမားစ်အဖွဲ့သည် ဇာဝါရီ လုပ်ကြံခံရမှုအတွက် ပြန်လည်လက်စားချေမည်ဟု ဆိုသည်။ သို့ရာတွင် ဇာဝါရီ သတ်ဖြတ်ခံရမှုအတွက် အစ္စရေးတွင် တာဝန်ရှိသည်ဆိုသော စွပ်စွဲချက်နှင့် ပတ်သက်၍ အထောက်အထားတစ်စုံတစ်ရာမျှ ပြသမှုမရှိပေ။

ဇာဝါရီ လုပ်ကြံခံရမှုနှင့် ပတ်သက်၍ ရိုက်တာသတင်းဌာန၏ မေးမြန်းချက်ကို အစ္စရေး ဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟု၏ ပြောရေးဆိုခွင့်ရှိသူက ဝေဖန်ပြောကြားခြင်းမရှိပေ။

ဇာဝါရီသည် အင်ဂျင်နီယာလည်းဖြစ်၊ လေယာဉ်မှူးလည်းဖြစ်ပြီး အက်စ်ဖက်မြို့အနီး အယ်လ်အိန်းအရပ်ရှိ ၎င်း၏နေအိမ်ရှေ့တွင် မော်တော်ကားတစ်စီးပေါ်ရှိနေစဉ် သေနတ်ဖြင့် အချက်ပေါင်းများစွာ ပစ်ခတ်ခံခဲ့ရပြီး သေဆုံးခဲ့ရကြောင်း တူနီးရှား ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။

ရိုက်တာ။

# နိုင်ငံတကာမြင်ကွင်း

**ရဲရင့်လင်းလက်**



နိုဝင်ဘာ ၈ ရက် အမေရိကန်သမ္မတရွေးကောက်ပွဲရလဒ် ထွက်ပေါ်လာတဲ့အခါ Now Yorker မဂ္ဂဇင်းအယ်ဒီတာ ဒေးဗစ်ရမ်းနစ်(ခ) (David Remnick)က ပြင်းထန်တယ်လို့ ပြောနိုင်ပေမယ့် ပြောင်မြောက်တဲ့မှတ်ချက်ကိုပေးခဲ့ပါတယ်။ “ဒေါ်နယ်ထရန့်ရဲ့ အောင်ပွဲဟာ အမေရိကန်နိုင်ငံအတွက် ကံဆိုးမိုးမှောင်ကျတာဖြစ်သလို လစ်ဘရယ်ဒီမိုကရေစီသမိုင်းမှာ ကြေကွဲစရာဖြစ်ရပ်ပါ” လို့ ဒေးဗစ်ရမ်းနစ်(ခ)က မှတ်ချက်ပေးခဲ့တာပါ။ ဘီဘီစီ Newsnight အယ်ဒီတာ အီရန်ကက်(ဇ)(Ian Katz)က ဒေးဗစ်ရမ်းနစ်(ခ)နဲ့ တွေ့ဆုံပြီး သတင်းမီဒီယာတွေက အမေရိကန်ရွေးကောက်ပွဲကို ဘာကြောင့်တလွဲတချော်သုံးသပ်ခဲ့ပုံ၊ ထရန့်အောင်ပွဲဆင်နိုင်အောင် တွန်းပို့လိုက်တဲ့အင်အားစုတွေနဲ့ အနာဂတ်အလားအလာတွေကို မေးမြန်းခဲ့ပါတယ်။ ဒီအင်တာဗျူးထဲက အလျဉ်းသင့်သလို ကောက်နုတ်တင်ပြလိုပါတယ်။

အီရန်ကက်(ဇ)က အဖွင့်မေးခွန်းမှာ သတင်းမီဒီယာလောကတစ်ခုလုံးလိုလို ဘာလို့ အခုလိုလွဲချော်ခဲ့ရတာလဲလို့ စမေးပါတယ်။ ဒေးဗစ်ရမ်းနစ်(ခ)ကတော့ ဒေါ်နယ်ထရန့်ရဲ့ မဲဆွယ်လှုပ်ရှားသူကိုယ်တိုင် သူတို့ရှုံးနိမ့်နိုင်တယ်လို့ ခန့်မှန်းထားတာကို ထောက်ပြပြီး အားလုံးက ဟီလာရီကလင်တန်အောင်ပွဲခံဖို့ မှန်းဆထားတာကို ပြန်အစကောက်ပြောပါတယ်။ အီရန်ကက်(ဇ)က မဲဆန္ဒရှင်ပြည်သူတွေရဲ့ အမျက်ဒေါသလှိုင်းလုံးကြီးများရှိနေသလားလို့ ပြန်ထောက်ပါတယ်။ ဒေးဗစ်ရမ်းနစ်(ခ)က “မဲဆန္ဒရှင်ပြည်သူတွေရဲ့ အမျက်ဒေါသလှိုင်းလုံးကြီးရှိနေတာ အတော်ကြာပြီလို့ ကျွန်တော်ထင်ပါတယ်။ ဒါဟာ ဂလိုဘယ်လိုက်ဇေးရှင်းနဲ့ အမေရိကန်နိုင်ငံမှာ စက်မှုလုပ်ငန်းတွေ ဆုတ်ယုတ်လာတာရဲ့ ရလဒ်ပါ။ ဒီဖြစ်စဉ်ကို ကျွန်တော်တို့ အမေရိကန်နိုင်ငံမှာပဲ တွေ့ရတာမဟုတ်ပါဘူး။ ဥရောပမှာလည်း တွေ့ရတာပါ။ ဗြိတိန်မှာ ဒီဖြစ်စဉ်ရှိနေတာကတော့ ရှင်းစရာကို မလိုတော့ပါဘူး။ ဒေါ်နယ်ထရန့်ဟာ မဲဆန္ဒရှင်ပြည်သူတွေရဲ့ ဒေါသကိုကြွလာအောင်လှုံ့ဆော်တဲ့နေရာမှာ သူမတူတဲ့ နိုင်ငံရေးသမားလို့ ပြောရမှာပါ။ သူဟာ ထုံးတမ်းစဉ်လာစည်းကမ်းဆိုတာအားလုံးကို ချိုးဖောက်ခဲ့တာပါ။ ဒေါ်နယ်ထရန့်ဟာ ပုံမှန်သမားရိုးကျ ကွန်ဆာဗေးတစ်ရီပတ်ဘလီကန်မျိုးမဟုတ်ပါဘူး။ သူက ဘယ်လိုကိစ္စမျိုးမဆို ရီပတ်ဘလီကန်ပါတီစည်းဝိုင်းအပြင်ဘက်ထွက်ပြောဖို့ နောက်မတွန့်တဲ့သူမျိုးပါ”ဆိုပြီး ပြန်ရှင်းခဲ့ပါတယ်။

အီရန်ကက်(ဇ)က ဒေးဗစ်ရမ်းနစ်(ခ)ကို ခင်ဗျားပြောပုံက တိုင်းပြည်မှာ ပုံမှန်မဟုတ်တဲ့ အစွန်းရောက်ကိစ္စဆိုတာ မရှိဘူးဆိုတဲ့ပုံစံမျိုး ပေါက်နေတယ်လို့ပြန်ထောက်ပါတယ်။ ဒေးဗစ်ရမ်းနစ်(ခ)က “ဒေါ်နယ်ထရန့်က အင်မတန်ထက်မြက်ပါတယ်။ ဖျက်လိုဖျက်ဆီးစိတ်တော့ ရှိပုံရပါတယ်။ ပြောရရင်လူထုရဲ့စိတ်ခံစားချက်ကိုလှုံ့ဆော်ရာမှာ လက်ဖျားခါလောက်တဲ့ နိုင်ငံရေးသမားမျိုးပါ။ အမေရိကန်တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ဒီလိုနိုင်ငံရေးသမားမျိုး မတွေ့ခဲ့ဖူးပါဘူး” လို့ ပြန်ဖြေခဲ့ပါတယ်။ ဒီလိုပြန်ဖြေခဲ့တဲ့အတွက် သူဟာ ဒေါ်နယ်ထရန့်ကို မျက်စိမှိတ်ထောက်ခံမယ်လို့ယူဆခဲ့ရင် မှန်မှာမဟုတ်တဲ့အကြောင်းကို ဒေးဗစ်ရမ်းနစ်(ခ)က ဆက်ရှင်းခဲ့ပါတယ်။

အီရန်ကက်(ဇ)က ဒေးဗစ်ရမ်းနစ်(ခ) ကို “ခင်ဗျားပြောတော့ ဈေးကွက်တွေဖရိုဖရဲဖြစ်မယ်ဆို၊ အခုထိမတွေ့ရသေးပါလား” လို့ မေးတော့ ဒေးဗစ်ရမ်းနစ်(ခ)က “ဈေးကွက်က ကျွမ်းထိုးမှောက်ခုံဖြစ်ပြီးမှ ပြောင်းပြန်ပြန်ဖြစ်သွားတာပါ။ ကျွန်တော့်ထင်မြင်ချက်တွေ လုံးဝမှားသွားတာမျိုးပဲဖြစ်ပါစေလို့ ဆုတောင်းမိပါတယ်။ ဒါပေမယ့် ဘာတွေဖြစ်သွားပြီလဲဆိုတာကို အခုကျွန်တော်တို့ကြည့်ရအောင်ပါ။ အမျိုးသားလုံခြုံရေးအရကြည့်ရင် ဒီတိုင်းပြည်မှာ အရေးအကြီးဆုံးတာဝန်က အမျိုးသားလုံခြုံရေးအကြံပေးအရာရှိပါ။ အခုဗိုလ်ချုပ်ကြီးမိုင်ကယ်ဖလင်း(Michael Flynn)ကို အဲဒီတာဝန်အတွက် ခန့်ထားတယ်။ ဗိုလ်ချုပ်ကြီးမိုင်ကယ်ဖလင်းရဲ့ ပင်ကိုစိတ်နေစိတ်ထားစရိုက်ကိုပဲကြည့်ကြည့်၊ အတွေ့အကြုံကိုပဲကြည့်ကြည့် ဘယ်လိုစံပေတံနဲ့တိုင်းတိုင်း ထိပ်တန်းအဆင့်တော့ မဟုတ်ပါဘူး။ ပုံမှန်စီးပွားရေးအကျိုးစီးပွားဆန့်ကျင်မှုတွေက သူနဲ့မဆိုင်သလိုတွေးနေတဲ့သမ္မတကို ကျွန်တော်တို့ ရထားတာပါ။ သမ္မတရဲ့သားသမီးတွေက အင်မတန်ကြီးမားတဲ့ စီးပွားရေးလုပ်ငန်းကြီးတွေကို လည်ပတ်လုပ်ကိုင်ကြတော့မှာပါ။ တစ်ဖက်မှာလည်း ဒီသားသမီးတွေက အိမ်ဖြူတော်ရဲ့ဆုံးဖြတ်ချက်တွေချမှတ်တဲ့နေရာမှာလည်း ဝင်ပါကြဦးမှာပါ။ ဒေါ်နယ်ထရန့်ရဲ့ စီးပွားရေးလုပ်ငန်းတွေဟာ ကမ္ဘာတစ်လွှားမှာရှိနေတာပါ။နောက်ပြီး ဒီစီးပွားရေးလုပ်ငန်းတွေဟာလည်း သက်ဆိုင်ရာနိုင်ငံ့ခေါင်းဆောင်တွေရဲ့မျက်နှာသာပေးမှုအပေါ် မူတည်နေတာပါ။ ဒေါ်နယ်ထရန့်က ဒီကိစ္စကို ခေါင်းထဲတောင်ထည့်ထားတာ မဟုတ်ပါဘူး။ သူ့ရဲ့ပိုင်ဆိုင်မှုတွေထုတ်ရောင်းလိုက်ရင်တော့ အကောင်းဘက်က မျှော်လင့်ချက်ထားလို့ရပြီလို့ ပြောနိုင်မှာပါ”လို့ ပြန်ဖြေပါတယ်။

ဒီလိုပြန်ဖြေတော့ အီရန်ကက်(ဇ)က “ဒေါ်နယ်ထရန့်က သူ့စတော့ရှယ်ယာတွေ ပြန်ရောင်းထုတ်ပြီးပြီမဟုတ်လား” လို့ ပြန်ထောက်တော့ ဒေးဗစ်ရမ်းနစ်(ခ)က “ဒေါ်နယ်ထရန့်က သူ့စတော့ရှယ်ယာတွေကို ထုတ်ရောင်းပါတယ်။ ဇွန်လက ရောင်းလိုက်တာ ဒေါ်လာ ၂၂ သန်းလောက်ရှိပါတယ်။ ဒေါ်နယ်ထရန့်က သူအခွန်ဘယ်လောက်ဆောင်တယ်ဆိုတာကို အမေရိကန်ပြည်သူတွေဆီ အသိပေးချင်တာမဟုတ်ပါဘူး။ သမ္မတတစ်ယောက်မှာ အင်မတန်အရေးကြီးတဲ့ အကျင့်စရိုက် စိတ်နေစိတ်ထားကို ကြည့်ရင် ဒေါ်နယ်ထရန့်ရဲ့ အကျင့်စရိုက် စိတ်နေစိတ်ထားဆိုတာ အရွယ်ရောက်ပြီး သားသမီးတွေမှာ ခင်ဗျားမြင်ချင်တွေ့ချင်တဲ့ အကျင့်စရိုက်စိတ်နေစိတ်ထားမျိုးနဲ့ လုံးဝကိုဆန့်ကျင်ဘက်ဖြစ်နေတာပါ။ ဒီဖြစ်ရပ်ဟာ ကမ္ဘာကြီးကိုလွှမ်းခြုံထားတဲ့ သမိုင်းရေစီးကြောင်းရဲ့အစိတ်အပိုင်းတစ်ခုပါ။ ပြောရရင်ကမ္ဘာကြီးမှာလည်း ပြဿနာတွေဖြစ်နေတာပါပဲ။ ဒါဟာ လစ်ဘရယ်ရေစီးကြောင်းပါ။ ဒါကလည်း ဂလိုဘယ်လိုက်ဇေးရှင်းရဲ့ ရလဒ်တွေနဲ့ စက်မှုလုပ်ငန်းတွေ ဆုတ်ယုတ်သွားတာကို ကြည့်လိုက်ရင် သူ့အကြောင်းပြချက်နဲ့သူရှိပါတယ်။ ကမ္ဘာ့နိုင်ငံတွေက ဖြစ်ရပ်ကိုကြည့်ရင် လမ်းမှန်ပေါ်မှာ ပီပီသသရှိနေတယ်လို့ မပြောနိုင်ပါဘူး။ တကယ်ဖြစ်နေတာက အဲဒါနဲ့ ပြောင်းပြန်ပါပဲ။ ဒီအခြေအနေတွေကြောင့် တကယ့်ကို စိတ်ပူနေရတာပါ” ဆိုပြီး ပြန်ဖြေပါတယ်။

အီရန်ကက်(ဇ)က “ဒေါ်နယ်ထရန့်က ရွေးကောက်ပွဲ မဲဆွယ်ကာလမှာ သူပြောခဲ့ဆိုခဲ့တာတွေကနေ နောက်ပြန်ဆုတ်သွားတာမျိုးတွေရှိတယ်မဟုတ်လား” လို့ ထောက်တော့ ဒေးဗစ်ရမ်းနစ်(ခ)က “ဟုတ်ပါတယ်။ ဒါပေမယ့် ပူပန်စရာတွေတစ်ပုံကြီးကျန်နေသေးတယ်ဆိုတာကတော့ ငြင်းမရတဲ့ကိစ္စပါ။ ကျွန်တော့်ထင်မြင်ချက်တွေ လုံးဝမှားသွားတာမျိုးပဲ ဖြစ်စေချင်ပါတယ်။ ဒါပေမယ့် လက်တွေ့ဖြစ်နေတာက ဒီလိုမဟုတ်ပါဘူး။ နီးစပ်တယ်လို့တောင် ပြောလို့မရပါဘူး။ အယ်လ်ဂိုးက ဒေါ်နယ်ထရန့်နဲ့တွေ့တယ်၊ ထွက်လာတယ်။ ကျွန်တော်တို့ အကျိုးရှိရှိဆွေးနွေးနိုင်ခဲ့ပါတယ်ဆိုတဲ့ မရေမရာစကားနဲ့ပြီးသွားတယ်။ အစည်းအဝေးအပြီးမှာ အယ်လ်ဂိုးက “ဘုရားမတာပဲဗျာ။ သိပ္ပံပညာကို သူသဘောပေါက်သွားပြီ” ဆိုပြီး ထွက်လာရမှာ။ “ဒီလိုသာဖြစ်ခဲ့ရင်တော့ သိပ်ကောင်းတာပေါ့ဗျာ” လို့ စိတ်ပျက်လက်ပျက်ပြန်ဖြေခဲ့တာပါ။ ဒေးဗစ်ရမ်းနစ်(ခ)က အီရန်ကက်(ဇ)နဲ့ အင်တာဗျူးလုပ်ရင်းတစ်နေရာမှာ လက်ရှိအခြေအနေအပေါ် ပုံဖော်ပုံဟာ ပီပြင်ပါတယ်။ သူပြောပုံကဒီလိုပါ။ “ကျွန်တော့်ရုံးက သူ့သူငယ်ချင်းတစ်ယောက်က ပြောတယ်။ အခုဖြစ်နေတာက လေယာဉ်ပျံပေါ်က ပြုတ်ကျသွားတာနဲ့ တူနေတယ်။ ခင်ဗျားကြောက်တဲ့စိတ်ကို ချက်ချင်းခံစားလိုက်ရတယ်။ အေးခဲနေတဲ့လေတွေ ခင်ဗျားကို ဖြတ်တိုက်နေတာခင်ဗျားသိတယ်။ ဒါပေမယ့် ခင်ဗျားက ကမ္ဘာမြေကြီးပေါ် ဘုတ်ခနဲ ကျမသွားသေးဘူး။ အင်း နောက်ပြီးပြောရရင် လေထီးကလည်း မပွင့်သေးဘူး။ ဒီအနေအထားကို ဘယ်လိုမှ ပုံမှန်လို့ပြောလို့မရပါဘူး။ ဒါကပုံမှန်မှ မဟုတ်တာ။ အနည်းဆုံး ကျွန်တော့်အတွက်တော့ ဒါက သေချာတယ်။ အခြေအနေက ပုံမှန်မဟုတ်ဘူးဆိုတဲ့ ခံစားချက်ဖြစ်အောင် တွန်းပို့နေတဲ့ကိစ္စတွေက ရှိနေတယ်။ ကျွန်တော့် ပတ်ဝန်းကျင်မှာ ဒါကိုတွေ့နေရပါတယ်။ ဒါကို ကျွန်တော် ရုပ်မြင်သံကြားမှာတွေ့တယ်။ ဒါကို ကျွန်တော်သတင်းစာမှာ တွေ့တယ်” ဆိုပြီး ပုံဖော်ပြောဆိုခဲ့တာပါ။

ဒေးဗစ်ရမ်းနစ်(ခ)က သမ္မတ အိုဘားမား သမ္မတစတင်တာဝန်ယူချိန်နဲ့ အခုရှစ်နှစ်သက်တမ်းပြည့်လို့ ရာထူးကနုတ်ထွက်တော့မယ့်အချိန်ကို နှိုင်းယှဉ်လိုက်ရင် အမေရိကန်နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်နေတာကို ထောက်ပြပါတယ်။ ဒေးဗစ်ရမ်းနစ်(ခ) ပြောလိုတာက သမ္မတအိုဘားမားနဲ့ ပါတီတစ်ခုတည်းဖြစ်တဲ့ ဟီလာရီကလင်တန် မနိုင်ခဲ့တာဟာ တိုင်းပြည်ရဲ့ စီးပွားရေးအခြေအနေကြောင့် မဟုတ်ဘူးလို့ဆိုလိုချင်တာပါ။ ဒေးဗစ်ရမ်းနစ်(ခ)က “တိုင်းပြည်ရဲ့ စီးပွားရေးက ဖွံ့ဖြိုးနေတာပဲ။ အခုကျွန်တော်တို့မြင်တွေ့နေတာရဲ့ အဓိက အကြောင်းအရင်းဟာ လူမျိုးရေးအရ မလုံမခြုံဖြစ်နေတာပါ။ ကျွန်တော်တို့တိုင်းပြည်မှာ လူမျိုးရေးအရ မကြာခင် ကျိန်းသေပေါက်ဖြစ်မယ့်ကိစ္စက မြင်နေရပါပြီ။ ကျွန်တော်တို့ရဲ့ သမားရိုးကျပြောဆိုနေတဲ့ လူဖြူဆိုတာက ဒီတိုင်းပြည်မှာ လူများစုအနေအထားရှိတော့မှာမဟုတ်ပါဘူး” ဆိုပြီး ရှင်းလင်းပြောဆိုခဲ့ပါတယ်။

ဒီအင်တာဗျူးမှာ ဒေးဗစ်ရမ်းနစ်(ခ) ပြောခဲ့တဲ့အပိတ်စကားက တွေးဆစရာပါ။ ဒေးဗစ်ရမ်းနစ်(ခ)က “တိုင်းပြည်တော်တော်များများက ငါတို့တိုင်းပြည်တော့ အာဏာရှင်စနစ် ဘယ်တော့မှမဖြစ်နိုင်ဘူးလို့ တွေးကြတာပဲ။ အာဏာရှင်စနစ်ဆိုတာ ဖြည်းဖြည်းဖြည်းဖြည်းနဲ့ နောက်မှဝုန်းခနဲပေါ်လာတာပါ။ အခု ရုပ်မြင်သံကြားတင်ဆက်သူ ဘီလျံနာသူဌေးကြီးက ကျွန်တော်တို့တိုင်းပြည်အတွက် အကျိုးမရှိနိုင်တဲ့ အတွေးအခေါ်မူဝါဒတွေကို ချမှတ်နေပါပြီ။ ဒါကကျွန်တော့်အမြင်ပါ။ ယုတ္တိဗေဒကျကျ ကောက်ချက်ချရရင် အမေရိကန်နိုင်ငံမှာ အာဏာရှင်စနစ်ဖြစ်လာနိုင်ခြေရှိနေပါပြီ။ ဒါဟာတကယ့်ကို သတိထားရမယ့်အချက်ပါ” လို့ သတိပေးထားတာပါ။ ဒေးဗစ်ရမ်းနစ်(ခ)နဲ့ တစ်သဘောတည်းရှိ/မရှိ မသေချာပေမယ့် ကမ္ဘာ့ခေါင်းဆောင်တွေ၊ ကမ္ဘာ့ပြည်သူတွေက ဒေါ်နယ်ထရန့်လုပ်ရပ်တွေကို သတိနဲ့စောင့်ကြည့်နေတာကတော့ မြင်သာထင်သာရှိတဲ့အချက်လို့ပဲ ပြောရမှာပါ။ ။

> **ဟီလာရီကလင်တန် မနိုင်ခဲ့တာဟာ တိုင်းပြည်ရဲ့ စီးပွားရေးအခြေအနေကြောင့် မဟုတ်ဘူးလို့ ဆိုလိုချင်တာပါ။ ဒေးဗစ်ရမ်းနစ်(ခ)က “တိုင်းပြည်ရဲ့ စီးပွားရေးက ဖွံ့ဖြိုးနေတာပဲ။ အခု ကျွန်တော်တို့မြင်တွေ့နေတာရဲ့ အဓိကအကြောင်းအရင်းဟာ လူမျိုးရေးအရ မလုံမခြုံဖြစ်နေတာပါ။ ကျွန်တော်တို့တိုင်းပြည်မှာ လူမျိုးရေးအရ မကြာခင် ကျိန်းသေပေါက်ဖြစ်မယ့်ကိစ္စက မြင်နေရပါပြီ။ ကျွန်တော်တို့ရဲ့ သမားရိုးကျပြောဆိုနေတဲ့ လူဖြူဆိုတာက ဒီတိုင်းပြည်မှာ လူများစုအနေအထား ရှိတော့မှာမဟုတ်ပါဘူး” ဆိုပြီး ရှင်းလင်းပြောဆိုခဲ့ပါတယ်။**

# ဓာတ်အားကွန်ရက်စနစ်နှင့် System Breakdown

## ငမြ

**သဘာဝအရင်းအမြစ်များတည်ရှိမှု**

လျှပ်စစ်ဓာတ်အားပေးစက်ရုံများကို လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်သည့် သဘာဝစွမ်းအင်အရင်းအမြစ်များရှိနေသည့်နေရာ (သို့မဟုတ်) ရရှိနိုင်သည့်နေရာအပေါ်တွင် အဓိကမူတည်၍ တည်ဆောက်ရပါသည်။ ကျောက်မီးသွေးကိုသင်္ဘော၊ မီးရထား၊ ကားတို့ဖြင့် သယ်ဆောင်၍လည်းကောင်း၊ ဓာတ်ငွေ့နှင့် ရေနံတို့ကို ပိုက်လိုင်းသွယ်တန်း၍လည်းကောင်း ပေးပို့ပြီး သင့်တော်သောနေရာတွင် ဓာတ်အားပေးစက်ရုံကိုရွေးချယ်တည်ဆောက်နိုင်သော်လည်း ရေ၊ လေ၊ နေ၊ ဘူမိအပူစွမ်းအင်တို့မှာ သဘာဝအရ ဖြစ်ပေါ်နေခြင်းဖြစ်ရာ ယင်းစွမ်းအင်ရရှိနိုင်သောနေရာတွင်သာ ဓာတ်အားပေးစက်ရုံကို တည်ဆောက်ရပါသည်။

မြန်မာနိုင်ငံ၏ ရေ၊ မြေသဘာဝတည်ရှိမှုအနေအထားအရ ရေအားအရင်းအမြစ်များပေါ်များသည့်အလျောက် တောင်ကုန်း၊ တောင်တန်းများရှိရာ မြန်မာနိုင်ငံမြောက်ပိုင်းနှင့် အရှေ့ပိုင်းဒေသများတွင် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်ထုတ်လုပ်နိုင်မည်ဖြစ်သော်လည်း မြေပြန့်ပိုင်းဒေသများတွင်သာ လူနေထူထပ်၍ စက်မှုလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးပြီး လျှပ်စစ်ဓာတ်အားသုံးစွဲမှုများပြားပါသည်။

**ကြားခံစနစ်တစ်ခု**

ထိုသို့ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်သည့်နေရာသည် လျှပ်စစ်ဓာတ်အားအများအပြားသုံးစွဲနိုင်သော မြို့ကြီးများနှင့် အလှမ်းဝေးမှုကြောင့် မဟာဓာတ်အားလိုင်းများတည်ဆောက်ဆက်သွယ်ပေးပို့ရပါသည်။ ဓာတ်အားထုတ်လုပ်နိုင်ခြင်းမရှိသောနေရာများ၊ မိမိနယ်မြေဒေသတွင် ထုတ်လုပ်သောဓာတ်အားဖြင့် မလုံလောက်သောနေရာများအတွက် ဓာတ်အားပေးပို့နိုင်စေရန် မဟာဓာတ်အားလိုင်းများ၊ ပင်မဓာတ်အားခွဲရုံများအဆင့်ဆင့် တည်ဆောက်ခြင်းဖြင့် ဓာတ်အားကွန်ရက်စနစ် (National Grid) ဖြစ်ပေါ်လာပါသည်။ ဓာတ်အားပေးစက်ရုံများ၊ မဟာဓာတ်အားလိုင်းများ၊ ပင်မဓာတ်အားခွဲရုံများ၊ဓာတ်အားဖြန့်ဖြူးရေးလိုင်းများ၊ ထရန်စဖော်မာများနှင့် ဓာတ်အားသုံးစွဲမှု(စက်ရုံ၊ အလုပ်ရုံ၊ လူနေအိမ်စသည်) အားလုံးတို့အား ဆက်သွယ်ချိတ်ဆက်ထားခြင်းကို ဓာတ်အားစနစ် (Power System)ဟုခေါ်ဆိုခြင်းဖြစ်ပါသည်။ ဓာတ်အားစနစ်သည် လျှပ်စစ်စွမ်းအင်ကို တစ်နေရာမှတစ်နေရာသို့ သယ်ပို့ခြင်းနှင့် သုံးစွဲလိုသောဗို့အားများရရှိရန် အဆင့်ဆင့်ပြောင်းလဲခြင်းတို့ကို ပြုလုပ်ပေးသည့် ကြားခံစနစ်တစ်ခုအဖြစ် တည်ရှိပါသည်။

**ဓာတ်အားကွန်ရက်စနစ်တည်ဆောက်ရခြင်း**

ဓာတ်အားကွန်ရက်စနစ် (National Grid) တစ်ခုကို ချိတ်ဆက်တည်ဆောက်ခြင်းဖြင့် သဘာဝစွမ်းအင် အရင်းအမြစ်များမရှိ၍ ဓာတ်အားမထုတ်လုပ်နိုင်သော တိုင်းဒေသကြီး၊ ပြည်နယ်နေ ပြည်သူများသည်လည်း ဓာတ်အားကွန်ရက်စနစ်မှတစ်ဆင့် ဓာတ်အားကိုရယူသုံးစွဲနိုင်ခြင်း၊ သဘာဝစွမ်းအင်အရင်းအမြစ်များပေါ်များသော တိုင်းဒေသကြီး၊ ပြည်နယ်များသည်လည်းထုတ်လုပ်၍ ပိုလျှံသည့်ဓာတ်အားကို ဓာတ်အားကွန်ရက်စနစ်မှတစ်ဆင့် နိုင်ငံတစ်ဝန်းရှိ ဓာတ်အားသုံးစွဲလိုသူများထံသို့ ပို့ပေးနိုင်သဖြင့် လူမှုရေးရှုထောင့်မှကြည့်ပါက အကျိုးကျေးဇူးများ မျှဝေခံစားခြင်းဖြစ်စေပါသည်။ အကယ်၍ မိမိဒေသတစ်ခုတည်းအတွက် ဓာတ်အားပေးစက်ရုံတစ်ရုံတည်ဆောက်ပြီး ဓာတ်အားလိုင်းတစ်လိုင်းတည်းဖြင့် ပေးပို့သည့်စနစ်မှ သုံးစွဲလျှင် ယင်းဓာတ်အားပေးစက်ရုံ၏ ချွတ်ယွင်းမှုကြောင့် ဓာတ်အားမထုတ်လုပ်နိုင်သည့်အချိန်တွင်လည်းကောင်း၊ ယင်းဓာတ်အားလိုင်းတွင် အပြစ်ဖြစ်၍ ဓာတ်အားပေးပို့နိုင်ခြင်းမရှိသည့် အချိန်တွင်လည်းကောင်း ယင်းဒေသမှ ဓာတ်အားသုံးစွဲသူတို့မှာ ဓာတ်အားပြတ်တောက်မှုကို ကြာရှည်ခံစားရမည်ဖြစ်ပါသည်။

> **မိမိဒေသတစ်ခုတည်းအတွက် ဓာတ်အားပေးစက်ရုံတစ်ရုံတည်ဆောက်ပြီး ဓာတ်အားလိုင်းတစ်လိုင်းတည်းဖြင့် ပေးပို့သည့်စနစ်မှ သုံးစွဲလျှင် ယင်းဓာတ်အားပေးစက်ရုံ၏ ချွတ်ယွင်းမှုကြောင့် ဓာတ်အားမထုတ်လုပ်နိုင်သည့်အချိန်တွင်လည်းကောင်း၊ ယင်းဓာတ်အားလိုင်းတွင် အပြစ်ဖြစ်၍ ဓာတ်အားပေးပို့နိုင်ခြင်းမရှိသည့်အချိန်တွင်လည်းကောင်း ယင်းဒေသမှ ဓာတ်အားသုံးစွဲသူတို့မှာ ဓာတ်အားပြတ်တောက်မှုကို ကြာရှည်ခံစားရမည်ဖြစ်။**

ထို့ပြင် စီးပွားရေးရှုထောင့်မှကြည့်ပါက ဓာတ်အားပေးစက်ရုံမှ ထုတ်လုပ်သောဓာတ်အားကို ယင်းဒေသတစ်ခုတည်းက ကုန်အောင်မသုံးစွဲနိုင်သည့် အခြေအနေမျိုးတွင်လည်းကောင်း၊ စက်ရုံမှထွက်ရှိသော ဓာတ်အားထက်ပိုမိုသုံးစွဲလိုသည့် အခြေအနေမျိုးတွင်လည်းကောင်း ဓာတ်အားထုတ်လုပ်သူနှင့် ဓာတ်အားသုံးစွဲသူတို့ နှစ်ဦး၊နှစ်ဖက် တွက်ခြေမကိုက်၊ အကျိုးမရှိဖြစ်စေပါမည်။ နည်းပညာရှုထောင့်မှ ကြည့်ပါကလည်း ဓာတ်အားပေးစက်ရုံတစ်ရုံတည်းမှ ဓာတ်အားသုံးစွဲသူထံသို့ ဓာတ်အားလိုင်းတစ်လိုင်းတည်းဖြင့် ပို့လွှတ်ရသည့်အခါ ဓာတ်အားသုံးစွဲမှုကိုလိုက်၍ ထုတ်လုပ်ပေးရမှုကြောင့် ပမာဏများလာသည်နှင့်အမျှ ဓာတ်အားတည်ငြိမ်မှု (Stability) ကျဆင်းလာပါသည်။

အထက်ဖော်ပြပါ အခြေအနေအကြောင်းအရပ်ရပ်ကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ဓာတ်အားကွန်ရက်စနစ် (National Grid) ချိတ်ဆက်တည်ဆောက်ထားကြခြင်းဖြစ်ပါသည်။ ယနေ့ တိုးတက်လာသည့်ကမ္ဘာပေါ်တွင် သဘာဝစွမ်းအင်အရင်းအမြစ်များကို ထိရောက်အကျိုးရှိစွာ အသုံးပြုနိုင်ရေးအတွက် နိုင်ငံတစ်ခုချင်းစီ၏ ဓာတ်အားကွန်ရက်စနစ် (National Grid) သာမက ဒေသတွင်းဓာတ်အားကွန်ရက်စနစ် (Regional Power Grid) များကို အမေရိက၊ ဥရောပ၊ အာဖရိကတို့တွင် အိမ်နီးချင်းနိုင်ငံများစုပေါင်းချိတ်ဆက်ထားပြီးဖြစ်သည်။

ထိုနည်းတူစွာ အာရှဒေသတွင်လည်း အာဆီယံ နိုင်ငံအချင်းအချင်းချိတ်ဆက်မည့် ASEAN Power Grid အတွက်လည်းကောင်း၊ မဟာမဲခေါင်ဒေသတွင် Regional Power Tradeအတွက်လည်းကောင်း ညှိနှိုင်းဆွေးနွေးလျက်ရှိကြသည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် စွမ်းအင်အရင်းအမြစ်များကို မျှဝေသုံးစွဲနိုင်ခြင်း၊ စွမ်းအင်ဖူလုံရေးကို အာမခံနိုင်ခြင်း၊ ရေရှည်တည်တံ့သည့် စွမ်းအင်အသုံးပြုနိုင်ခြင်းကြောင့် နိုင်ငံများလည်း ဟန်ချက်ညီဖွံ့ဖြိုးတိုးတက်လာရန် အခွင့်အလမ်းများဖန်တီးပေးနိုင်ကြောင်း လေ့လာသိရှိရပါသည်။

သို့ရာတွင် နိုင်ငံအများပါဝင်သဖြင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းဆိုင်ရာများ၊ နည်းပညာ ဆိုင်ရာကိစ္စရပ်များ၊ အကျိုးအမြတ်ရရှိရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံး လုပ်နည်းများစသည်တို့ကို သဘောတူလက်ခံနိုင်ရန် ညှိနှိုင်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

**အခြားထုတ်ကုန်ပစ္စည်းများနှင့် မတူညီသော လျှပ်စစ်ထုတ်ကုန်၏ သဘာဝ**

လျှပ်စစ်၏ ထူးခြားသောသဘာဝတစ်ခုမှာ အခြားထုတ်ကုန်ပစ္စည်းများကဲ့သို့ ကြိုတင်ထုတ်လုပ် သိုလှောင်ထား၍မရဘဲ ဓာတ်အားသုံးစွဲမှုပမာဏမှာလည်း အချိန်နှင့်အမျှ ပြောင်းလဲနေပါသည်။ တည်ဆောက်ထားသောဓာတ်အားပေးစက်ရုံ၏ စက်အင်အားအရဓာတ်အားသုံးစွဲမှုပမာဏနှင့် ထုတ်လုပ်မှုပမာဏကို လိုအပ်သလိုချိန်ညှိထုတ်လုပ်ပေးရပါသည်။ ဓာတ်အားထုတ်လုပ်မှုပမာဏသည် သုံးစွဲမှုပမာဏနှင့် ကိုက်ညီ(Supply & Demand Equilibrium)ရပါမည်။

ထုတ်လုပ်ပေးနိုင်သောဓာတ်အားပေးစက်အင်အားထက် သုံးစွဲမှုအင်အားက ပိုမိုလာသောအခါ ဓာတ်အားကွန်ရက်စနစ်အတွင်း ဗို့အားနှင့် ကြိမ်နှုန်း (Frequency) မတည်ငြိမ်မှုများဖြစ်ပေါ်လာပါသည်။ သို့ဖြစ်ပါ၍ ဗို့အားနှင့် ကြိမ်နှုန်းကို သတ်မှတ်ပမာဏအတွင်းရှိစေရန် ဓာတ်အားကွန်ရက်စနစ်ကို (၂၄)နာရီစောင့်ကြည့်ကွပ်ကဲနေသော ဓာတ်အားကွပ်ကဲရေးဌာနက ဓာတ်အားသုံးစွဲသူအချို့ကို ယာယီဓာတ်အားဖြတ်တောက်မှု ချက်ချင်းပြုလုပ်ကြရပါသည်။

**System Breakdown**

အကယ်၍ ထုတ်လုပ်နိုင်မှုထက်များနေသော ဓာတ်အားသုံးစွဲမှုပမာဏကို ယာယီဓာတ်အားဖြတ်၍ အချိန်မီလျှော့ချခြင်းမပြုလုပ်နိုင်ပါက ဓာတ်အားပေးစက်များ၏ Speed ဆက်လက်ကျဆင်းပြီး ဓာတ်အားကွန်ရက်စနစ် (National Grid) အတွင်းမှ ဓာတ်အားပေးစက်များတစ်လုံးပြီးတစ်လုံး အလိုအလျောက်ရပ်သွားကာ ဓာတ်အားစနစ်တစ်ခုလုံး ဓာတ်အားပြတ်တောက်ခြင်း (System Breakdown) ဖြစ်ပေါ်စေပါမည်။

ယင်းသို့ System Breakdown မဖြစ်စေရန်အလို့ငှာ ဧရိယာအချို့ကို မလွဲမရှောင်သာယာယီဓာတ်အားဖြတ်၍ ဓာတ်အားစနစ်ကိုထိန်းသိမ်းမောင်းနှင်ရခြင်းဖြစ်ပါသည်။ ဓာတ်အားသုံးစွဲမှုသည် လည်ပတ်မောင်းနှင်ထားသောဓာတ်အားပေးစက်အားလုံး၏ စုစုပေါင်းထုတ်လုပ်ပေးနိုင်စွမ်းထက်ပိုလာလျှင် စက္ကန့်ပိုင်းအတွင်း ချက်ချင်းဓာတ်အားဖြတ်ရန် လိုအပ်သည်ဖြစ်ရာ ထိုအချိန် ဓာတ်အားသုံးစွဲသူများကို ကြိုတင်အကြောင်းကြားရန်မည်သို့မျှမဖြစ်နိုင်တော့ပါ။

ဤကဲ့သို့ အခြေအနေများမပေါ်ပေါက်စေရန် သုံးစွဲသည့်ဝန်အားပမာဏရုတ်တရက် တက်လာသည်နှင့်တစ်ပြိုင်နက် ဓာတ်အားတိုးထုတ်လုပ်ပေးနိုင်ရန် အသင့်စက်နှိုးထားပြီး စက်အင်အားအပြည့်မမောင်းဘဲ Spinning Reserve (အမြင့်ဆုံးဝန်အားထက် ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းခန့် ပိုမို၍ ဓာတ်အားထုတ်လုပ်ပေးနိုင်ရန် အရန်စက်များ) အဖြစ် နိုင်ငံတကာတွင် ထားလေ့ရှိကြသည်။ ထို့အပြင် လက်ရှိမောင်းနှင် ဓာတ်အားပေးထားသောဓာတ်အားပေးစက်များသည် အချိန်မရွေးစက်ချွတ်ယွင်းမှုဖြစ်ပေါ်နိုင်ပြီး ရပ်တန့်ရသည့် အခြေအနေမျိုးတွင် ဓာတ်အားထုတ်လုပ်မှုရုတ်ချည်းလျော့ကျသွားမည်ဖြစ်၍ အရန်စက်တစ်လုံးကို အစားထိုးမောင်းနှင်ပြီး ထိန်းသိမ်းနိုင်ရန်လိုအပ်ပါသည်။

၎င်းကို Cold Reserve ဟုခေါ်ဆိုပြီး Cold Reserve သည် မောင်းထားသောစက်များထဲမှ အကြီးဆုံးစက်တစ်လုံးစာပမာဏရှိရန်လိုပါသည်။ မြန်မာနိုင်ငံတွင် သုံးစွဲဝန်အားနည်းသည့်အချိန်၌ Spinning Reserve ထားရှိနိုင်သော်လည်း၊ ဝန်အားအများဆုံးအသုံးပြုချိန်များတွင် စက်အင်အား အပိုမရှိတော့သဖြင့် ဝန်အားလျှော့ချရသည့် (Load Shedding) စနစ်ကို ကျင့်သုံးနေရပါသည်။

**ဓာတ်အားစနစ်ကွပ်ကဲမှု**

လျှပ်စစ်ဓာတ်အားကိုထိရောက်အကျိုးရှိစွာအသုံးပြုနိုင်ရန် ရည်ရွယ်ချက်အမျိုးမျိုး(အိမ်သုံး၊ စက်မှုသုံး၊ စီးပွားရေးသုံး) ပုံစံအမျိုးမျိုးဖြင့် ဓာတ်အားသုံးစွဲလိုကြသူများ၏ လိုအပ်ချက်နှင့် ဓာတ်အားကွန်ရက်စနစ် (National Grid) မှ ပေးနိုင်သော လျှပ်စစ်ဓာတ်အားအမျိုးအစား(ဗို့အား၊ ကြိမ်နှုန်း၊ လျှပ်စီး)တို့ လိုက်လျောညီထွေဖြစ်ရန်အတွက်လည်းကောင်း၊ ဓာတ်အားပေးစက်ရုံများ၏ ဓာတ်အားထုတ်လုပ်နိုင်သည့်ပမာဏနှင့် ဓာတ်အားသုံးစွဲသူတို့လိုအပ်သည့်ပမာဏကို အချိန်တိုင်းညီမျှနေစေရန်အတွက် လည်းကောင်း ထိန်းညှိကွပ်ကဲပေးရန် လိုအပ်ပါသည်။ ထိုသို့ အချိန်နှင့်တစ်ပြေးညီ ထိန်းညှိကွပ်ကဲမှုအတွက် စီမံခန့်ခွဲသည့် ဓာတ်အားစနစ်ကွပ်ကဲရေးဗဟိုဌာန (Load Dispatching Center) များကိုလည်း ဖွဲ့စည်း၍ (၂၄)နာရီတာဝန်ချထားရပါသည်။

ဓာတ်အားကွန်ရက်စနစ်အတွင်းတွင်ဓာတ်အားသုံးစွဲသူများ၊ ဓာတ်အားပေးစက်ရုံများ၊ ဓာတ်အားခွဲရုံများ၊ ဓာတ်အားလိုင်းများအရေအတွက်များပြားလာသည်နှင့်အမျှ ဓာတ်အားစနစ်ကွပ်ကဲမှုကို တယ်လီဖုန်း၊ ဝါယာလက်(စ်)ဆက်သွယ်ရေးစနစ်များဖြင့် သမားရိုးကျဆောင်ရွက်၍ မဖြစ်နိုင်တော့ပါ။ ဓာတ်အားပေးစက်ရုံတစ်ခုခု ချွတ်ယွင်းမှု သို့မဟုတ် ဓာတ်အားသုံးစွဲသူ၏ လျှပ်စစ်ပစ္စည်းတစ်ခုခုချွတ်ယွင်းမှုတို့ကြောင့် ဓာတ်အားစနစ်၏ ပုံမှန်အခြေအနေမှ သွေဖည်ကာဗို့အားနှင့် ကြိမ်နှုန်းများ မတည်မငြိမ်ဖြစ်ပေါ်လျှင် ဓာတ်အားစနစ်ကွပ်ကဲရေးဌာနမှ တာဝန်ကျဝန်ထမ်းသည် စက်ရုံ၊ ဓာတ်အားခွဲရုံများသို့ Power Line Carrier Communication နှင့် တယ်လီဖုန်းလိုင်းတို့မှတစ်ဆင့် အသံဖြင့်သာ ဆက်သွယ်ပြောဆို၍ သမားရိုးကျကွပ်ကဲရလျှင် အချိန်နှင့်တစ်ပြေးညီ မထိန်းသိမ်းနိုင်ဘဲ ဓာတ်အားစနစ်တစ်ခုလုံး ဓာတ်အားပြတ်တောက်မှုများ ဖြစ်ပေါ်ရလေ့ရှိပါသည်။

ခေတ်မီအီလက်ထရွန်နစ် သတင်းအချက်အလက်နည်းပညာများ သုံးစွဲ၍ SCADA (Supervisory Control and Data Acquisition) နှင့် EMS (Energy Management System) စနစ်တို့ဖြင့် ကိုယ်ပိုင်ဆက်သွယ်ရေးစနစ်မှတစ်ဆင့် အချိန်နှင့်တစ်ပြေးညီ ကွပ်ကဲဆောင်ရွက်ရန် လိုအပ်ပါသည်။ ယင်းသို့ဆောင်ရွက်နိုင်ရန် ဓာတ်အားလိုင်းများတွင် လျှပ်စစ်ဓာတ်မြေချခြင်း (Earthing)နှင့် ဆက်သွယ်ရေး (Communication) နှစ်မျိုးလုံးအတွက်သုံးနိုင်သော Optical Ground Wire (OPGW)ကြိုးများ တပ်ဆင်လျက်ရှိပါသည်။

သို့ပါ၍ မြန်မာနိုင်ငံအတွင်းရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ ထုတ်လုပ်သည့် လျှပ်စစ်ဓာတ်အားကိုသုံးစွဲသူများထံသို့ အရည်အသွေးပြည့်မီပြီး လုံလောက်စွာစဉ်ဆက်မပြတ် ပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရေးအတွက် အဓိကကွင်းဆက်ဖြစ်သည့် ဓာတ်အားကွန်ရက်စနစ်၊ ဓာတ်အားကွန်ရက်စနစ်ကွပ်ကဲမှုတို့အား အသိပေးတင်ပြအပ်ပါသည်။ ။

# ထီးချိုင့်မြို့နယ် မောင်းကုန်းရွာရှိ သကြားစက်မှ အညစ်အကြေးများကို ဧရာဝတီမြစ်ထဲယခုတိုင်စွန့်ထုတ်



**ထီးချိုင့် ဒီဇင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် မောင်းကုန်းကျေးရွာတွင်ရှိသော သကြားစက်သည် ယခုတိုင်အောင် စက်ရုံမှ အညစ်အကြေးများကို ဧရာဝတီမြစ်ထဲ သို့ မြေအောက်လိုင်းဖြင့် စွန့်ထုတ်နေကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဩဂုတ် ၁၆ ရက်က စစ်ဆေးတွေ့ရှိခဲ့၍ ဆက်လက်လုပ်ဆောင်ပါက ပိတ်သိမ်းရန် ညွှန်ကြားခဲ့သော်လည်း ဧရာဝတီမြစ်ထဲသို့ ဆက်လက်စွန့်ထုတ်နေကြောင်း သိရသည်။

ယခုအခါတွင် အညစ်အကြေးစွန့်မြောင်းမှထွက်ပေါက်ကို သံခွန်သမွန်ဖြင့်ဖုံးထားပြီး စွန့်ထုတ်သော်လည်း ရေ၏ အရောင်မှာ သိသာလွန်း၍ စွန့်ပစ်ရည်ကြောင့် ရေနေသတ္တဝါများ သေကျေပျက်စီးရကြောင်း၊ မြစ်ရေကျချိန်ပေါ်လာသော ကျွန်းမြေများတွင် စိုက်ပျိုးသော သီးနှံများ အထွက်လျော့လာကြောင်း ဒေသခံများက ပြောသည်။ မောင်းကုန်းသကြားစက်မှ အညစ်အကြေးအနံ့များသည် ကျေးရွာပတ်ဝန်းကျင် ၁၆ မိုင်ကျော် ပျံ့နှံ့၍ အနံ့ရှူမိပါက တချို့မှာ မူးဝေအော့အန်သည်အထိဖြစ်ရပြီး စက်ရုံမီးခိုးမှုပြာများ လူ့အရေပြားပေါ်ကျပါက ယားယံကြောင်း၊ သီးနှံများပေါ်ကျပါက အသီးမဖြစ်ထွန်းတော့ကြောင်း ဒေသခံများက ပြောသည်။ **အေးလွင်(ကသာ)**

# ဆုတောင်းရခြင်း ကင်းကြပါစေ

## အန်ကယ်ပညာ

**မင်္ဂလာပါ သားတို့ သမီးတို့ရေ. . . . .**

ဒီဇင်ဘာလရဲ့ အေးမြခြင်းနဲ့အတူ နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။

ဘာလိုလိုနဲ့ သားတို့သမီးတို့ စောင့်စားခဲ့ကြတဲ့ တက္ကသိုလ်ဝင်စာမေးပွဲကြီးတောင် နီးလာခဲ့ပြီနော်။ အခြေခံကောင်းကောင်းနဲ့ ပြင်ဆင်ထားနိုင်တဲ့သူတွေအတွက်တော့ သုံးလပဲကျန်တော့တယ်၊ အားတင်းထားလို့ ပြောချင်သလို အားမလိုအားမရ ဖြစ်နေကြသေးတဲ့ သူတွေကိုလည်း စာကျက်ချိန်သုံးလကြီးများတောင် ကျန်သေးတယ် အားမလျှော့နဲ့လို့ အားပေးလိုပါတယ်။

ဒီစာကိုရေးနေရင်းနဲ့ စိတ်ကလွှန်ခဲ့တဲ့ သုံးဆယ့်ငါးနှစ်ကို ရောက်သွားလို့ သတိရမိတာလေးတွေ ထည့်ရေးပေးလိုက်တယ်နော်။ နေရာက "ဆော" လို့ တစ်လုံးတည်းအမည်ရတဲ့ တောမြို့လေးမှာပါ။ အဲဒီအချိန်တုန်းက လျှပ်စစ်မီးမရသေးဘူး။ ရေနံဆီမီးခွက် ဖယောင်းတိုင်မီးနဲ့ပဲ စာလုပ်ကြရတာပါ။ ဆယ်တန်းနှစ်မှာ ထူးခြားတာက ကျောင်းမှာ ဘာသာရပ်ဆရာ မစုံတာနဲ့ ကြုံရတာပါပဲ။ အဲဒီတုန်းက သင်ရတဲ့ဘာသာက ရှစ်ခုရှိတာမှာ သင်ပေးမယ့် ဆရာ ဆရာမက သုံးယောက်ပဲရှိတယ်လေ။

ဒီအခက်အခဲကိုသိလို့ အချို့မိဘတွေက သူတို့သားသမီးတွေကို အခြားမြို့ကျောင်းတွေမှာ ပြောင်းထားကြတဲ့အထိ လှုပ်ခတ်ကုန်ကြတာပေါ့။ တာဝန်ရှိတဲ့သူတွေက အခြားမြို့နယ်က ဆရာ ဆရာမသုံးဦးကို အချိန်မီခေါ်ယူဖြည့်ဆည်းပေးခဲ့ကြလို့ ကျန်တဲ့သူတွေ ဘာသာရပ်ဆရာ မစုံတဲ့ကြားက ဣန္ဒြေရရ သင်ကြားခွင့်ရခဲ့ကြတာပါ။

အဲဒီအချိန်က ဆောမြို့မှာ ကျူရှင်ဆိုတာ မရှိသေးပါဘူး။ ဘာသာရပ်ဆရာတွေက သူတို့အားလပ်ချိန်တွေမှာ စာလိုက်နိုင်မှုအားနည်းတဲ့ ကျောင်းသား ကျောင်းသူတွေကို စေတနာအလျောက် ခေါ်ယူသင်ပေးကြတာပဲရှိပါတယ်။ ဒါပေမယ့်လည်း အဲဒီအချိန်တွေမှာ ဘယ်သူမဆို တက်ရောက်နိုင်ကြပါတယ်။ ပညာရေးအတွက် ကျောင်းကဘာသာရပ် ဆရာတွေကိုပဲ လုံးလုံးလျားလျား အားကိုးခဲ့ကြရတယ်ဆိုတာကို ပြောပြချင်တာပါ။

အဲဒီနှစ်က အတန်းတူ သူငယ်ချင်းလေးယောက် အိမ်တစ်အိမ်မှာစုပြီး စာလုပ်ကြတာကိုလည်း ပြောပြချင်ပါသေးတယ်။ လေးယောက်ထဲမှာ တစ်ယောက်ကမြို့ခံဖြစ်ပြီး ကျန်သုံးယောက်ကတော့ ဝေးလံတဲ့ကျေးရွာတွေကပါ။ မြို့ခံသူငယ်ချင်းအိမ်မှာပဲ အိပ်ကြတယ်၊ စာလုပ်ကြတယ်ပေါ့။ အခုလို ဒီဇင်ဘာလမှာပဲ လေးယောက်သား စုစည်းဖြစ်ခဲ့ကြတာ စာမေးပွဲနောက်ဆုံးနေ့ အထိပါပါပဲ။

ကျောင်းတက်ရတဲ့ရက်တွေမှာ မနက်ကို ငါးနာရီကနေ ခုနစ်နာရီအထိ၊ ညဆို ခုနစ်နာရီကနေ ဆယ့်တစ်နာရီအထိ အချိန်သတ်မှတ်ပြီး စာလုပ်ခဲ့ကြပါတယ်။ အဲဒီတုန်းက ဖေဖော်ဝါရီလမှာ ကိုယ်ပိုင်စာကြည့်ချိန်ပေးတယ်လေ။ အဲဒီရက်တွေမှာတော့ အိပ်ချိန်၊ နားချိန်ကလွဲရင် စာလုပ်ချိန်ပဲပေါ့။ အနိမ့်ဆုံးရည်မှန်းချက်ထားခဲ့တာလေး ပြောရဦးမယ်။ အဲဒါကတော့ လေးယောက်လုံး နှစ်ချင်းပေါက်အောင်ရမယ်ဆိုတာပါပဲ။ အဲဒီလေးယောက်ကို ဘယ်သူက ကြီးကြပ်ခဲ့သလဲဆိုရင်တော့ အချင်းချင်းနဲ့ ကိုယ်စီထားရှိကြတဲ့ ရည်မှန်းချက်တွေပဲလို့ ဖြေရမှာပါ။

စာလုပ်ကြတဲ့ အကြောင်းလေးလည်း ပြောပြမယ်နော်။ အဲဒီတုန်းက အခုခေတ်မှာလို guide ဆိုတာ ဘယ်မှာရှိမှာတုံး။ ကိုယ့်ဟာကိုယ်ပဲ လုပ်ရတာပါ။ အထောက်အကူတွေကတော့ ပြဋ္ဌာန်းစာအုပ်၊ ဆရာတွေသင်ပေးထားတဲ့ လေ့ကျင့်ခန်းစာအုပ်၊ ပုဂ္ဂလိကပုံနှိပ်ထားတဲ့ အထူးထုတ်စာအုပ်တွေပါပဲ။ ဒါ့အပြင် ပြီးခဲ့တဲ့ ငါးနှစ်ကမေးခဲ့တဲ့ ဘာသာစုံမေးခွန်းဟောင်းတွေကတော့ အဓိက အထောက်အကူပစ္စည်းတွေပါ။

စာလုပ်တယ်ဆိုတာ တွက်မယ်၊ ကျက်မယ်၊ လေ့လာမယ်၊ ချရေးမယ် အားလုံးပါတာပေါ့။ အစပိုင်းမှာတော့ ကျက်စာတွေကျက်တယ်၊ နှုတ်တိုက်ရတယ်၊ ရပြီလို့ထင်တယ်။ ချရေးကြည့်မှ မေ့ကျန်ခဲ့တာတွေ၊ အစီအစဉ်မကျတာတွေ တွေ့လာရတယ်။ တွက်စာတွေလည်း ဒီအတိုင်းပါပဲ။ နောက်ပိုင်းတော့ ဒီအားနည်းချက်တွေကို ဘယ်လိုကုစားရမှာလဲဆိုတာကို အတွေ့အကြုံတွေကပဲ အဖြေထုတ်ပေးကြပါတယ်။ တွက်စာတွေ တွက်တတ်၊ မတွက်တတ်ဘယ်လိုသိအောင်လုပ်မှာလဲ။ စာရွက်ပေါ် ချတွက်ကြည့်ရင်သိတာပေါ့။ ကျက်စာတွေရ၊ မရကကော၊ ဒါလည်း ချရေးကြည့်ရင်သိပါတယ်။

ကိုယ်တိုင်လေ့လာပြီး ကိုးကားရေးရတဲ့ မြန်မာစာနဲ့ အင်္ဂလိပ်စာ စာစီစာကုံးမျိုး ရေးတတ်၊ မရေးတတ်ကိုလည်း ချရေးကြည့်မှပဲ ကိုယ်တိုင်သိရတာပါ။ နောက်ဆုံးတော့ ဘယ်လောက် ကျက်ကျက်၊ ဘယ်လောက်တွက်တွက် စာရွက်ပေါ်မှာပဲ အဆုံးသတ်ရတာပါ။ အဲဒီတော့ မေးခွန်းတစ်ပုဒ်ကို ကိုယ်တကယ် ဖြေနိုင်၊ မဖြေနိုင် စမ်းသပ်တဲ့နည်းကတော့ စာရွက်ပေါ်မှာချရေးခြင်းပဲဖြစ်

**ကျန်းမာရေးကို မထိခိုက်စေဘဲ စာလုပ်ချိန် လုံလောက်စွာထားပေးပါ။ နံနက်စောစောတော့ အိပ်ရာထပါရဲ့၊ ညဉ့်နက်သန်းခေါင်တော့ နေပါရဲ့ အမှန်တကယ် စာကျက်ချိန်က ဘယ်နှနာရီပဲရှိသလဲ ဆိုတာတော့ ကိုယ်တိုင် ဆန်းစစ်နေဖို့လိုပါတယ်။ အချိန်ကုန် လူပန်းပြီး အကျိုးမရှိတဲ့ အချိန်ဖြုန်းတီးမှုကို ရှောင်ရပါမယ်။**

ပါတယ်။ ဖြေဆိုချိန် သုံးနာရီအတွင်း အံဝင်ခွင်ကျ ဖြေဆိုနိုင်ခြင်းရှိ၊ မရှိကိုတော့ မေးခွန်းဟောင်းတွေဖြေရင်း ကိုယ်တိုင်ဆန်းစစ်ကြည့်ခဲ့ကြပါတယ်။

ဒီစာကိုရေးရင်းနဲ့ အတိတ်က သတိရစရာလေးတွေကို ရေးနေတာနဲ့ပဲ စာတောင် အတော်ရှည်သွားပြီ။ အဲဒီနှစ်က တောမြို့လေးက အိမ်တစ်အိမ်မှာ စာစုလုပ်ခဲ့တဲ့ သူငယ်ချင်းလေးယောက်စလုံး ဆယ်တန်းအောင်ခဲ့ကြပါတယ်။ အခုတော့ အဲဒီထဲက တစ်ယောက်က ဆရာဝန်ကြီးဖြစ်လို့ ပြည်သူတွေကို ကျန်းမာရေးစောင့်ရှောက်မှုတွေပေးနေပါတယ်။

နောက်တစ်ယောက်က အနာဂတ်ရဲ့ရင်သွေးငယ်တွေကို ပညာသင်ကြားပေးနေတဲ့ ကျောင်းဆရာကြီး လုပ်နေပါတယ်။ နှစ်ယောက်ကတော့ စစ်ဗိုလ်ကြီးတွေဖြစ်ပြီး နိုင်ငံတော်ကာကွယ်ရေးတာဝန်တွေ ထမ်းဆောင်နေကြပါတယ်ဆိုတာ ရေးရင်း အတိတ်က သတိရမိတဲ့အကြောင်းလေးတွေကို အဆုံးသတ်လိုက်လိုပါတယ်။

အခုတော့ သားတို့ သမီးတို့နဲ့ သက်ဆိုင်တာလေးတွေပဲ ရေးတော့မယ်။ ပထမအချက်ကတော့ ကျန်းမာရေးဂရုစိုက်ဖို့ပါ။ ကျန်းမာရေးမကောင်းရင် ကေသရာဇာခြင်္သေ့ကြီးတောင် ယုန်သူငယ်ကို မယှဉ်နိုင်တော့ပါဘူး။ ဒါကြောင့် ကျန်းမာရေးနဲ့ပတ်သက်လာရင် သာမန်နှာစေး၊ ချောင်းဆိုး၊ အအေးမိတာလေးကစ၊ အစားမှားဝမ်းပျက်တာမျိုးအပါအဝင် ခြေချော်ခလုတ်တိုက်တာမျိုးနဲ့ကို စိတ်ကသိကအောက် မဖြစ်စေချင်တာပါ။ ကျန်းမာမှ ရွှင်ရွှင်လန်းလန်းနဲ့ စာလုပ်နိုင်မှာလေ။

နောက်တစ်ချက်ကတော့ ကျန်းမာရေးကို မထိခိုက်စေဘဲ စာလုပ်ချိန် လုံလောက်စွာထားပေးပါ။ နံနက်စောစောတော့ အိပ်ရာထပါရဲ့၊ ညဉ့်နက်သန်းခေါင်တော့နေပါရဲ့ အမှန်တကယ် စာကျက်ချိန်က ဘယ်နှနာရီပဲရှိသလဲ ဆိုတာတော့ ကိုယ်တိုင်ဆန်းစစ်နေဖို့လိုပါတယ်။ အချိန်ကုန်လူပန်းပြီး အကျိုးမရှိတဲ့ အချိန်ဖြုန်းတီးမှုကို ရှောင်ရပါမယ်။ နောက်ပြီး ကြိုးစားတယ်ဆိုတာ သာမန်ထက်ပိုပြီး အားစိုက်တာကိုပြောတာနော်။

တစ်နေ့ နှစ်ဆယ့်လေးနာရီမှာ ခုနစ်နာရီကိုအိပ်ချိန်လို့ ကန့်သတ်လိုက်တာကလည်း အချိန်အပေါ် မူတည်ပြီး အားစိုက်လိုက်တာပါပဲ။ ကျန်တဲ့ တစ်ဆယ့်ခုနစ်နာရီထဲက စာလုပ်ချိန်များများယူပြီး စာကိုအားစိုက်လုပ်တာကမှ ကြိုးစားမှုမြောက်မယ်လို့ ထင်ပါတယ်။ ဒါပေမယ့်လည်း စာကိုလောဘကြီးတာရယ်၊ စိုးရိမ်စိတ်လွန်ကဲတာရယ်တို့ကြောင့် ညဉ့်နက်သန်းခေါင်၊ မိုးအလင်း စာလုပ်တာမျိုးကိုတော့ ရေရှည်အတွက် အားမပေးလိုပါဘူး။

တတိယအချက်ကတော့ ကျက်စာ၊ တွက်စာအားလုံးကို ချရေးတဲ့ အကျင့်လုပ်ပေးဖို့ပါ။ အချို့သူတွေက ကိုယ့်မှတ်ဉာဏ်ကို အထင်ကြီးကြသလို အချို့သူတွေကတော့ အထင်သေးနေတတ်ကြပါတယ်။ မိမိမှတ်ဉာဏ်အပေါ် အထင်ကြီးသူရော အထင်သေးသူပါ စာတွေကိုစာရွက်ပေါ်မှာ ချရေးကြည့်လိုက်ပါ။ ကိုယ်ဘယ်လောက်လိုသေးတယ်၊ ဘယ်လောက်ဟုတ်နေပြီဆိုတာ သိကြရမှာပါ။ တစ်ခုရှိတာက မေးခွန်းတစ်ခုအတွက် အဖြေကို စာရွက်ပေါ်မှာ အလွတ်ချရေးနိုင်ပြီဆိုရင် မိမိမှတ်ဉာဏ်မှာ သေချာပေါက်စွဲသွားပြီဆိုတာ ယုံကြည်ဖို့လိုပါတယ်။

ဒီယုံကြည်ချက်က စာမေးပွဲခန်းထဲမှာ မဖြေခင် စိတ်လှုပ်ရှားမှုတွေကို လျှော့ချပေးနိုင်ပါတယ်။ ချရေးတဲ့ အပိုင်းမှာလည်း မေးခွန်းကို အချိန်ကိုက် ဖြေနိုင်အောင်၊ ဖြေတတ်အောင် လေ့ကျင့်ရပါမယ်။ စာရလျက်နဲ့ အချိန်မလောက်လို့ မဖြေခဲ့ရဘူးဆိုရင် ရင်နာဖို့ကောင်းလွန်းလှပါတယ်။

နောက်ဆုံးတစ်ချက် ပြောလိုပါသေးတယ်။ ပညာရေးနဲ့ ပတ်သက်ရင် မိဘ၊ ဆရာ၊ ကျောင်းသားဆိုတဲ့ အစုအဖွဲ့သုံးခု ဟန်ချက်ညီညီ ပေါင်းစပ်လုပ်ကိုင်ကြရပါတယ်။ ပေါင်းစပ်လုပ်ကိုင်ကြတဲ့ သုံးဖွဲ့ထဲမှာ ဘယ်သူ့အတွက် ပညာရေးလဲလို့မေးရင် ကျောင်းသားအတွက်ပညာရေးလို့ ဖြေရမှာပါ။

ဒါဆိုရင် ပညာရေးမှာ ကျောင်းသားဆိုတာ အဓိကဇာတ်ဆောင်လို့ ပြောနိုင်ပြီပေါ့။ ဒီလိုအချိန်မှာ ဒါရိုက်တာလို ဆရာတွေနဲ့ ဇာတ်ပို့ဇာတ်ရံတွေလို မိဘတွေက လိုအပ်သလို ဝိုင်းဝန်းပံ့ပိုးပေးကြရင်း အဓိကဇာတ်ဆောင် ဘယ်လိုသရုပ်ဆောင်မယ်ဆိုတာ စောင့်ကြည့်နေကြမှာပါ။ သူတို့တွေရဲ့ ရင်ထဲမှာလည်း အဓိကဇာတ်ဆောင်ဖြစ်တဲ့ သားတို့သမီးတို့တစ်တွေရဲ့ တစ်ခုသောအနာဂတ်အတွက် ဆုတောင်းခြင်းတွေနဲ့ ပြည့်နှက်နေကြမှာသေချာပါတယ်။ သားတို့သမီးတို့ကိုယ်တိုင်ကကော ဖြေဆိုရမယ့် တက္ကသိုလ်ဝင်စာမေးပွဲအတွက် ဆုတောင်းခြင်းတွေ ကင်းကြပါရဲ့လား။

ငါ့သားလေး၊ ငါ့သမီးလေး၊ ငါတပည့်လေး ခြေချော်လက်ချော် မဖြစ်ပါစေနဲ့၊ အောင်ပါစေ၊ ဂုဏ်ထူးတွေအများကြီးရပါစေ၊ အမှတ်ကောင်းကောင်းရပါစေဆိုတဲ့ ဆုတောင်းခြင်းတွေနဲ့ မိဘဆရာတွေက ဆုတောင်းနေကြမှာဖြစ်သလို သားတို့သမီးတို့ကလည်း ဒီလိုပဲ စိတ်ထဲမှာကျိတ်ပြီး ဆုတောင်းနေကြမှာပါ။ ဒီလိုဆုတောင်းခြင်းတွေထဲမှာ ပူပင်သောကတွေပါ တွဲကပ်နေတာကို မြင်နေရပါတယ်။

အားလုံးရဲ့ရင်ထဲက ဆုတောင်းမှုတွေလျော့သွားအောင်၊ ဆုတောင်းခြင်းတွေကင်းသွားအောင်၊ ပူပင်သောကတွေ ပြေပျောက်သွားအောင် အဓိကလုပ်ဆောင်ပေးနိုင်တဲ့သူတွေကတော့ သားတို့သမီးတို့ကိုယ်တိုင်ပါပဲ။ အောင်မြင်မှုအပေါ် ကိုယ်တိုင်ယုံကြည်လာရပါမယ်။ အဲဒီကတစ်ဆင့် မိဘ၊ ဆရာတွေကို ယုံကြည်မှုတွေ ကူးစက်သွားစေရပါမယ်။ ယုံကြည်မှုကိုတော့ ကြိုးစားခြင်းနဲ့ တည်ဆောက်ယူရမှာပါ။ ဒါကြောင့် ကျန်နေသေးတဲ့ သုံးလတာကာလအတွင်းမှာ အစွမ်းကုန်ကြိုးစားကြရင်းနဲ့ ဆုတောင်းခြင်းတွေ ကင်းနိုင်ကြစေလိုပါတယ်။

သားတို့သမီးတို့အားလုံး ၂၀၁၆-၂၀၁၇ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို တည်ငြိမ်အေးချမ်းစွာ ဖြေဆိုနိုင်ကြပါစေလို့ ဆန္ဒပြုရင်းဖြင့်။ ။

# မျက်စိဝေဒနာရှင် ပြည်သူများအား အခမဲ့ခွဲစိတ်ကုသပေးမှု ကော့သောင်းမြို့၌ ပြုလုပ်ပေးမည်



**ကော့သောင်း ဒီဇင်ဘာ ၁၈**

သန်းဒီပါ ဘက်စုံဖောင်ဒေးရှင်းနှင့် ကော့သောင်းဂရုကုမ္ပဏီလီမိတက်မှစေတနာရှင်များ ပူးပေါင်းကာ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ပြည်သူ့ဆေးရုံကြီးတွင် ဒီဇင်ဘာ ၂၆ ရက်မှ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂၀ ရက်အထိ ခရိုင်အတွင်းရှိ မျက်စိဝေဒနာရှင် ပြည်သူများအား စက္ကူဒါနကုသိုလ်အဖြစ် အခမဲ့ခွဲစိတ်ကုသပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအစီအစဉ်တွင် ရန်ကုန်မြို့မှ မျက်စိပါရဂူဆရာဝန်ကြီးများနှင့် ကော့သောင်းခရိုင် ပြည်သူ့ဆေးရုံမှ ဆရာဝန်များပူးပေါင်းကာ ခရိုင်အတွင်းရှိ မျက်စိဝေဒနာသည်များအား အခမဲ့ကုသိုလ်ဖြစ်ခွဲစိတ်ကုသပေးမည်ဖြစ်ရာ လာရောက်ကုသမှုခံယူမည့် ဝေဒနာရှင်များအား မခွဲစိတ်မီနှင့် ခွဲစိတ်ပြီးသည့်အချိန်အထိ စမ်းသပ်ခ၊ ခွဲစိတ်ခ၊ ဆေးဝါးနှင့် မျက်မှန်လိုအပ်ချက်များကို အခမဲ့ကုသိုလ်ပြုကျခံပေးမည်ဖြစ်သည်။

ကုသမှုခံယူလိုသည့် ရပ်နီးရပ်ဝေးမှ ဝေဒနာရှင်များ ဆက်သွယ်အကြောင်းကြားနိုင်မည့် ဖုန်းနံပါတ်များ ဖော်ပြပါရှိသည့် ဗီနိုင်း ကြော်ငြာပိုစတာကြီးများကို ကော့သောင်းမြို့ပေါ် ရပ်ကွက်များ၊ လေဆိပ်၊ ရေဆိပ်၊ ကားဂိတ်များအပါအဝင် မြို့၏အချက်အချာ အသွားအလာများပြားရာ လမ်းဆုံလမ်းခွများတွင်ထားရှိ၍ အသိပေးထားကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

## အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ အလွတ်သဘောဆွေးနွေးပွဲသို့ တက်ရောက်ရန် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ ရန်ကုန်မြို့သို့ရောက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၁၈**

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ အလွတ်သဘောဆွေးနွေးပွဲသို့တက်ရောက်ရန် အာဆီယံနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများသည် ရန်ကုန်မြို့သို့ ယနေ့နံနက်ပိုင်းမှစတင်ကာ လေကြောင်းခရီးဖြင့် ရောက်ရှိလာကြောင်း သိရသည်။

**(သတင်းစဉ်)**




## ခရစ်တော်မွေးနေ့ အကြိုဝတ်ပြုဆုတောင်းခြင်းနှင့် မိတ်သဟာယ ညစာစားပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၈**

မြန်မာနိုင်ငံ ကက်သလစ် ဆရာတော်ကြီးများအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များ ကောင်စီတို့က ကြီးမှူးကျင်းပသည့် ခရစ်တော်မွေးနေ့ အကြိုဝတ်ပြုဆုတောင်းခြင်းနှင့် မိတ်သဟာယ ညစာစားပွဲကို ယမန်နေ့ ညပိုင်းက ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ပြည်လမ်းနှင့် မပိုလမ်းထောင့်ရှိ ဖာတီမာ မယ်တော်ဘုရားကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ သဘာပတိ မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များ ကောင်စီ ပြည်သူ့ဆက်ဆံရေးကော်မတီ သာသနာပိုင်ချုပ်ကြီး စတီဗင်သန်းမြင့်ဦးက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့က နှုတ်ခွန်းဆက်မေတ္တာစကားများ ပြောကြားကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ကက်သလစ် ဆရာတော်ကြီးများအဖွဲ့ချုပ်မှ ကာဒီနယ်လ် ချားလ်(စ်)ဘိုက ခရစ္စမတ်မေ့ဒေသနာ ဟောကြားခြင်း၊ သိက္ခာတော်ရ ဆရာတော်များ၊ သီလရှင်များနှင့် ဝန်ထမ်းများက ဓမ္မသံစုံကျူးခြင်း၊သမ္မာကျမ်းစာဖတ်ခြင်း၊ ဓမ္မသီချင်းများ သီဆိုခြင်း၊ ကောင်းချီးမင်္ဂလာနှင့် ကျေးဇူးတင်စကားပြောကြားခြင်းတို့ကို ဆောင်ရွက်ကြပြီး တက်ရောက်လာကြသူများအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

**(သတင်းစဉ်)**

## သက်ကြီးအဘိုးအဘွား၊ ဆရာ ဆရာမကြီးများအား ကန်တော့

**ရန်ကုန် ဒီဇင်ဘာ ၁၈**

"သက်ကြီး အဘိုးအဘွား၊ ဆရာ ဆရာမကြီးများကိုသာ ရွေး၍ ကန်တော့တဲ့ ပွဲဖြစ်ပါတယ်။ အသက် (၉၀)ကျော် ခြောက်ဦး၊ အသက် (၇၀)ကျော် ၁၃၀ နှင့် အသက် (၇၀) အောက် ၁၁၇ ဦးစတဲ့ သက်ကြီးအဘိုးအဘွားများအား ကန်တော့ကြမှာပါ"ဟု ဒီဇင်ဘာ ၁၈ ရက် နံနက် ၁၀ နာရီတွင် အင်းစိန် အထက (၁) ၌ ကျင်းပသည့် (၁၀) ကြိမ်မြောက် အင်းစိန်မြို့နယ် သက်ကြီး အဘိုးအဘွား ဆရာ ဆရာမကြီးများအား ကန်တော့ပွဲတွင် ကျင်းပရေး ကော်မတီနာယကအဖွဲ့ဝင် ဦးအေးကြိုင်က ပြောသည်။

ထို့နောက် အထက (၁) ကျောင်းဘက်စုံ ဖွံ့ဖြိုးရေး လုပ်ငန်းများတွင် အသုံးပြုရန်အတွက် ငွေကျပ် ၁၀ သိန်း ပေးအပ်လှူဒါန်းပြီး သက်ကြီး အဘိုးအဘွား၊ ဆရာ ဆရာမကြီး အသက် (၉၀)ကျော်နှင့်အထက် ခြောက်ဦးအား တစ်ဦးလျှင် ငွေကျပ် သုံးသိန်းစီ၊ အသက် (၇၀)ပြည့်နှင့် အထက် ၁၃၀ အား တစ်ဦးလျှင် ငွေကျပ်တစ်သိန်းငါးသောင်းစီနှင့်၊ အသက် (၇၀)အောက် ၁၁၇ ဦးတို့အား တစ်ဦးလျှင် ငွေကျပ် တစ်သိန်းစီတို့ကို ကျင်းပရေး ကော်မတီနှင့် အဖွဲ့ဝင် တပည့်ဟောင်းများက ပစ္စည်းများဖြင့် ကန်တော့ကြရာ ကန်တော့ခံ အဘိုးအဘွားများက ဆုံးမဩဝါဒစကား ပြန်လည်ပြောကြားသည်။

၂၀၁၈ ခုနှစ်တွင်လည်း သက်ကြီး အဘိုးအဘွား၊ ဆရာ ဆရာမကြီးများအား (၁၁)ကြိမ်မြောက် ကန်တော့ပွဲ ကျင်းပသွားမည်ဖြစ်ပြီး အထက (၁) (အင်းစိန်)၏ နှစ် (၉၀) ရာပြည့် အကြိုပွဲတော်ကိုလည်း ပူးတွဲကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**



## စကြာမင်းတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ စက်ရုံသစ်ဖွင့်

**ရန်ကုန် ဒီဇင်ဘာ ၁၈**

စကြာမင်း တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ကောင်းမွန်သောကျင့်စဉ်စနစ် (GMP)ဖြင့် ထုတ်လုပ်မည့် တိုင်းရင်းဆေးဝါးစက်ရုံသစ်ဖွင့်ပွဲကို ယနေ့နံနက်၉နာရီက ရန်ကုန်မြို့ ရန်ကုန် စက်မှုဇုန် မင်္ဂလာဒုံဥယျာဉ်မြို့တော်ရှိ စကြာမင်း တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးစက်ရုံဝင်းအတွင်း ကျင်းပသည်။

စကြာမင်း တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ မန်နေဂျင်းဒါရိုက်တာ ဆရာမြင့်က " တိုင်းရင်းဆေးတွေကို ကုန်ကြမ်းကနေ ကုန်ချောအထိ ကောင်းမွန်သောကျင့်စဉ်စနစ် (GMP)နဲ့ အညီ ထုတ်လုပ်သွားမယ်။ ဆေးဝါးတွေကို ရိုးရာမပျက် ခေတ်မီနည်းစနစ်တွေနဲ့ သတ်မှတ်စံနှုန်းကိုက်ညီအောင်၊ ဒီစက်ရုံကထုတ်လုပ်လိုက်တဲ့ ဆေးဝါးတွေကို ရပာန်းသံဃာတွေပြည်သူလူထုတွေ ဆေးအာနိသင် အပြည့်အဝရရှိဖို့တိုင်းရင်းဆေးလောက ဖွံ့ဖြိုးတိုးတက်ဖို့ ဆန္ဒနဲ့ ဒီစက်ရုံကို တည်ဆောက်တာပါ"ဟု ပြောသည်။



စကြာမင်းတိုင်းရင်းဆေးဝါးစက်ရုံ ဖွင့်ပွဲသို့ တက်ရောက်လာသည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီအတွင်းရေးမှူး ဒေါက်တာသန်းဝင်းက "မြန်မာတိုင်းရင်းဆေးလောကအတွက် ဂုဏ်ယူစရာကောင်းတယ်။ သိပ္ပံနည်းကျတယ်။စနစ်လည်းကျတယ်။ ခေတ်လည်းမီတယ်။ အဲဒီအချက်တွေနဲ့ ပြည့်စုံတဲ့အတွက် ဒါကိုအတုယူပြီး တိုင်းရင်းသမားတော်တွေ အနေနဲ့လည်း မြန်မာ့တိုင်းရင်းဆေးလောကကြီး ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဖို့လိုတယ်"ဟုပြောသည်။

ထို့အတူ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ကျန်းမာရေးနှင့် အားကစား ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင် ဦးမြင့်ဦးက "မြန်မာတိုင်းရင်းဆေးဆရာတွေ၊ တိုင်းရင်းဆေးထုတ်လုပ်သူတွေက ကမ္ဘာ့အဆင့်မီတဲ့ ဆေးဝါးထုတ်လုပ်မှုလုပ်ငန်းတွေကို ကမ္ဘာကလက်ခံလာအောင် လုပ်နိုင်တယ်။ ရှေ့ဆောင်ဦးရွက်ပြုနိုင်တယ်ဆိုတာပြလိုက်တာပဲ။ အာဆီယံနိုင်ငံတွေက လာလေ့လာမယ်ဆိုလည်း ပြသနိုင်တဲ့အနေအထားမျိုးဖြစ်တယ်။ ဒါဟာ အနာဂတ်အတွက် လမ်းစဖြစ်လာပြီး တိုင်းရင်းဆေးလောကပြောင်းလဲဖို့ ခြေလှမ်းတွေဖြစ်လာတယ်" ဟုပြောသည်။

မြန်မာတိုင်းရင်းဆေးလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်နှင့်မညီတော့သည့် ၂၀၀၀ ပြည့်နှစ်တွင် ရေးဆွဲပြဋ္ဌာန်းခဲ့သည့် တိုင်းရင်းဆေးကောင်စီဥပဒေကို အသစ်ပြန်လည်ရေးဆွဲရန် ပြင်စဉ်လျက်ရှိကြောင်း ယနေ့ပြုလုပ်သည့်ဖွင့်ပွဲအခမ်းအနားမှ သိရသည်။

စကြာမင်းတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ နိုင်ငံတော်အစိုးရက အသိအမှတ်ပြုထားသည့် ဆေးဝါး၂၄ မျိုးကို ထုတ်လုပ်လျက်ရှိကြောင်း စကြာမင်း တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး မန်နေဂျင်းဒါရိုက်တာထံမှ သိရသည်။

**(သီသီမင်း)**

## ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**အရာတော် ဒီဇင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်အတွင်းရှိကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားလာစေရန်ရည်ရွယ်၍ ဆောင်ရွက်ပေးလျက်ရှိသော ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဒီဇင်ဘာ ၁၅ ရက် နံနက်ပိုင်းကကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့နယ်ဦးစီးမှူး ဦးတေဇာထွန်းနှင့် ဝန်ထမ်းများက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သပြေသာကျေးရွာ၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် မြစိမ်းရောင်စီမံကိန်းစတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသောသပြေသာကျေးရွာ၏ လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ မှ ပထမလေးလ တစ်ကြိမ်အတိုးရရှိငွေကျပ်၁၇၇၉၀၀၀ကို ကောက်ခံရရှိထားပြီး ၎င်းအတိုးရငွေမှ ထပ်မံထုတ်ချေးထားရှိမှုများအား ငွေစာရင်းပုံစံစာအုပ်များတွင် စနစ်တကျ ရေးသွင်းထားရှိမှုများနှင့် လုပ်ငန်းအခြေအနေများကို လည်းကောင်း၊ ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေရရှိ ရေးအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရန်ပုံငွေဖြင့် Tech Friends Co.Ltd. က ဆောင်ရွက်သည့် သပြေသာကျေးရွာ ၄ ဒသမ ၂၅ လက်မစက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းနှင့် ဂါလန် ၂၄၀၀ဆံ့ ကွန်ကရစ်ရေစင်၊ ရေစက်ရုံတည်ဆောက်နေမှု အခြေအနေများကို လုပ်ငန်းအရည်အသွေး ပြည့်မီစေရန်၊ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးနိုင်ရေး ကွင်းဆင်းစစ်ဆေးခဲ့ကြောင်းသိရသည်။

**သူရ(အရာတော်)**

## လုံခြုံရေးနှင့် မိုင်းအသိပညာပေးဟောပြော



**နေပြည်တော် ဒီဇင်ဘာ ၁၈**

နေပြည်တော်ကောင်စီနယ်မြေ ဟိုတယ်ဇုန် (၂)ရှိ ဟိုတယ်များမှ တာဝန်ရှိသူများနှင့် လုံခြုံရေးဝန်ထမ်းများအား လုံခြုံရေးအသိပညာပေးခြင်း၊ မိုင်းအသိပညာပေးခြင်း၊ မှုခင်းကျဆင်းရေးပညာပေးဟောပြောခြင်းတို့ကို ဒီဇင်ဘာ ၁၄ ရက် နံနက် ၉ နာရီက မောင့်ပလဲဆင့်ဟိုတယ်ရှိ ဥတ္တရသီရိခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် နေပြည်တော်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဇော်ခင်အောင် ဦးဆောင်၍ ဥတ္တရခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သိန်းဝင်း၊ နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံး(ဦးစီး) ရဲမှူးဝင်းမြင့်၊ မှုခင်းတပ်ဖွဲ့မှ ရဲမှူးထွန်းသန်းနှင့် ဥတ္တရသီရိမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်သန်းတို့က အသိပညာပေး ဆောင်ရွက်ရာ အခမ်းအနားသို့ ဟိုတယ်များမှ တာဝန်ရှိသူများနှင့် လုံခြုံရေးဝန်ထမ်း ၆၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(ဇော်မင်းအောင်)**

## ငါးခူရမြောက်ကျေးရွာ၌ မီးလောင်မှုဖြစ်ပွား

**နေပြည်တော် ဒီဇင်ဘာ ၁၈**

မောင်တောမြို့နယ် ငါးခူရမြောက်ကျေးရွာ၌ ယမန်နေ့ညပိုင်းက မြေစိုက်တဲတစ်လုံး မီးလောင်မှုဖြစ်ပွားရာ နယ်မြေခံရဲတပ်ဖွဲ့ဝင်များ သွားရောက်မီးငြိမ်းသတ်ခဲ့ရကြောင်း သိရသည်။

မောင်တောမြို့နယ် ငါးခူရမြောက်ကျေးရွာ၌ ယမန်နေ့ည ၉ နာရီ မိနစ် ၄၀ ခန့်က မီးလောင်ကျွမ်းမှုဖြစ်ပွားလျက်ရှိသဖြင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များက သွားရောက်၍ မီးငြိမ်းသတ်ခဲ့ရကြောင်း၊ မီးလောင်မှုကြောင့် မာမောက်မျာ (ဘ) အဒူဆာလမ်၏ ထရံကာမြေစိုက်တဲ တစ်လုံး မီးလောင်ပျက်စီးခဲ့ပြီး အနီးပတ်ဝန်းကျင်နေအိမ်များ၌ မည်သူတစ်ဦးတစ်ယောက်မျှမတွေ့ရသဖြင့် ရဲတပ်ဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများက မီးငြိမ်းသတ်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# အမှတ်(၃၆)အကြီးစားစက်ရုံနှင့် အမှတ်(၃၃)အကြီးစားစက်ရုံတို့ကို ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၁၈**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် ယမန်နေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်စက်မှုနယ်မြေရှိ အမှတ်(၃၆)အကြီးစားစက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် International Glass Co., Ltd. သို့ ငှားရမ်းထားသည့် အမှတ်(၃၆) အကြီးစားစက်ရုံ(ကျောက်ဆည်)သို့ရောက်ရှိရာ စက်ရုံရှင်းလင်းဆောင်၌ စက်ရုံမှူးက ကုန်ထုတ်လုပ်မှု၊ ဖြန့်ဖြူးရောင်းချမှု၊ စက်ပစ္စည်းများ မွမ်းမံပြင်ဆင်တိုးချဲ့တပ်ဆင်ထားသည့်အခြေအနေ၊ ရဟတ်ယာဉ်ကွင်း တိုးချဲ့အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ဈေးနှုန်းသက်သာပြီး အရည်အသွေးကောင်းမွန်သည့်မှန်များ ထုတ်လုပ်နိုင်မှသာ ဈေးကွက်တွင် ယှဉ်ပြိုင်ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် အရည်အသွေးကောင်းမွန်သည့် မှန်များထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်ရန်လိုကြောင်းမှာကြားပြီး စက်ရုံအတွင်း လှည့်လည်စစ်ဆေးသည်။

ညနေပိုင်းတွင် စက်မှုဝန်ကြီးဌာနမှ Myanmar Conch Co., Ltd. သို့ ငှားရမ်းထားသည့် အမှတ်(၃၃)အကြီးစားစက်ရုံ(ကျောက်ဆည်)သို့ရောက်ရှိပြီး ဘိလပ်မြေထုတ်လုပ်မှုနည်းစဉ်အဆင့်ဆင့်နှင့် လျှပ်စစ်ထုတ်လုပ်ရေးဌာနတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို မှာကြားခဲ့သည်။ **(သတင်းစဉ်)**

# မြန်မာ့တပ်မတော်နှင့် တရားသောစစ်အောင်မြင်စေကြောင်း ထောက်ခံပွဲ ရန်ကုန်မြို့တွင် ပြုလုပ်

**ရန်ကုန် ဒီဇင်ဘာ ၁၈**

မျိုးချစ်မြန်မာ့တပ်မတော်နှင့် နိုင်ငံတော်ကာကွယ်ရေး တာဝန်ကို သက်စွန့်ကြိုးပမ်းထမ်းဆောင်နေကြသည့် ကြည်း၊ ရေ၊ လေ တပ်မတော်သားများ၏ တရားသောစစ်အောင်မြင်စေကြောင်း ထောက်ခံပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့၌ ပြုလုပ်သည်။



တရားသောစစ်အောင်မြင်စေကြောင်း ထောက်ခံပွဲ ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့၌ ပြုလုပ်စဉ်။

"ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်တွေကို ကာကွယ်ဖို့ တပ်မတော်က ရှေ့တန်းမှာ အသက်ကိုရင်းပြီး တိုက်ပွဲဝင်နေတဲ့အတွက် အခုလို ထောက်ခံမှုတွေ လုပ်တာပါ။ တပ်မတော်၊ ပြည်သူနဲ့ အစိုးရ တစ်သားတည်းဖြစ်မှ ဒီမိုကရေစီလမ်းကြောင်းမှာ အောင်မြင်မှုတွေရရှိပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်နိုင်မှာပါ" ဟု အဆိုပါထောက်ခံပွဲတွင်ပါဝင်သူ ဦးနေလင်းက ပြောသည်။

နိုင်ငံတော်၏ အနောက်ဘက်မောင်တောဒေသနှင့် အရှေ့မြောက်ဒေသများတွင် လက်နက်ကိုင်အဖွဲ့အစည်းများသည် နိုင်ငံတော်၏ လုံခြုံရေးတာဝန်ထမ်းဆောင်နေသော တပ်မတော်စခန်းများ၊ ရဲတပ်ဖွဲ့စခန်းများ၊ အစိုးရအဆောက်အအုံများနှင့် ပြည်သူတို့၏ အိုးအိမ်များကို ဝင်ရောက်တိုက်ခိုက်ဖျက်ဆီးခြင်းနှင့် ပြည်သူအများအေးချမ်းစွာ ရောင်းဝယ် ဖောက်ကားနေသော လားရှိုး-မူဆယ်လမ်းမကြီးကို ပိတ်ဆို့ခြင်းတို့ကြောင့် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များ ထိခိုက်ပျက်စီးဆုံးရှုံးခြင်းကို တာဝန်သိပြည်သူများအနေဖြင့် စိတ်မချမ်းမြေ့စွာ စောင့်ကြည့်သိရှိနေရပါကြောင်း၊ အဆိုပါလုပ်ရပ်များသည် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိပါးခြင်းဖြစ်သည့်အပြင် ပြည်သူများနှစ်ပေါင်းများစွာ မျှော်လင့်စောင့်စားလာခဲ့သော ငြိမ်းချမ်းရေးရည်မှန်းချက်ပျက်ပြားစေနိုင်သည့် လုပ်ရပ်များဖြစ်သည်ဟု ပြတ်ပြတ်သားသား သတ်မှတ်ပါကြောင်းတို့ အပါအဝင် အချက် ကိုးချက်ပါဝင်သော သဘောထားကြေညာချက် တစ်စောင်ကို ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ထို့အပြင် ခွဲတိုင်းလည်း တို့မကွဲ၊ လဲ့တိုင်လည်း တို့မလဲ၊ အမျိုးဘာသာသာသနာ တပ်မတော်သာလျှင် အားထားရာ၊ တပ်မတော်သာလျှင် နိုင်ငံအမြတ်ကို ပေးစွမ်းနိုင်လိမ့်မည်၊ တပ်နှင့်ပြည်သူ သွေးခွဲမည့်အကြံ တို့လက်မခံ အစရှိသည့် ဗီနိုင်းများကို ကိုင်ဆောင်၍ ပြည်ထောင်စုတည်တံ့ခိုင်မြဲရေး ဒို့အရေး၊ အမျိုးဘာသာသာသနာကာကွယ်ရေး ဒို့အရေး၊ တိုက်ပွဲဝင် တပ်မတော်သားများ ကျန်းမာပါစေ၊ တရားသောစစ် အောင်ရမည် စသည့် ကြွေးကြော်သံများ ကြွေးကြော်ကြသည်။

အဆိုပါထောက်ခံပွဲတွင် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၊ မျိုးချစ်မြန်မာရဟန်းတော်များ သမဂ္ဂ၊ မြန်မာ့မြေကာကွယ်ရေး အရပ်သားတပ်ဖွဲ့၊ မျိုးစောင့်လူငယ်များ ကွန်ရက်၊ မျိုးချစ်လူငယ်များကွန်ရက်၊ ရခိုင်လူငယ်များအဖွဲ့၊ အမျိုးသားရေး စွမ်းအားသစ် ညီနောင်များအဖွဲ့၊ အမျိုးသားရေး စာရေးဆရာများ၊ ကြက်ခြေနီ အသင်းအဖွဲ့ဝင်များ၊ အမျိုးသားရေး လူထုကိုယ်စားလှယ်များ၊ ပုဂ္ဂလိက အမျိုးသားရေး စွမ်းဆောင်သူများအပါအဝင် ပြည်သူထောင်ချီ၍ ပါဝင်ထောက်ခံခဲ့ကြောင်း သိရသည်။

**သတင်း - ဇာနည်မောင်**
**ဓာတ်ပုံ - ခင်မောင်ဝင်း**

## ✳ အာရှပီတန်းပြိုင်ပွဲမှ

ယှဉ်ပြိုင်ကစားကြရာ မြန်မာ(A) အသင်းမှ (၁၃)မှတ် (၁၁)မှတ်ဖြင့် လည်းကောင်း အနိုင်ရဗိုလ်စွဲခဲ့သည်။

ပြိုင်ပွဲများအပြီး ဆုပေးပွဲအခမ်းအနားကိုကျင်းပရာ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက Nation's Cup For Men's Triple Winner ဆုကို မလေးရှားအသင်းအားလည်းကောင်း၊ မြန်မာပီတန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးစိုးမိုးအောင်က Nation's Cup For Women's Triple Winner ဆုကို မြန်မာ(B) အသင်းအားလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ Junior Triple ပြိုင်ပွဲတွင် ပထမဆုရ ထိုင်း(A)အသင်း၊ ဒုတိယဆုရ ကမ္ဘောဒီးယားအသင်းနှင့် ပူးတွဲတတိယဆုရ ထိုင်း(B)အသင်းနှင့် တရုတ်တိုင်ပေအသင်းတို့အား မြန်မာနိုင်ငံပီတန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအေးထွန်းက လည်းကောင်း၊ Men's Triple ပြိုင်ပွဲတွင် ပထမဆုရ ထိုင်း(A)အသင်း၊ ဒုတိယဆုရ လာအိုအသင်း၊ ပူးတွဲတတိယဆုရ ထိုင်း(B) အသင်းနှင့် ကမ္ဘောဒီယားအသင်းတို့အား အာရှပီတန်းအဖွဲ့ချုပ်အတွင်းရေးမှူး Dr. Meas Sarlin က လည်းကောင်း၊ Women's Triple ပြိုင်ပွဲတွင် ပထမဆုရ မြန်မာ(B) အသင်း၊ ဒုတိယဆုရ ထိုင်း(B)အသင်း၊ ပူးတွဲတတိယဆုရ ထိုင်း(A)အသင်းနှင့် ကမ္ဘောဒီးယားအသင်းတို့အား မြန်မာနိုင်ငံပီတန်းအဖွဲ့ချုပ် အမှုဆောင်နာယက ဦးသိန်းဝင်းက လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ❁ အင်းလေးကန်မှ

အာဆီယံယဉ်ကျေးမှုအမွေအနှစ် ဒေသတစ်ခုအဖြစ် သတ်မှတ်ထားသည်။

အင်းလေးကန်အတွင်းသို့ အရှေ့ဘက်တောင်တန်းများမှ စီးဝင်သောချောင်း ၁၇ ချောင်းမှ ရေဆင်းဧရိယာ ၁၄၆ စတုရန်းမိုင်၊ အနောက်ဘက်တောင်တန်းများမှ စီးဝင်သောချောင်း ၁၁ ချောင်းမှ ရေဆင်းဧရိယာ ၇၄၈ မိုင်၊ မြောက်ဘက်မှစီးဝင်သောချောင်း တစ်ချောင်းမှ ရေဆင်းဧရိယာ ၅၂၈ စတုရန်းမိုင် စုစုပေါင်း ၂၉ ချောင်းမှ ရေဆင်းဧရိယာ ၁၄၂၂ စတုရန်းမိုင်ရှိသည်။

အင်းလေးကန်သည် သဘာဝပတ်ဝန်းကျင်အနေအထားပြောင်းလဲလာမှု၊ ရာသီဥတုပြောင်းလဲလာမှုဖြစ်စဉ်များ ဆက်တိုက်ဖြစ်ပေါ်နေမှု၊ ကမ္ဘာကြီးပူနွေးလာမှု၊ ရေဝေရေလဲဧရိယာအတွင်း မြေယာအသုံးချမှုပုံစံပြောင်းလဲလာမှုတို့ကြောင့် မူလက ၁၀၄ စတုရန်းမိုင်အထိ အကျယ်အဝန်းရှိရာမှ နှစ်စဉ်သဲနုန်းပို့ချမှု၊ လူဦးရေထူထပ်လာမှုနှင့် အခြေချနေထိုင်သူဦးရေများပြားလာမှု၊ ကျွန်းမျော(ရေခြံ)စိုက်ခင်း များပြားလာမှုတို့ကြောင့် ၂၀၀၇ ခုနှစ် တိုင်းတာချက်အရ လက်ရှိ အင်းလေးကန် နယ်နိမိတ်ဧရိယာသည် ၆၃ စတုရန်းမိုင်သာရှိတော့သည်။

အင်းလေးရေဆင်းဧရိယာအတွင်းသို့ နှစ်စဉ် ပျမ်းမျှ သဲနုန်း ကျင်းပေါင်း သုံးသိန်းမှ ငါးသိန်းအထိ ပို့ချနေသည်။ ဆည်မြောင်းဦးစီးဌာနအနေဖြင့် နှစ်စဉ်ပျမ်းမျှ သဲနုန်းကျင်း တစ်သိန်းခန့်သာ တူးဖော်နိုင်သည်။ အင်းလေးကန်အတွင်း ပို့ချလျက်ရှိသည့် သဲနုန်းများတွင် အဓိက နန်းလတ်ချောင်း၊ နယ်ခြားချောင်း၊ ကလောချောင်း၊ ဘီလူးချောင်းတို့ဖြစ်သည်။ သဲနုန်းပို့ချမှု၏ အဓိကအချက်များမှာ ရေဝေရေလဲဧရိယာအတွင်းတွင် သစ်တောသစ်ပင်များ နည်းပါးလာမှု၊ မမှန်ကန်သည့် စိုက်နည်းစနစ်များဖြင့် မြေယာအသုံးချမှုနှင့် ကမ်းပါးပြိုကျမှုမှ သဲနုန်းပို့ချမှုသည် အများဆုံးဖြစ်သည်။

အင်းလေးကန်ဝန်းကျင် ရေဝေရေလဲဧရိယာများသည် လွင်ပြင်နည်းပါးပြီး တောင်စောင်းတောင်ကုန်းဒေသများဖြစ်သည်။ မြေအမျိုးအစားမှာ ရေတိုက်စားလွယ်သော မြေနီ၊ မြေခေါင်းပွဲနှင့် ထုံးကျောက်၊ ယေှလကျောက်၊ ရွှံ့စေးများ ပါဝင်သည်။ မူလက သစ်တောဖုံးလွှမ်းခဲ့သည့် တောင်များသည် တောင်ယာခုတ်ထွင်ရှင်းလင်း ထွန်ယက်စိုက်ပျိုးခြင်းကြောင့် အပေါ်ယံမြေလွှာများအချပ်လိုက်တိုက်စားခြင်းနှင့် ကမ်းပါးပြိုတိုက်စားခြင်းတို့ကြောင့် အင်းလေးကန်အတွင်း သဲနုန်းပို့ချမှုများလာခြင်းဖြစ်သည်။ သဲနုန်းအနည်များ များပြားစွာ ပို့ချခံရမှုကြောင့် အင်းလေးကန်သည် ရေသိုလှောင်မှုပမာဏကျဆင်းလာခဲ့ရပြီး ပူပြင်းခြောက်သွေ့သည့်ကာလများတွင် အင်းရေပြင်နှင့် ဆက်စပ်လျက်ရှိသော ကျေးရွာများမှ ကမ်းစပ်ဒေသများတွင် တိမ်ကောမှုများဖြစ်ပေါ်လာခဲ့သည်။

ရာသီဥတုပြောင်းလဲမှုကြောင့် ၂၀၁၀ ခုနှစ် မေလအတွင်း ထူကဲစွာအရှိန်မြင့်တက်လာခြင်းကြောင့် အင်းလေးကန်အတွင်းတွင် ကုန်းတွင်းရေကန်များ ခန်းခြောက်လာခြင်း၊ အင်းလေးကန်အတွင်းတွင်လည်း ရေပမာဏအနည်းဆုံးအထိ ရောက်ရှိလာပြီး ရေပြင်အနေအထားသည် အနိမ့်ဆုံးသို့ ဆိုးရွားစွာ ကျရောက်ခဲ့သဖြင့် မကြုံစဖူး အောက်ခံမြေသားများပေါ်လာပြီး သွားလာရေးခက်ခဲမှုနှင့် ကြုံတွေ့လာရသည်။

ထို့ကြောင့် အင်းလေးကန်သဘာဝပတ်ဝန်းကျင် ဂေဟစနစ်မပျက်သုဉ်းစေရန်၊ အင်းလေးကန်အဝန်း သာယာလှပစိမ်းလန်းစိုပြည်ရန်ဟူသော ရည်ရွယ်ချက်ဖြင့် ဆည်မြောင်းဦးစီးဌာနက အင်းလေးကန်ကို မျက်ခြည်မပြတ် စူးစမ်းလေ့လာတိုင်းတာခြင်း၊ တည်ဆောက်ပြီး နုန်းထိန်းတမံ ခြောက်ခုနှင့် နုန်းဖယ်ဆည် ၁၅၅ ခု တည်ဆောက်ခြင်း၊ ထိန်းသိမ်းခြင်း၊ သဲနုန်းများဖော်ခြင်း၊ သဲနုန်းများဖော်ရာတွင် နှစ်စဉ်ပျမ်းမျှ သဲနုန်းကျင်း ၁၀၅၂၅၀ ကျင်းများပေါ်ခဲ့ရာ ယနေ့အထိ သဲနုန်းကျင်းပေါင်း ၂၄ ဒသမ ၉၃ သိန်း ဆည်ယူခဲ့သည်။ အဓိက ရေလမ်းတစ်လျှောက် ရေလမ်းအမှတ်အသားနှင့် နယ်နိမိတ်မှတ်တိုင်များ စိုက်ထူခြင်း၊ ရှင်းလင်းပြီး ကျွန်းမျောရိုင်းများကို စုစည်းထိန်းချုပ်ခြင်း (ခြံစည်းရိုးစိုက်ထူခြင်း)တိုင်တန်းများကာရံခြင်း၊ ကျွန်းမျော၊ ရေမှော်၊ ဗေဒါ ရှင်းလင်းခြင်းလုပ်ငန်းများကို မပြတ်ဆောင်ရွက်နေသည်။

အင်းလေးကန် ရေရှည်တည်တံ့ရေးနှင့် သဘာဝအခြေအနေများ ထိန်းသိမ်းရန်အတွက် အင်းလေးကန်ပတ်ဝန်းကျင်တွင် တူးဖော်ထားပြီး နုန်းများဖြင့် ပြည့်နေပြီဖြစ်သည့် ကန်ထောင့်ကန်၊ နဒီကန်၊ သာစည်ကန်၊ ကန်တော်ကန်၊ ကန်နီကန်၊ (လွယ်တန့်ကန်)၊ လွယ်မောကန် အစရှိသည့် ကန်များ နုန်းစစ်ကန်အဖြစ်အသုံးပြုသွားရန် သဲနုန်းတူးဖော်ခြင်း၊ အင်းလေးကန်၏ အနောက်ဘက်ခြမ်းတွင် တည်ရှိသည့် ရေပယ်နုန်းထိန်းတမံနှင့် သနပ်ခါးနုန်းထိန်းတမံတို့ကို သဲနုန်းတူးဖော်ခြင်း၊ အင်းလေးကန်၏ အဓိက စီးဝင်သောချောင်းများကို စနစ်တကျပြန်လည်တူးဖော်၍ ရေစီးရေလာကောင်းမွန်ရန် ဆောင်ရွက်ခြင်း၊ အင်းလေးကန်နှင့် အဓိက ဆက်သွယ်သည့် ရေလမ်းကြောင်းများဖြစ်သည့် နန့်ကတ်ချောင်း၊ ငါးဖယ်ချောင်း၊ ဖောင်တော်ဦး အလိုတော်ပေါက် ရေလမ်းကြောင်းများကို သဲနုန်းတူးဖော်ခြင်း၊ အင်းလေးကန်အတွင်းသို့ စီးဝင်သည့် ချောင်းများ၊ ချောင်းလက်တက်များ၊ နုန်းဖယ်ဆည်များ တည်ဆောက်ပေးခြင်းဖြင့် အင်းလေးကန်အတွင်း သဲနုန်းအဝင်နည်းလာပြီး အင်းလေးကန်ရေရှည်တည်တံ့သွားမည်ဖြစ်ကြောင်း သိရသည်။

အင်းလေးကန်သာယာလှပစိမ်းလန်းစိုပြည်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ကန်အတွင်းနှင့် ကမ်းစပ်ဧရိယာများနှင့် ချောင်းများအတွင်း သဲနုန်းများတူးဖော်ဖယ်ရှားသည့်နည်းတူ အင်းလေးကန် ရေဝေရေလဲဧရိယာအတွင်း သဲနုန်းကျဆင်းမှုကို ထိန်းသိမ်းကာကွယ်သည့် သစ်တောသစ်ပင်များ ပြန်လည်ပြုစုပျိုးထောင်ခြင်းကို သစ်တောဌာနက လည်းကောင်း၊ ကမ်းပါးပြိုမှုများကို စနစ်တကျထိန်းသိမ်းရန်နှင့် မြေယာအသုံးချမှု မှန်ကန်ရေး၊ မှန်ကန်သော နည်းစနစ်များဖြင့် စိုက်ပျိုးရန် စိုက်ပျိုးရေးဌာနမှ ဆောင်ရွက်ပြီး ဒေသခံပြည်သူများကလည်း အသိစိတ်ဓာတ်ဖြင့် ပူးပေါင်းဆောင်ရွက်သွားပါက အင်းလေးကန်ကြီး သာယာလှပကာ အမြဲစိမ်းလန်းစိုပြည်သွားမည်ဖြစ်ကြောင်း အကြံပြုရေးသားတင်ပြလိုက်ရပါသည်။ ။

## မောင်တောမြို့နယ် ကောင်းနားရွာတွင် နေအိမ်တစ်လုံး မီးလောင်

**နေပြည်တော် ဒီဇင်ဘာ ၁၈**

မောင်တောမြို့နယ် ကောင်းနားရွာတွင် ယနေ့မွန်းတည့် ၁၂ နာရီခန့်က နေအိမ်တစ်လုံး မီးလောင်ကျွမ်းသဖြင့် ကျေးရွာသားများ ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ရကြောင်း သိရသည်။

မောင်တောမြို့နယ် မီးချောင်းကျေးရွာအုပ်စု ကောင်းနားရွာရှိ မာမက်ဇော်လာလ်၏ သက်ငယ်မိုး၊ ဝါးထရံကာနေအိမ်တွင် ထမင်းချက်ရာမှ ယနေ့မွန်းတည့် ၁၂ နာရီခန့်တွင် မီးလောင်ကျွမ်းခဲ့ရာ ရွာသားများက ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့မှုကြောင့် ၁၂ နာရီ ၄၅ မိနစ်ခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်း၊ မီးလောင်မှုကြောင့် ကာလတန်ဖိုးငွေကျပ် ၃၀၀၀၀ ခန့် ဆုံးရှုံးခဲ့ပြီး အခြားနေအိမ်များသို့ ကူးစက်လောင်ကျွမ်းမှုမရှိကြောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်၍ ကြိမ်ချောင်းရဲစခန်းမှ အမှုဖွင့်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ကမ္ဘာ့အသိုက်အဝန်းသို့ ထဲထဲဝင်ဝင်ပါဝင်လာသည့် မျက်မှောက်ကာလတွင် ပိုမိုအရေးပါလာသော နိုင်ငံခြားဘာသာတက္ကသိုလ်

**သတင်းဆောင်းပါး - ဝင်းဝင်းမော်**

**ဓာတ်ပုံ - UFL**



ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်းပေါ်ရှိ နိုင်ငံခြားဘာသာတက္ကသိုလ်၌ ညနေရုံးဆင်းချိန် ကျောင်းပေါက်ဝဝင်လိုက်သည်နှင့် အလုပ်ချိန်အပြန် ညနေခင်းသင်တန်းများကို လာရောက်သင်ကြားနေကြသည့် သက်လတ်ပိုင်းလူငယ်လူရွယ် ကျောင်းသားများကို ဟိုတစ်စု သည်တစ်စု ပျားပန်းခပ်မျှသွားလာလျက်ရှိသည်ကို မြင်တွေ့ရသည်။

နိုင်ငံခြားဘာသာတက္ကသိုလ်တွင် တရုတ်၊ အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန်၊ ဂျပန်၊ ကိုရီးယား၊ ရုရှား၊ ထိုင်းစသဖြင့် ဘာသာစကား ရှစ်ခုကို ဝိဇ္ဇာဘွဲ့နှင့် မဟာဝိဇ္ဇာဘွဲ့သင်တန်းများ၊ မဟာဝိဇ္ဇာ အရည်အချင်းစစ် အချိန်ပြည့်နေ့သင်တန်းများကို သင်ကြားပို့ချပေးနေသည်။ ထိုဘာသာစကားရှစ်မျိုးကိုပင် ညနေပိုင်းသင်တန်းများ တစ်နှစ်လျှင် နှစ်ကြိမ်နှင့် အင်္ဂလိပ်ဘာသာသင်တန်းကိုတစ်နှစ်လျှင် လေးကြိမ်ဖွင့်လှစ်သင်ကြားပို့ချပေးလျက်ရှိသည်။ ဒီပလိုမာနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ညနေပိုင်းသင်တန်းများကိုလည်း ဖွင့်လှစ်ပေးလျက်ရှိသည်။

ထို့ကြောင့် ညနေပိုင်းသင်တန်းဖြစ်သည့်အတွက် လုပ်ငန်းခွင်ဝင်ရောက်နေသူများ၊ ကျောင်းသား ကျောင်းသူများလည်း တက်ရောက်နိုင်သည့်အတွက် အဆိုပါသင်တန်းကို စိတ်ဝင်စားမှုများပြားသည်။ အထူးသဖြင့် အင်္ဂလိပ်စာဘာသာစကားသည် သင်ယူလိုသူတို့ မျက်စိအကျဆုံးဘာသာရပ်တစ်ခုလည်း ဖြစ်သည်။

ပညာခေတ်ဟုခေါ်သည့် ယနေ့ခေတ်တွင် ရပ်တည်ရှင်သန်ရန် အပြိုင်အဆိုင်များဖြင့် ယှဉ်ပြိုင်နေကြရပြီး (Survival of the Fittness) စွမ်းရည်ပြည့်ဝသည့်သူသာ ရပ်တည်နိုင်မည်ဆိုသည့် စကားပုံကဲ့သို့ပင် ပညာရပ်တစ်ခုတည်းဖြင့် အလုပ်အကိုင် အခွင့်အလမ်းကောင်းများကိုရရှိရန် မလွယ်ကူသည့် အချိန်အခါဟုလည်း ဆိုရမည်ဖြစ်သည်။ အရည်အချင်းပြည့်ဝအောင် ဘာသာစကား၊ စာရင်းအင်းပညာ၊ နည်းပညာစသည့် ပညာရပ်များကိုလည်း ဖြည့်ဆည်းနေကြရသည့် ခေတ်ဖြစ်သည်။ ထို့ကြောင့် အလုပ်ချိန်ပြင်ပအားလပ်ချိန် အတိုအစကလေးများ၌ပင် အကျိုးရှိရှိအသုံးချကာ နိုင်ငံခြားဘာသာစကားတစ်ခုခုကို လေ့လာသင်ယူနေကြရသည်။

အဆိုပါ ညနေသင်တန်းများအတွက် တက်ရောက်လိုသူများသည် တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်ထားသူဖြစ်ရမည်။ http://www.yufledu.mm/chrd ဝက်ဘ်ဆိုက်တွင် ဝင်ခွင့်ဖောင်များကို ဒေါင်းလုပ်ရယူကာ အွန်လိုင်းမှ လျှောက်ထားနိုင်ကြောင်း သိရသည်။

ပြည်ပနိုင်ငံများဖြစ်သည့် တရုတ်၊ ဂျပန်၊ ကိုရီးယား၊ ရုရှား၊ ထိုင်း၊ ပြင်သစ်နိုင်ငံ ခြောက်နိုင်ငံရှိ တက္ကသိုလ်များနှင့် ပညာရေး ပူးပေါင်းဆောင်ရွက်ရန်အတွက် နားလည်မှုစာချွန်လွှာထိုးထားသည်မှာ ယခုနှစ် ဒီဇင်ဘာလအထိ ၂၅ ခုရှိကြောင်း သိရသည်။ လက်ရှိသင်ကြားနေသည့် ဘာသာစကား ရှစ်မျိုးရှိပြီး အီတာလျံဘာသာစကားကို ဒီပလိုမာဘွဲ့အဖြစ်ပေးအပ်လျက်ရှိသည်။ ထို့ပြင် စပိန်ဘာသာစကားကိုလည်း သင်ကြားနိုင်ရေးအတွက် စီစဉ်ပြင်ဆင်လျက်ရှိသည်။

ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တွင် ပြည်ပကျောင်းသားများအတွက် မြန်မာဘာသာစကားကို သင်ကြားပေးလျက်ရှိရာ တရုတ်၊ ကိုရီးယား၊ ဂျပန်၊ ဗြိတိန်၊ အမေရိကန်၊ ထိုင်း၊ ဟောင်ကောင်၊ တူရကီစသည့်နိုင်ငံများမှ ကျောင်းသား ကျောင်းသူ ၂၀၀ ကျော် လာရောက်သင်ယူမှုများကြောင်း သိရသည်။

လက်ရှိပညာရေးစနစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ထားသူများအနေဖြင့် တက္ကသိုလ်အားလုံးကို လျှောက်ထားခွင့်ရှိသော်လည်း ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် နေ့သင်တန်းဝင်ခွင့်မှာမူ ဘာသာရပ်ဆိုင်ရာ ရွေးချယ်မှုပေါ်မူတည်ပြီး ဝင်ခွင့်သတ်မှတ်ချက် အမှတ်များမြင့်ကြောင်း သိရသည်။

"တက္ကသိုလ်ဝင်စာမေးပွဲကို အောင်မြင်ပြီးအနိမ့်ဆုံးရမှတ် အမှတ် ၂၄၀ ရတဲ့ ကျောင်းသားပင်လျှင် အမြင့်ဆုံးလို့ သတ်မှတ်ထားသည့် ဆေးတက္ကသိုလ်သို့ လျှောက်ပိုင်ခွင့်ရှိတယ်။ တက္ကသိုလ်ဝင်တန်းအောင်မြင်ရမယ်ဆိုတဲ့ နိုင်ငံတော်က ပြဋ္ဌာန်းထားတဲ့စံနှုန်းဖြစ်ပါတယ်။ သို့သော် ကျောင်းသားတွေက သူတို့ကြိုက်နှစ်သက်ရာဘာသာကို ဝိုင်းပြီးလျှောက်ကြတာကြောင့် အဲဒီထဲမှာမှ အမှတ်မြင့်တဲ့သူကို ပြန်ရွေးတာကြောင့် အမှတ်သတ်မှတ်ချက်ဆိုတာ ပေါ်လာတာပါ" ဟု ပါမောက္ခချုပ် ဒေါက်တာကြည်ရွှင် ပြောသည်။

ယခုလက်ရှိ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်ကို ဒီဇင်ဘာ ၁၄ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ရာ တရုတ်ဘာသာအတွက် အမြင့်ဆုံးအမှတ် ၄၇၆ မှတ်ဖြင့်ဝင်လာပြီး အနိမ့်ဆုံးအမှတ် ၄၃၃ မှတ်ဖြစ်ကာ ဝင်ခွင့်ဦးရေ ၁၀၂ ဦး သတ်မှတ်ထားကြောင်း၊ အင်္ဂလိပ်ဘာသာအတွက် အမြင့်ဆုံး ၅၀၈ မှတ်၊ အနိမ့်ဆုံးအမှတ် ၄၇၄ မှတ်ဖြစ်ပြီး ဝင်ခွင့်ဦးရေ ၁၅၂ ဦး၊ ပြင်သစ်ဘာသာအတွက် အမြင့်ဆုံး ၄၇၉ မှတ်၊ အနိမ့်ဆုံး ၄၃၀ မှတ်ဖြစ်ပြီး ဝင်ခွင့်ဦးရေ ၁၀၅ ဦး၊ ဂျာမန်ဘာသာအတွက် အမြင့်ဆုံး ၄၆၈ မှတ်၊ အနိမ့်ဆုံး ၄၁၄ မှတ်ဖြစ်ပြီး ဝင်ခွင့်ဦးရေ ၁၀၈ ဦး၊ ဂျပန်ဘာသာအတွက် အမြင့်ဆုံးရမှတ် ၅၀၇ မှတ်၊ အနိမ့်ဆုံးအမှတ် ၄၅၈ မှတ်ဖြစ်ပြီး ဝင်ခွင့်ဦးရေ ၁၅၆ ဦး၊ ကိုရီးယားဘာသာအတွက် အမြင့်ဆုံးရမှတ် ၄၆၈ မှတ်၊ အနိမ့်ဆုံးရမှတ် ၄၃၇ မှတ်ဖြစ်ပြီး ဝင်ခွင့်ဦးရေ ၁၀၂ ဦး၊ ရုရှားဘာသာအတွက် အမြင့်ဆုံးရမှတ် ၄၅၆ မှတ် ၊ အနိမ့်ဆုံး ၄၀၃ မှတ်ဖြစ်ပြီး ဝင်ခွင့်ဦးရေ ၁၀၇ဦး၊ ထိုင်းဘာသာအတွက် အမြင့်ဆုံးရမှတ် ၄၅၅ မှတ်၊ အနိမ့်ဆုံး ၄၁၇ မှတ်ဖြစ်ပြီး ဝင်ခွင့်ဦးရေ ၅၃ ဦးဖြင့် ကနဦးစာရင်းအရ ဝင်ခွင့်ပြုထားကြောင်း သိရသည်။

နိုင်ငံခြားဘာသာတက္ကသိုလ်တွင် သင်ကြားမှုနည်းလမ်းများကို နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းတမ်းများသာမက သင်ထောက်ကူပစ္စည်းများဖြစ်သည့် ကွန်ပျူတာ၊ ဗီဒီယို၊ ကက်ဆက်၊ အမ်ပီသရီး၊ အမ်ပီဖိုးစသဖြင့် အီလက်ထရွန်နစ် ဆက်စပ်ပစ္စည်းများဖြင့် သင်ကြားပေးသလို သက်ဆိုင်ရာ ဘာသာစကားကိုအထောက်အကူပြုစေသည့် ဗီဒီယို၊ ရုပ်ရှင်ဇာတ်ကားတွေကို ကြည့်ရှုစေခြင်းဖြင့် သင်ကြားပေးသည်။ ထို့ပြင် အခြေခံကွန်ပျူတာသင် ပညာရပ်များပါ သင်ကြားပေးကြောင်း သိရသည်။

"ကျောင်းသား ကျောင်းသူတွေအနေနဲ့ ကျောင်းပြီးလို့ ပြင်ပလုပ်ငန်းခွင့်ရောက်တဲ့အခါ အသုံးပြုနိုင်အောင် ပါဝါပွိုင့် သင်ခန်းစာလည်း သင်ပေးတယ်။ ဆရာ ဆရာမတွေကိုလည်း အင်္ဂလိပ်စာသင်တန်းတွေအပြင် မွမ်းမံသင်တန်းတွေကို ပြင်ပပညာရှင်တွေခေါ်ပြီး ပို့ချပေးပါတယ်။ ဘာသာအလိုက် ကျွမ်းကျင်မှုမှာ ခေတ်စနစ်နဲ့ညီတဲ့သင်ကြားမှုပုံစံတွေကိုလေ့လာပြီးမှ မိမိဘာသာရပ်ဌာနအလိုက် တစ်ပတ်တစ်ခါစုပြီးဆွေးနွေးပွဲတွေလည်း လုပ်ပေးတယ်" ဟု ပါမောက္ခချုပ်က ပြောသည်။

ဝန်ထမ်းများ၊ ဆရာ ဆရာမများ၏ စွမ်းရည်မြှင့်ရေးနှင့် စပ်လျဉ်း၍လည်း တက္ကသိုလ်ပညာရေးအဖွဲ့ ဆပ်ကော်မတီလေးခုဖွဲ့ထားကာ သင်ကြားမှု သင်ယူမှုစနစ်ကောင်းမွန်ဖြစ်ထွန်းရေး၊ သုတေသနစီမံချက်နှင့် စနစ်တကျဆောင်ရွက်နိုင်ရေး၊ မိမိသင်ရိုးညွှန်းတမ်းများကို ပြန်လည်သုံးသပ်ပြီး အသစ်ပြန်လည်ရေးဆွဲရေး၊ ရပ်ရွာအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရေးတို့ကို နိုင်ငံတကာတက္ကသိုလ်များနှင့် တန်းတူဆောင်ရွက်နိုင်အောင် တစ်လတစ်ကြိမ် အချင်းချင်းဆွေးနွေးပွဲများ ပြုလုပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

စည်းကမ်းပိုင်းအနေဖြင့် ကျောင်းသားကတ်ချိတ်ဆွဲခြင်း၊ ဆံပင်အရောင်မဆိုးရခြင်း၊ ကျောင်းခေါ်ချိန်ပြည့်အောင် တက်ရောက်ရခြင်း၊ အဝတ်အစားကို လုံခြုံစွာဝတ်ဆင်ရခြင်းစသည့် စည်းကမ်းချက်များကိုလည်း သတ်မှတ်ထားသည်။

"နိုင်ငံတကာတက္ကသိုလ်တွေနဲ့ယှဉ်ရင် မြန်မာတက္ကသိုလ်ကျောင်းသားတွေက ထူးထူးခြားခြား ကျောင်းပျက်ကွက်မှု များတာတွေ့ရတယ်။ ဒီတက္ကသိုလ်က တစ်နေကုန်တက်ရတယ်။ လွတ်လပ်စွာဝင်ထွက်လို့ မရဘူး။ စည်းကမ်းပိုင်းသေချာဆောင်ရွက်ထားတယ်။ စည်းကမ်းပိုင်းဆိုင်ရာမှာ ဒီတက္ကသိုလ်ကအလွယ်တကူ ဝင်၊ ထွက်လို့မရတာကြောင့် မိဘတွေက ဒီတက္ကသိုလ်ကို သဘောကျတာတွေ့ရတယ်"ဟု ပါမောက္ခချုပ်က ဆိုသည်။

တစ်ဆက်တည်းမှာပင် ပါမောက္ခချုပ်က အချိန်ကို အကျိုးရှိရှိအသုံးချသင့်ကြောင်း၊ ရည်ရွယ်ချက်ရှိရှိ ရည်မှန်းချက်ရှိရှိသင်ယူစေချင်ကြောင်း၊ အမှန်တကယ် လိုချင်စိတ်ရှိရန်လိုအပ်ကြောင်း သူ၏ အမြင်ကိုပြောသည်။

ရန်ကုန် နိုင်ငံခြားဘာသာတက္ကသိုလ်ကို ၁၉၆၄ ခုနှစ် ဇန်နဝါရီ ၁၆ ရက်က ပန်းဆိုးတန်းလမ်းရှိ ချာတာဘဏ်အဆောက်အအုံအပေါ်ဆုံးထပ်တွင် ဘာသာခြားစာသင်ကျောင်းအဖြစ် ပြင်သစ်၊ ဂျာမန်၊ ဂျပန်၊ ရုရှား သင်ကြားရေးဌာနများဖြင့် ကျောင်းသား ၅၃ ဦးဖြင့် စတင်ဖွင့်လှစ်ခဲ့သည်။ ၁၉၆၆ ခုနှစ်တွင် လက်ရှိနေရာဖြစ်သည့် တက္ကသိုလ်ရိပ်သာလမ်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် နိုင်ငံခြားဘာသာသိပ္ပံကျောင်းဟူ၍ ပြောင်းလဲခဲ့သည်။ ထို့နောက် ၁၉၉၆ ခုနှစ် စက်တင်ဘာ ၂ ရက်တွင် နိုင်ငံခြားဘာသာတက္ကသိုလ်အဖြစ် အဆင့်မြှင့်တင်ခဲ့ပြီး ဝိဇ္ဇာဘွဲ့နှင့် မဟာဝိဇ္ဇာဘွဲ့သင်တန်းများ၊ မဟာဝိဇ္ဇာအရည်အချင်းစစ်၊ ဒီပလိုမာ၊ လူ့စွမ်းအားအရင်းအမြစ် ညနေပိုင်းသင်တန်းများ တိုးမြှင့်ဖွင့်လှစ်ခဲ့သည်။

ပစ္စုပ္ပန်ကာလတွင် မြန်မာသည် ကမ္ဘာ့အသိုက်အဝန်းအတွင်း ထဲထဲဝင်ဝင် ပါဝင်လျက်ရှိပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုစသည့် ကဏ္ဍများတွင် ကမ္ဘာ့မိသားစုများနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်လျက်ရှိရာ နိုင်ငံခြားဘာသာတက္ကသိုလ်၏ ကဏ္ဍသည် ပိုမိုအရေးပါလျက်ရှိကြောင်းဆိုချင်ပါသည်။ ။

## နွေစပါးအတွက် ဆည်ရေပေးဝေနိုင်ရေး ကွင်းဆင်းဆောင်ရွက်

**မြို့သစ် ဒီဇင်ဘာ ၁၈**

မကွေးခရိုင် မြို့သစ်မြို့သို့ မကွေးခရိုင် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးအောင်သူကြွယ်နှင့် အဖွဲ့သည် မြို့သစ်မြို့နယ် နတ်မောက်လက်ယာလက်တံ ၃ ပေတိုင် ၁၅၈၀၀မှ ၁၆၂၀၀ အတွင်း ကျောက်ကြီး လိုင်နင်စီခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၁၆ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးကြည့်ရှုခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့သစ်မြို့နယ် ဦးစီးအရာရှိ(မြို့ပြ ) ဦးအောင်ဇော်ထက်နှင့် ဦးစီးမှူးမြို့ပြ ဦးတင်ဇာဦးတို့က နတ်မောက်လက်ယာလက်တံ(၃)မှအကျိုးပြု ဧရိယာ ၆၁၀ ဧကအား နှစ်စဉ် ဆည်ရေပေးဝေစိုက်ပျိုးလျက်ရှိပြီး ၂၀၁၆-၂၀၁၇ ခုနှစ် နွေစပါး ဧက ၂၀၀အား ဆည်ရေပေးဝေရန် လျာထားခဲ့ပြီး နွေစပါး ဆည်ရေပေးချိန်အမီ လုပ်ငန်းများ အရည်အသွေးပြည့်မီစွာဖြင့် ပြီးစီးအောင်ဆောင်ရွက်နေမှုများကို ကွင်းဆင်းစစ်ဆေးခဲ့သည်။ **ဇော်ဇော်(မြို့သစ်)**

## ရခိုင်ရိုးရာကျင်ကိုင်ပွဲ ရန်ကုန်မြို့တွင် ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာနမှ ကြီးမှူး၍ရခိုင် လူမှုရေးအသင်းအဖွဲ့များ စုပေါင်းကျင်းပသော (၄၂) နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ်ပွဲတော်ကို ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ၌ ကျင်းပသည်။

အဆိုပါပွဲတော်တွင် ရခိုင်ရိုးရာကျင်ကိုင်ပွဲ၊ ခေါင်းအုံးရိုက်ပြိုင်ပွဲ၊ ရခိုင်စင်တင်တေးဂီတဖျော်ဖြေပွဲ၊ ရခိုင်ရိုးရာ အမှတ်တရပစ္စည်းများနှင့် ရခိုင်အစားအစာများကို ရောင်းချခြင်းတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ရခိုင်ရိုးရာကျင်ကိုင်ပွဲနှင့် ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်က "ဒီကျင်ကိုင်ပွဲတော်ဟာ ရခိုင်တိုင်းရင်းသားလူမျိုးတွေရဲ့ ဘီစီ ၃၀၀၀ လောက်ကတည်းက ကစားခဲ့တာ။ ကျောက်စာတွေမှာလည်း အထောက်အထားတွေ ရှိပါတယ်။ ရခိုင်ဒေသမှာ လယ်သမားကနေပြီးတော့ ဘုရင်သားသမီးတွေအထိ ရှေးနှစ်ပေါင်းများစွာက ကစားလာခဲ့တဲ့ အားကစားနည်းလည်း ဖြစ်ပါတယ်။ ဒီကစားနည်းဟာ နောက်ပိုင်းမှာ ပျောက်ကွယ်လုနီးပါးဖြစ်လာပြီ။ ဒါကို ရခိုင်ပြည်နယ်နေ့မှာ အခုလိုပြိုင်ပွဲလေးတွေ ကျင်းပခြင်းအားဖြင့် ပျောက်ကွယ်လုနီးပါးဖြစ်နေတဲ့ ရိုးရာအားကစားယဉ်ကျေးမှုတစ်ခုကို ဖော်ထုတ်တဲ့ပွဲဖြစ်ပါတယ်"ဟု ပြောသည်။

အဆိုပါပွဲတော်သို့ ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ပရဟိတအသင်းအဖွဲ့များနှင့် တိုင်းရင်းသားလူမျိုးပေါင်းစုံ ပါဝင်ဆင်နွှဲကြောင်း သိရသည်။

**သတင်း-ဇာနည်မောင်**

**ဓာတ်ပုံ - ခင်မောင်ဝင်း(ကြေးမုံ)**



# မြန်မာ့ရိုးရာကျောက်ဆစ်လုပ်ငန်းတွင်ကျယ်သော်လည်း ကုန်ကြမ်းပစ္စည်းနှင့် လုပ်သားရှားပါးလျက်ရှိ

**မုံရွာ ဒီဇင်ဘာ ၁၈**

မြန်မာနိုင်ငံရှိ ကျေးလက်ဒေသများတွင် နေထိုင်ကြသော ပြည်သူများသည် အများအားဖြင့် လယ်ယာလုပ်ငန်းများကို လုပ်ကိုင်ကြပြီး ဘိုးဘွားအစဉ်အဆက်မှ စတင်လုပ်ကိုင်ခဲ့သော ရိုးရာလုပ်ငန်းများကို ခေတ်နှင့်အညီ လုပ်ငန်းများကို တီထွင်ကာ လက်ဆင့်ကမ်းလုပ်ကိုင်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြု လုပ်ကိုင်လျက်ရှိသည်။

ဘိုးဘွားအစဉ်အဆက် ရိုးရာလက်မှုလုပ်ငန်းများကို လက်ဆင့်ကမ်းလုပ်ကိုင်ခြင်းဖြင့် အောင်မြင်လျက်ရှိသော မုံရွာမြို့နယ် ဗောဓိတစ်ထောင် သာသနာ့နယ်မြေအနီးရှိ ခတ္တကန်မြောက်ကျေးရွာ ကျောက်ဆစ်လုပ်ငန်းမှထုတ်လုပ်သည့် မီးဖိုချောင်သုံး၊ လုပ်ငန်းသုံး စသည့်ပစ္စည်းများ၊ နံရံကပ်ကျောက်ပြားနှင့် အလှဆင်ကျောက်ပြားမျိုးစုံ မြန်မာပြည်အရပ်ရပ်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။



"ကျေးရွာမှာက အဓိကယာလုပ်ငန်းတွေကို လုပ်ကြတယ်။ ယာလုပ်ငန်းမလုပ်တဲ့သူတွေကတော့ အခုလို ကျောက်ဆစ်လုပ်ငန်းကိုလုပ်ကြတယ်၊ ယာလုပ်ငန်းတွေပါးတဲ့အချိန်နဲ့ ခေတ္တနားတဲ့အချိန်တွေမှာ အပိုဝင်ငွေအဖြစ် လုပ်ကြတယ်။ ဒီလုပ်ငန်းကတော့ ဒီနယ်တစ်ဝိုက်မှာ ခတ္တကန် (မြောက်)ကျေးရွာတစ်ရွာပဲ လုပ်တာပါ။ ရွာရဲ့ မူပိုင်လုပ်ငန်းလို့ ပြောရမယ်ထင်တယ်။ မြန်မာတို့ရဲ့ အိမ်တစ်အိမ်မှာ မရှိမဖြစ်လိုအပ်တဲ့ ပစ္စည်းတွေကိုထုတ်လုပ်တာပါ။ ဒီလုပ်ငန်းကို ဟိုတုန်းက သိပ်ပြီးမတွင်ကျယ်ဘူး။ အခုနောက်ပိုင်းမှာ အသုံးပြုသူတွေများလာပြီး မော်တော်ယာဉ်တွေနဲ့ တင်ပို့ပေးရတဲ့အထိ တွင်ကျယ်လာတယ်။ အဲဒီလို တွင်ကျယ်တာနဲ့အမျှ ကျေးရွာအတွက်လည်း ပိုပြီး အလုပ်အကိုင်တွေ ပေါလာတာပေ့ါ။ ငရုတ်ဆုံဆိုဒ်အကြီး၊ အသေး ငါးမျိုးထုတ်တယ်။ မဆလာ၊ ပဲကြိတ်တဲ့ ကျောက်ပြားတွေ၊ ၁၄ လက်မပဲခွဲတဲ့ ကျောက်ဘီးတွေထုတ်ပါတယ်။ အဲဒီကျောက်အားလုံးကိုတော့ ဗောဓိတစ်ထောင် သာသနာ့နယ်မြေအတွင်း ဖိုးခေါင်တောင်တန်းကထွက်တဲ့ ကျောက်ကိုသုံးတယ်။ အခုနောက်ပိုင်းမှာ စက်တွေနဲ့ပြောင်းလဲအသုံးပြုလာတဲ့အတွက် အိမ်အလှဆင်တဲ့ ကျောက်ပြားမျိုးစုံကိုထုတ်လုပ်နိုင်တဲ့အထိ လုပ်ငန်းတွေ ပိုတွင်ကျယ်လာတယ်။ အခုနောက်ပိုင်းမှာတော့ ကုန်ကြမ်းရှားတယ်။ နောက်ပြီး လုပ်သားရှားလာတဲ့အတွက်ကြောင့် ပစ္စည်းတွေက မှာသလောက် မပို့နိုင်ဖြစ်နေတယ်။ ရိုးရာလက်မှု ပညာရပ်တစ်ခုကို ထိန်းသိမ်းရာရောက်သလိုပဲ ထုတ်လုပ်တဲ့ ပစ္စည်းတွေကလည်း ဒီဒေသရဲ့ ပြယုဂ်တစ်ခုလိုပါပဲ" ဟု ကျောက်ဆစ်လုပ်ငန်းရှင် ဦးကျော်ဆွေက ပြောသည်။

အဆိုပါကျောက်ဆစ်လုပ်ငန်းကို တည်ထောင်လုပ်ကိုင်သူများအနေဖြင့် ငွေကြေးစိုက်ထုတ်ကုန်ကျမှု သက်သာနည်းပါးပြီး အဓိကအားဖြင့် နေ့စားလုပ်ကိုင်သော လုပ်သားများအတွက် ငွေကြေးအကျိုးအမြတ်ကို များစွာအထောက်အကူဖြစ်စေသော လုပ်ငန်းတစ်ခုဖြစ်ကြောင်း သိရသည်။

"ဖိုးခေါင်တောင်ပေါ်က ကျောက်အလုံး ၁၀၀၀ ကို ရွာအရောက်ကို ငွေကျပ် ငါးသိန်းလောက် ကုန်ကျတယ်။ လုပ်ငန်းရှင်တွေအနေနဲ့က ပစ္စည်းအရေအတွက်များတဲ့ အတွက်တော့ အဆင်ပြေတယ်။ လုပ်သားတွေအတွက်ကတော့ သူတို့လုပ်နိုင်ရင် လုပ်နိုင်သလောက် အကျိုးအမြတ်ရတယ်။ မိသားစုလိုက်လုပ်နိုင်ရင် အကျိုးအမြတ်ပိုရတယ်။ နွေနဲ့ဆောင်းပိုင်းကတော့ ရောင်းအားပိုကောင်းတယ်။ မိုးတွင်းပိုင်းကတော့ အလုပ်လည်းပါးတယ်။ ရောင်းအားလည်းကျတယ်။ ဒီရွာမှာတော့ ကျောက်ဆစ်လုပ်ငန်းစီးပွားဖြစ်လုပ်ကိုင်သူ ၁၀ ဦးလောက်ရှိတယ်။ ကျန်တဲ့သူတွေကတော့ တစ်ပိုင်တစ်နိုင်ပဲ လုပ်ကြတာများတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ဘိုးဘွားလက်ထက်မှစတင်လုပ်ကိုင်လာသော အဆိုပါ ကျောက်ဆစ်လုပ်ငန်းသည် ကျေးရွာနေပြည်သူများကို အလုပ်အကိုင်အခွင့်အလမ်းပိုမိုရရှိစေပြီး မိသားစုဝင်ငွေများလည်းရရှိသဖြင့် အဆင်ပြေလျက်ရှိသော်လည်း ယခုနောက်ပိုင်းတွင် အခြားလုပ်ငန်းများကို လုပ်ကိုင်သူများလာသဖြင့် လုပ်သားရှားပါးလျက်ရှိကြောင်း သိရသည်။

"ကိုယ့်အိမ်က သံစို့တစ်ချောင်းပဲ ယူလာရုံပဲ။ ကျန်တာက လုပ်ငန်းလုပ်တဲ့အိမ်က စီစဉ်ပေးတယ်။ ငရုတ်ဆုံအကြမ်း၊ အချော လူတစ်ယောက် တစ်ရက်ကို ရိုးရိုးငရုတ်ဆုံ ရှစ်လုံးကနေ ၁၀ လုံးအထိ ပြီးတယ်။ လက်ကိုင်ပါတဲ့ ငရုတ်ဆုံကတော့ လုပ်ရတာလက်ဝင်တဲ့အတွက် ရှစ်လုံးလောက်ပဲပြီးတယ်။ လူတစ်ယောက်ကို တစ်ရက်ဝင်ငွေ ၅၀၀၀ ကျပ်အထိ ရရှိပါတယ်။ ကိုယ်လုပ်ရင်လုပ်နိုင်သလောက် ဝင်ငွေရပါတယ်။ အခုနောက်ပိုင်းမှာ မှာတဲ့သူတွေများလာတော့ အလုပ်ပိုပြီးတွင်ကျယ်ပါတယ်။ အဲဒီလိုတွင်ကျယ်တဲ့အတွက် အငှားလုပ်တဲ့သူတွေ ပိုပြီးအဆင်ပြေတာပေ့ါ။ မိသားစုများများနဲ့ လုပ်တဲ့သူတွေဆို ပိုပြီးအဆင်ပြေပါတယ်။ ကျောက်ဆစ်လုပ်ငန်းက ပင်ပန်းတဲ့အတွက် တချို့သူတွေက တခြားလုပ်ငန်းတွေ ပြောင်းပြီးလုပ်ကြတဲ့အတွက် လုပ်သားတွေကတော့ ဟိုတုန်းကလောက်တော့ မရှိတော့ဘူး" ဟု ကျောက်ဆစ်လုပ်ငန်းကို နေ့စားလုပ်ကိုင်သူ ဦးဝင်းက ပြောသည်။

ဖိုးခေါင်တောင်တန်းမှထွက်ရှိသော ကျောက်များဖြင့် ခတ္တကန်(မြောက်)ကျေးရွာမှ ငရုတ်ဆုံအရွယ်အစားမျိုးစုံ၊ ငရုတ်ကျည်ပွေ့ဆိုဒ်မျိုးစုံ၊ ပဲခွဲ/မုန့်ကြိတ်ဆုံမျိုးစုံ၊ မဆလာကြိတ်ကျောက်ပြားများ၊ အုတ်ကျောက်၊ အလှဆင်ကျောက်ပြားများနှင့် ပွတ်လုံးတိုင်များကို ထုတ်လုပ်ကြပြီး အဆိုပါ ကျောက်ဆစ်ပစ္စည်းများကို မုံရွာ၊ ရန်ကုန်၊ မန္တလေး၊ မိတ္ထီလာ၊ နေပြည်တော်၊ ညောင်လေးပင်၊ ပခုက္ကူ၊ သာကေတ၊ ကွမ်းခြံကုန်း၊ ကျိုက်လတ်၊ ပြည်၊ ပဲခူး၊ ဟသ်ာတ၊ ညောင်တုန်း၊ စစ်ကိုင်း စသည့်မြို့များသို့ မော်တော်ယာဉ်များဖြင့်လည်းကောင်း၊ မိုးရာသီမြစ်ရေတက်ချိန်များတွင် မုံရွာမြို့မှ ရေကြောင်းလမ်းဖြင့်လည်းကောင်း၊ နွေရာသီမြစ်ရေနည်းပါးချိန်များတွင် မန္တလေးမြို့ ဂေါဝိန်ဆိပ်ကမ်းမှတစ်ဆင့် ရေကြောင်းဖြင့် တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**မင်းဝေ(မုံရွာ)**

# ရေးနှင့် ကြာအင်းဆိပ်ကြီးမြို့နယ်များမှ သစ်တောထွက်များ၊ တောရိုင်းတိရစ္ဆာန်များ အဓိကထားထိန်းသိမ်းသွားမည်

**ရေး ဒီဇင်ဘာ ၁၈**

ရေးချောင်းသစ်တောမြေ ဧရိယာ ၄၇၃၅၃ ဧကနှင့် ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်မှ အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေဧရိယာ ၆၃၂၂၇ ဧကဖြစ်ကာ စုစုပေါင်း မြေဧက ၁၁၀၅၈၀ အတွင်းရှိသည့် သစ်တောထွက်ပစ္စည်းများ ထုတ်ယူခြင်းနှင့် ဆေးတောင်ဘေးမဲ့တောရိုင်းတိရစ္ဆာန်များအား အဓိကထား၍ ထိန်းသိမ်းကာကွယ်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဆေးတောင်ဘေးမဲ့တောမှာ အဓိကရှိနေတဲ့ သဘာဝသစ်တောထွက်ပစ္စည်းများထုတ်ယူခြင်းကို ခွင့်ပြုမည်မဟုတ်သလို တောဆင်ရိုင်း၊ ပြောင်၊ ဆတ်၊ ချေ၊ တောဝက်၊ စပါးကြီးမြွေတွေကို ဒီဒေသမှာ အများဆုံးကျက်စားရာတွေ့ရတယ်။ ဒ့ါကြောင့် တောရိုင်းတိရစ္ဆာန်တွေကို ထိန်းသိမ်းကာကွယ်သွားဖို့ အဓိကလိုအပ်လာပါတယ်"ဟု ရေးမြို့နယ်သစ်တောဦးစီးအရာရှိ ဦးဝင်းအေးက ပြောသည်။

အဆိုပါ ဆေးတောင်ဘေးမဲ့တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ဖွဲ့စည်းသတ်မှတ်နိုင်ရေးအတွက် ပမာဏစိစစ်ရေးအဖွဲ့ကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ အမိန့်ကြေညာစာနဲ့ ထုတ်ပြန်ထားပြီးဖြစ်သည်။

သစ်တောကြေးတိုင်လုပ်ငန်းများကို ယခုပွင့်လင်းရာသီတွင် ဆေးတောင်ဘေးမဲ့တောရိုင်းတိရစ္ဆာန်များရှိသည့် ဧရိယာနယ်မြေများတွင် ကွင်းဆင်းစစ်ဆေးမှုများကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

**ထွန်းထွန်း(ရေး)**

# အလှူတော်အိုးသူကြီး မြန်မာ့ရိုးရာအိုးကြီးချက် အလွတ်တန်းပြိုင်ပွဲကြီး ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၈**

တိမ်မြုပ်လုနီးပါးဖြစ်နေသော မြန်မာ့ရိုးရာ အိုးကြီးချက်ပညာရပ်များ ပြန်လည်ဖော်ထုတ်နိုင်စေရန်၊ အကျိုးအမြတ်မကြည့်ဘဲ စေတနာရှေ့ထား၍ ကူညီတတ်ကြသော အိုးသူကြီးများကို ချီးမြှင့်မြောက်စားပေးနိုင်ရန်နှင့် မြန်မာ့အစားအသောက်ကဏ္ဍ ပိုမိုမြင့်တက်လာစေရန်ရည်ရွယ်၍ အလှူတော်အိုးသူကြီး မြန်မာ့ရိုးရာ အိုးကြီးချက် အလွတ်တန်းပြိုင်ပွဲကြီးကို ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂၅ ရက်မှ ၂၉ ရက်အထိ နံနက် ၁၀ နာရီမှ ည ၁၀ နာရီအတွင်း ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ မိုင်တာကွင်း၌ ကျင်းပမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး ဒေါက်တာ နေဇော်အောင်ထံမှ သိရသည်။

မြန်မာနိုင်ငံသည် ဆယ့်နှစ်လရာသီပွဲတော်များ၊ အလှူမင်္ဂလာ၊ ရှင်ပြုနားသပွဲများ စဉ်ဆက်မပြတ် ကျင်းပလေ့ရှိသည့် နိုင်ငံဖြစ်သည်နှင့်အညီ ထမင်းရည်ချောင်းစီး ချက်ပြုတ်လှူဒါန်းလေ့ရှိကြရာ လူအများအပြားကို ကျွေးမွေးရန်အတွက် စီမံချက်ပြုတ်ရသောပညာသည်လည်း မြန်မာ့ချက်ပြုတ်စီမံခန့်ခွဲခြင်းအတတ်ပညာတစ်ခုပင် ဖြစ်ပေသည်။ ယခုအခါ ပြောင်းလဲလာသောခေတ်နှင့် အစားအသောက်ဓလေ့စရိုက်များအရ ထမင်းဟင်းချက်ပြုတ်လှူဒါန်းသော အလှူများနည်းပါးလာသကဲ့သို့ ပညာရှင်များလည်း ရှားပါးလာသည်။ ထို့ကြောင့် မြန်မာ့ရိုးရာအလှူပွဲများနှင့် အချက်အပြုတ်စီမံခန့်ခွဲရေးပညာများ ပြန်လည်ဖော်ထုတ်နိုင်ရန်အတွက် ပါဝင်ယှဉ်ပြိုင်လိုသူများသည် အဖွဲ့တစ်ဖွဲ့လျှင် ခေါင်းဆောင်တစ်ဦး၊ လက်ထောက်ခေါင်းဆောင်တစ်ဦး၊ အဖွဲ့ဝင်ငါးဦး စုစုပေါင်း ခုနစ်ဦး ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အသင်းလိုက်ယှဉ်ပြိုင်ခြင်းဖြစ်သည့်အတွက် ကိုယ်စားပြုအဖွဲ့အမည်ပေးရမည်။ ပြိုင်ပွဲဝင်အားလုံးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား၊ ကူးစက်ရောဂါကင်းရှင်းသူဖြစ်ရမည့်အပြင် မည်သည့်ဟင်းလျာမျိုးကိုမဆို ချက်ပြုတ်နိုင်ပြီး မြန်မာထမင်း၊ ဟင်းအိုးကြီးချက် အတွေ့အကြုံရှိသူဖြစ်ရမည်။ ပြိုင်ပွဲယှဉ်ပြိုင်စဉ် မူးယစ်စေသော အရာများနှင့် အရက်သေစာ သောက်စားခြင်းမပြုရကြောင်း သိရသည်။

ပြိုင်ပွဲကို ပထမရက်နှင့် ဒုတိယရက်များတွင် အုပ်စုအဆင့်ပွဲစဉ်များ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အနိုင်ရရှိပါက တတိယရက်တွင် Quarter Final သို့ တစ်ဖွဲ့ချင်းရှုံးထွက်ပုံစံဖြင့် တက်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ Quarter Final ၌ အနိုင်ရသူများသည် Semi Final သို့ တက်ရမည်ဖြစ်ပြီး အနိုင်ရရှိပါက Final သို့ တက်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ နောက်ဆုံးပွဲစဉ်ဖြစ်သော Final ၌ ယှဉ်ပြိုင်အနိုင်ရရှိသူများသည် အလှူတော်အိုးသူကြီး မြန်မာ့ရိုးရာ အိုးကြီးချက် အလွတ်တန်းပြိုင်ပွဲကြီး၏ ပထမဆုအား ထိုက်ထိုက်တန်တန် ရရှိသွားမည်ဖြစ်သည်။ အနိုင်ရရှိသည့် အသင်းများအား ဇန်နဝါရီ ၂၉ ရက် ညနေပိုင်း ဗိုလ်လုပွဲကြီးအပြီးတွင် ဆုချီးမြှင့်ပွဲပြုလုပ်မည်ဖြစ်ပြီး ပထမဆုအတွက် ဆုကြေးငွေ ကျပ်သိန်း ၅၀၊ ဒိုင်းဆု၊ ရွှေတံဆိပ်ဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ၊ ဒုတိယရဆုအတွက် ဆုကြေးငွေ ကျပ်သိန်း ၃၀၊ ငွေတံဆိပ်ဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ၊ တတိယဆုအတွက် ဆုကြေးငွေကျပ် သိန်း ၂၀၊ ကြေးတံဆိပ်ဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည်။

ပြိုင်ပွဲသို့ လာရောက်ကြည့်ရှုအားပေးသူများ အဆင်ပြေစေရန် နေရာထိုင်ခင်းများနှင့် ဈေးပွဲတော်များလည်းစီစဉ်ထားပြီး ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်ချက်ပြုတ်ထားသည်များကို လာရောက်ကြည့်ရှုအားပေးသည့် ဧည့်ပရိသတ်များအား စတုဒိသာတည်ခင်းကျွေးမွေးမည်ဖြစ်သည်။ အဆိုပါ အလှူတော်အိုးသူကြီး မြန်မာ့ရိုးရာအိုးကြီးချက် အလွတ်တန်းပြိုင်ပွဲကြီးကို မြန်မာလူမျိုးများ၏ ရိုးရာဓလေ့ထုံးတမ်းများ ပျောက်ကွယ်မသွားစေရန် မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းက ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**မို့မို့(ကြေးမုံ)**

တို့ကမ္ဘာကြီးအစဉ်လှပဖို့
ပတ်ဝန်းကျင်ကို ထိန်းသိမ်းစို့

ရေရှည်တည်တံ့ ဖွံ့ဖြိုးစေဖို့
ပတ်ဝန်းကျင်ကို ထိန်းသိမ်းစို့

# မူလတန်းဆင့် လက်ရေးလှပြိုင်ပွဲကျင်းပ

**သရက် ဒီဇင်ဘာ ၁၈**

(၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို မူလတန်းဆင့် လက်ရေးလှပြိုင်ပွဲနှင့် နံရံကပ်စာစောင် ပြပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက သရက်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ပြည်သူ့စာကြည့်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ ဦးအောင်ကျော်စိုး (လက်ထောက်ပညာရေးမှူး-ငြိမ်း)က ပြိုင်ပွဲဝင်ကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား အမှတ်ပေးစည်းမျဉ်း စည်းကမ်းများနှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းဆွေးနွေးပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ဆွေက ပြိုင်ပွဲကျင်းပရခြင်းရည်ရွယ်ချက်အား ပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်အတွင်းရှိ မူလတန်းကျောင်း ၂၃ ကျောင်းမှ ပထမတန်းကျောင်းသား ကျောင်းသူ ၄၆ ဦးက ယုန်နှင့်လိပ် ခေါင်းစဉ်ဖြင့် လက်ရေးလှပြိုင်ပွဲ ဝင်ကြသည်။ ယင်းနောက် ပြိုင်ပွဲဝင်အပြီးတွင် ပြသထားသည့် နံရံကပ်စာစောင်အား စိတ်ဝင်တစား လေ့လာကြည့်ရှုခဲ့ကြသည်။ အဆိုပါပြိုင်ပွဲတွင် ပထမနှင့် ပဥ္စမအထိ ဆုရရှိသူများနှင့် ဆုမရရှိသူ ၄၁ ဦးအား လက်ဆောင်ပစ္စည်းများ ပေးအပ်ခြင်းကို ဒီဇင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီတွင် ခရိုင်ပြည်သူ့စာကြည့်တိုက်၌ ဆုပေးပွဲအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**



# ရုပ်သံဇာတ်လမ်းတွဲမှာ ဇာတ်ဆောင်တစ်ဦးအဖြစ်မြင်တွေ့ရတော့မယ့် ဂျူလီယာရောဘတ်

ဟောလိဝုဒ်ရဲ့ ထိပ်တန်းမင်းသမီးတစ်ဦးဖြစ်တဲ့ ဂျူလီယာရောဘတ်ဟာ ရုပ်ရှင်ဇာတ်ကားပေါင်းများစွာမှာ ပါဝင်သရုပ်ဆောင်ခဲ့တဲ့ အောင်မြင်တဲ့ မင်းသမီးတစ်ယောက်ဖြစ်ပေမယ့် သူ့ရဲ့အနုပညာသက်တမ်းတစ်လျှောက် ရုပ်သံဇာတ်လမ်းတွဲရုပ်ရှင်တွေမှာတော့ အဓိကဇာတ်ဆောင်တစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်ခဲ့ဖူးခြင်းမရှိဘဲ လတ်တလောမှာ ပထမဆုံးအကြိမ်အဖြစ် ပါဝင်သရုပ်ဆောင်သွားဖို့ သဘောတူပြီးဖြစ်ကြောင်း စကိုင်းနယူးစ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်အရ သိရပါတယ်။

ကမ္ဘာ့အလှဆုံး အမျိုးသမီးတစ်ဦးအဖြစ် ရွေးချယ်ဖော်ပြခြင်းခံခဲ့ရတဲ့ မင်းသမီး ဂျူလီယာရောဘတ်ဟာ မကြာမီထုတ်လွှင့်ပြသသွားမယ့်ရုပ်သံဇာတ်လမ်းတွဲ ရုပ်ရှင် "Today Will Be Different" မှာ ပါဝင်သရုပ်ဆောင်သွားမှာဖြစ်ပါတယ်။ ယခုနှစ်အစောပိုင်းက ထွက်ရှိခဲ့တဲ့ မာရီယာစမ်ပဲလ်ရဲ့ဝတ္ထုကို ပြန်လည်ရိုက်ကူးထားတဲ့ အဆိုပါရုပ်ရှင်မှာ ဂျူလီယာရောဘတ်က အဓိကဇာတ်ဆောင်ဖြစ်တဲ့ အယ်လန်နောဖလက်ဒ်နေရာက ပါဝင်သရုပ်ဆောင်သွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

အဆိုပါရုပ်ရှင်မှာ ဂျူလီယာရောဘတ်ဟာ ဇာတ်ဆောင်တစ်ဦးအဖြစ် ပါဝင်ထားရုံသာမဟုတ်ဘဲ ယင်းရုပ်ရှင်ရဲ့ ထုတ်လုပ်ရေးပိုင်းတွေမှာလည်း ပါဝင်ထားပါတယ်။ အဆိုပါရုပ်ရှင်ရဲ့ အသေးစိတ် အချက်အလက်တွေကိုတော့ လတ်တလောအချိန်အထိ ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိသေးပါဘူး။ ဂျူလီယာရောဘတ်ဟာ ယခင်က ရုပ်သံဇာတ်လမ်းတွဲပေါင်းများစွာမှာ ဧည့်သည်သရုပ်ဆောင်တစ်ဦးအဖြစ်သာ ပါဝင်ခဲ့ပြီး အဓိကဇာတ်ဆောင်တစ်ဦးအဖြစ် "Today Will Be Different" ရုပ်ရှင်မှာမှ ပထမဆုံးအကြိမ် ပါဝင်သရုပ်ဆောင်ခြင်းဖြစ်ပါတယ်။

# အမေရိကန်မဂ္ဂဇင်းမှာ ဖော်ပြခြင်းခံခဲ့ရတဲ့ BLACKPINK



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ BLACKPINK ဟာ အမေရိကန်နိုင်ငံထုတ် မဂ္ဂဇင်းတစ်ခုဖြစ်တဲ့ NYLON မှာ ဖော်ပြခြင်းခံခဲ့ရကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ဖော်ပြချက်အရ သိရပါတယ်။

အဆိုပါမဂ္ဂဇင်းဟာ ဖက်ရှင်နဲ့ ပေ့ါပ်တေးဂီတအကြောင်းတွေကို ဦးစားပေးဖော်ပြတဲ့ မဂ္ဂဇင်းတစ်ဦးဖြစ်တာနဲ့အညီ ကေပေ့ါပ်လောကမှာ လတ်တလောအကျော်ကြားဆုံး တေးဂီတအဖွဲ့လို့ဆိုနိုင်တဲ့ BLACKPINK ကို စိတ်ဝင်တစားဖော်ပြခဲ့တာဖြစ်ပါတယ်။ ယင်းမဂ္ဂဇင်းရဲ့ နောက်ဆုံးထွက်ရှိခဲ့တဲ့ မဂ္ဂဇင်းမှာတော့ BLACKPINK ရဲ့ အနုပညာလောကအတွင်း စတင်ဝင်ရောက်ဖြစ်ခဲ့ပုံနဲ့ အနာဂတ်မျှော်မှန်းချက်တွေကို ဆွေးနွေးဖော်ပြခဲ့ကြောင်း သိရပါတယ်။

BLACKPINK ဟာ အဖွဲ့ရဲ့ကျော်ကြားမှုတွေကို နိုင်ငံတကာနယ်ပယ်အထိပါ ချဲ့ထွင်နိုင်ခဲ့တဲ့ ကေပေ့ါပ်တေးဂီတအဖွဲ့တစ်ဖွဲ့လည်း ဖြစ်ပါတယ်။ BLACKPINK ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ဂျက်စမင်းက သူ့အနေနဲ့ နိုင်ငံတကာပရိသတ်တွေကိုပါ ဆွဲဆောင်ဖမ်းစားနိုင်မယ့် တေးသီချင်းတွေကို ဖန်တီးသီဆိုလိုကြောင်းနဲ့ ယခင်က ကျော်ကြားခဲ့တဲ့ တောင်ကိုရီးယားအမျိုးသမီး တေးဂီတအဖွဲ့ 2NE1ကို အားကျမိကာ 2NE1ကဲ့သို့ လျှမ်းလျှမ်းတောက်ကျော်ကြားတဲ့ အဖွဲ့တစ်ဖွဲ့ဖြစ်လိုကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

လတ်တလောမှာလည်း BLACKPINK အဖွဲ့ကို ခေတ်သစ် 2NE1အဖြစ် တောင်ကိုရီးယားမီဒီယာတွေက ရေးသားဖော်ပြမှုတွေရှိနေပြီး ယခုလို NYLON မဂ္ဂဇင်းမှာ ဖော်ပြခံရခြင်းဟာလည်း အမေရိကန်နိုင်ငံက တောင်ကိုရီးယားတေးဂီတအပေါ် အာရုံစိုက်လာမှုကို လှစ်ဟပြနေခြင်းဖြစ်ကြောင်းလည်း ကိုရီးယားဘိုးဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

# Running Man ကို နှုတ်ဆက်လိုက်တဲ့ ဆောင်းဂျီဟိုနဲ့ ကမ်ဂျုံကွတ်ခ်

တောင်ကိုရီးယား ရုပ်သံအစီအစဉ်တစ်ခုဖြစ်တဲ့ "Running Man"ရဲ့ ပင်တိုင်သရုပ်ဆောင်တွေဖြစ်ကြတဲ့ ဆောင်းဂျီဟိုနဲ့ ကမ်ဂျုံကွတ်ခ်တို့ဟာ အဆိုပါ ရုပ်သံအစီအစဉ်ကနေ နုတ်ထွက်လိုက်ပြီဖြစ်ကြောင်း တရားဝင်ထုတ်ပြန်ပြောကြားခဲ့တယ်လို့ ကေပေ့ါပ်စတားဇ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ပြီးခဲ့တဲ့ ဒီဇင်ဘာ ၁၄ ရက်မှာ အဆိုပါအစီအစဉ်ရဲ့ ရာသီသစ်အတွက် ရိုက်ကူးသွားမယ့်အစီအစဉ်တွေမှာ ဆောင်းဂျီဟိုနဲ့ ကမ်ဂျုံကွတ်ခ်တို့ မပါဝင်တော့ကြောင်းနဲ့ သူတို့နှစ်ဦးရဲ့နေရာကို ဟာသသရုပ်ဆောင် ကန်ဟိုဒေါင်နဲ့ အစားထိုးသွားမှာဖြစ်ကြောင်း Running Man အသိုင်းအဝိုင်းနဲ့ ရင်းနှီးသူတစ်ဦးရဲ့ ပြောကြားချက်ကို ကိုးကားကာ အေကေပေ့ါဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။ အဲဒီနောက်မှာတော့ ဆောင်းဂျီဟိုနဲ့ ကမ်ဂျုံကွတ်ခ်တို့ရဲ့အေဂျင်စီတွေက အဆိုပါသတင်းကို အတည်ပြုပြောကြားခဲ့တာ ဖြစ်ပါတယ်။



ရုပ်သံအစီအစဉ်တစ်ခုကနေ နုတ်ထွက်ရမယ့်အကြောင်းကို ကာယကံရှင်တွေဖြစ်ကြတဲ့ ဆောင်းဂျီဟိုနဲ့ ကမ်ဂျုံကွတ်ခ်တို့ကို ကြိုတင်အသိပေးထားခြင်းမရှိဘဲ မီဒီယာတွေရဲ့ဖော်ပြချက်တွေအရသာ နုတ်ထွက်ရတော့မှာဖြစ်ကြောင်း သူတို့နှစ်ဦးသိခဲ့ရတာ ဖြစ်ပါတယ်။ ဒီလိုကြိုတင်အသိပေးခြင်း မရှိခဲ့တဲ့အတွက်လည်း အဆိုပါကောလာဟလတွေအပြီးမှာ Running Man ကို ထုတ်လွှင့်ပြသတဲ့ ရုပ်သံလိုင်း SBS က ကာယကံရှင်တွေကို တရားဝင်တောင်းပန်စကားဆိုခဲ့ပါတယ်။ သူတို့ရဲ့ပြောကြားချက်အရ ၂၀၁၇ ခုနှစ်အတွင်းမှာ ထုတ်လွှင့်သွားမယ့် အဆိုပါရုပ်သံအစီအစဉ်ကို ပုံစံသစ်နဲ့ရိုက်ကူးထုတ်လုပ်သွားဖို့ ရည်ရွယ်ထားတဲ့အတွက် ယခုလိုဆုံးဖြတ်ခဲ့ရတာဖြစ်ကြောင်းလည်း သိရပါတယ်။

ဆောင်းဂျီဟိုရဲ့ ဖျော်ဖြေရေးအေဂျင်စီက မင်းသမီးကို သူ့ရဲ့ရုပ်ရှင်သစ်တွေအပေါ်မှာ ပိုမိုအာရုံစိုက်စေလိုတဲ့အတွက် အစီအစဉ်က နုတ်ထွက်စေခဲ့တာဖြစ်ကြောင်း ဖော်ပြမှုတွေရှိခဲ့ပြီး ကမ်ဂျုံကွတ်ခ်ကတော့ ယင်းအစီအစဉ်မှာပါဝင်ခြင်းကြောင့် ရလာတဲ့အကျိုးအပြစ်တွေကြောင့် ယခုလိုဆုံးဖြတ်ခဲ့ခြင်းဖြစ်ကာ သူ့ရဲ့တေးဂီတလုပ်ငန်းတွေအပေါ် ပိုမိုအာရုံစိုက်နိုင်ရန်ရည်ရွယ်ကာ ယခုလိုနုတ်ထွက်ခဲ့ခြင်းဖြစ်ကြောင်းလည်း သူ့ရဲ့ဖျော်ဖြေရေးအေဂျင်စီက တရားဝင်ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

# ဟယ်ရီစတိုင်ရဲ့ ရုပ်ရှင် "Dunkirk"

ဗြိတိန်ထိပ်တန်း ပေ့ါပ်တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "One Direction"ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဟယ်ရီစတိုင်ဟာ အဖွဲ့ရဲ့ဂီတလှုပ်ရှားမှုတွေကို ရပ်နားနေစဉ် သူ့ရဲ့အနုပညာလှုပ်ရှားမှုတွေကို သရုပ်ဆောင်နယ်ပယ်ဘက်ဆီသို့ ချဲ့ထွင်လာခဲ့ရာ ပြီးခဲ့တဲ့ ဒီဇင်ဘာ ၁၄ ရက်မှာတော့ ဟယ်ရီစတိုင် ပါဝင်သရုပ်ဆောင်ထားတဲ့ ရုပ်ရှင် "Dunkirk"ကို အစမ်းထုတ်လွှင့်ပြသခဲ့ကြောင်း အမ်တီဗီ ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ဒုတိယကမ္ဘာစစ်အတွင်းက ပုံရိပ်တွေနဲ့ ခြယ်မှုန်းထားတဲ့ အဆိုပါရုပ်ရှင်မှာ ဟယ်ရီစဆိုင်ဟာ စစ်သားတစ်ဦးအဖြစ် အဓိကဇာတ်ဆောင်နေရာက ပါဝင်ထားတာဖြစ်ကြောင်းလည်း သိရပါတယ်။ "Dunkirk" အတွက် ပိုစတာဓာတ်ပုံကိုလည်း ပြီးခဲ့တဲ့ ဒီဇင်ဘာ ၁၃ ရက်က ပထမဆုံးအကြိမ်အဖြစ် ထုတ်ဖော်ပြသခဲ့ပါတယ်။

အဆိုပါရုပ်ရှင်မှာ ဒုတိယကမ္ဘာစစ်အတွင်းက စစ်သည်တော်လေးတစ်ဦးဖြစ်တဲ့ တော်မီအဖြစ် ပီပြင်စွာသရုပ်ဆောင်နိုင်ခဲ့တဲ့ ဟယ်ရီစတိုင်ရဲ့ သရုပ်ဆောင်စွမ်းရည်ကြောင့် ဟယ်ရီရဲ့ အော်စကာနေ့ရက်တွေများရောက်လာတော့မလားရယ်လို့ ဝေဖန်ခဲ့ကြပါတယ်။

" Dunkirk" ကိုတော့ လာမယ့် ၂၀၁၇ ခုနှစ် ဇူလိုင် ၂၁ ရက်မှာ စတင်ရုံတင်သွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

အေး ပြည့် - စု စည်း ရေး သား သည်

## မြန်မာ့ရုပ်မြင်သံကြား ထုတ်လွှင့်မှုအစီအစဉ်

**၁၉-၁၂-၂၀၁၆(တနင်္လာနေ့)**

၆:၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၃၅ ပြည်သူတို့ရဲ့စကားသံများ
၇:၅၀ "အစိမ်းရောင်စီးပွားရေး"(GEGG)
၈:၃၅ မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
၉:၃၅ Colour Of ASEAN(1)(Brunei and Thailand)
၉:၅၀ "ရှန်းကန်လှုပ်ရှားဘဝများ" (ကျွန်တော့်ဧည့်လမ်းညွှန်)
၁၀:၃၅ ဒီဇင်ဘာလအတွက် မိုးလေဝသ ဆွေးနွေးခန်း
၁၀:၄၅ သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "မင်းလည်းဘိုကေ ငါလည်းဘိုကေ" (မြင့်မြတ်၊ ကျော်ကျော်ဗို၊ သဥ္ဇာဝင့်ကျော်၊ ခင်လှိုင်၊ ဒိန်းဒေါင်) (ဒါရိုက်တာ-ပြည်ဟိန်းသီဟ)
၁၁:၁၅ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၁၁:၃၅ မြန်မာ့ရုပ်မြင်သံကြားလူငယ်အစီအစဉ်
၁၂:၃၅ "တန်ဖိုးထဲကလူ"(ဇော်ဦး၊ ညီညီတာ၊ မြင့်မြင့်ခိုင်၊ မြသဥ္ဇာလီ)(ဒါရိုက်တာ-သက်တင်)
၁:၂၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ဘုရင်မရဲ့ ပန်းရွှေကြာ" (အပိုင်း-၆၄)
၂:၂၅ အလောင်းတော်ကဿပတောဝယ်-ကျင်လည်ကျက်စားဆင်သတ္တဝါများ (အပိုင်း-၂)
၂:၅၀ "ပေါင်ပေါ်ကျတဲ့မီး"
၃:၃၅ Tasty Trip
၄:၁၅ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ စတုတ္ထနှစ်(မြန်မာမှုပညာအထူးပြု) (မြန်မာမှုပညာ)
၄:၃၅ လူမှုစီးပွားမြင်ကွင်းများ
၅:၁၅ This Week's Special Interest
၅:၃၅ Yes or No Talk Show (Employee or Enterpreneur)(Part-1)
၆:၃၅ ဥပဒေရေးရာအဖြာဖြာ"မေတ္တာဒဏ်ကြေး" (ဝေဖြိုးဟိန်း၊ Flory၊ ဟိန်းထက်ဝင်း၊ သန္တာ၊ ကိုဖြိုး၊ ဝင်းကို၊ သူရ) [ဒါရိုက်တာ-ဝေဠု(ဝသန်)]
၇:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "တံ့မယူလို" (အပိုင်း-၆၅)
၈:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၉:၀၀ ပြည်တွင်းသတင်း၊ မိုးလေဝသအခြေအနေ
-နိုင်ငံခြားဇာတ်လမ်းတွဲ "ဘုရင်မရဲ့ ပန်းရွှေကြာ" (အပိုင်း-၆၅)
-မျက်မှောက်ရေးရာ သုံးသပ်စရာ

**မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

## မြဝတီရုပ်မြင်သံကြား

**၁၉-၁၂-၂၀၁၆(တနင်္လာနေ့)**

၆:၀၃ တရားတော်
၇:၁၆ မေတ္တာပို့
၇:၂၀ ဓမ္မပူဇာတေး
၇:၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၇:၃၀ မျိုးချစ်တပ်မတော်
၉:၁၀ နှစ်(၇၀)ကျော်ကြားတေးများ
၉:၂၀ ကျန်းမာသုတ
၉:၄၅ ရင်ခုန်စီးဆင်းအချစ်သီချင်း
၁၀:၀၀ Casual Talk
၁၀:၁၅ အစွန်းလွတ်ရာဆီသို့
၁၀:၂၅ မေးမြန်းစူးစမ်း
၁၀:၄၅ သီချင်းလက်ဆောင်
၁၀:၅၅ Liked
၁၀:၁၀ ပျိုပျိုမေ
၁၁:၂၀ မြန်မာ့ရှုခင်း
၁၂:၄၅ Guide For You
၄:၃၀ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၄၅ သီချင်းလက်ဆောင်
၅:၁၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- မင်းသမီးနဲ့ကျွန်တော် အပိုင်း(၈၁)
၅:၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
-အရှက်ဦးရဲ့ ပန်းသခင် အပိုင်း(၈၂)
၆:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀ သံစဉ်လမ်းကလင်းလက်ကြယ်
၇:၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- သံသရာတစ်ကွေ့ဝယ် အပိုင်း(၁၁)
၈:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
-ကြယ်ကလေးတိုရဲ့
-ဂီတမိုးကောင်းကင်
-ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်
ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "လက်ခုပ်ထဲကမျက်ရည်" အပိုင်း(၂၀)
-မြဝတီရုပ်မြင်သံကြားသတင်း
-တရားတော်
-သင့်အတွက်မနက်ဖြန်



# အီဘရာဟီမိုဗစ်ချ်အား စူပါမန်းဟု မော်ရင်ဟို တင်စားပြောဆို

ဝက်စ်ဘရွန်းအသင်းနှင့် မန်ယူအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်(၁၇)တွင် တိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ်၏ သွင်းဂိုးနှစ်ဂိုးနှင့်အတူ မန်ယူအသင်းအနိုင်ရရှိခဲ့ပြီးနောက် နည်းပြ မော်ရင်ဟိုက အီဘရာဟီမိုဗစ်ချ်အား စူပါမန်းဟု ယုံကြည်ထားကြောင်း တင်စားပြောဆိုလိုက်သည်။

ဆွီဒင်အသင်းနှင့် ပီအက်စ်ဂျီအသင်းတို့၏ တိုက်စစ်မှူးဟောင်းတစ်ဦးဖြစ်သည့် အီဘရာဟီမိုဗစ်ချ်သည် မန်ယူအသင်းနှင့်အတူ ပြိုင်ပွဲအရပ်ရပ်တွင် သွင်းဂိုး ၁၆ ဂိုးအထိ သွင်းယူနိုင်ခဲ့ပြီး မန်ယူအသင်းနှင့်အတူ ပရီမီယာလိဂ်သွင်းဂိုး ၁၁ ဂိုးအထိ သွင်းယူနိုင်ခဲ့သူလည်းဖြစ်သည်။

အီဘရာဟီမိုဗစ်ချ်သည် မန်ယူအသင်းသို့ ရောက်ရှိလာခဲ့ပြီးနောက်ပိုင်း ပွဲစဉ်နှစ်ပွဲသာလွဲချော်ခဲ့ရပြီး ၂၀၁၁-၂၀၁၂ မှစတင်ကာ လိဂ်ပွဲ ၁၇၀ တွင် သွင်းဂိုး ၁၀၀ သွင်းယူနိုင်ခဲ့သည့် ကစားသမားတစ်ဦးဖြစ်သည်။ အီဘရာဟီမိုဗစ်ချ်၏ စွမ်းဆောင်ရည်ကောင်းမွန်မှုကြောင့် နည်းပြ မော်ရင်ဟိုက "ဇလာတန်ရဲ့အသက်က (၃၅)နှစ်ဆိုပေမယ့် ပရီမီယာလိဂ်ကိုရောက်လာတဲ့ အသက်(၂၅)နှစ်အရွယ် တိုက်စစ်မှူးတွေကိုတောင် မယုံကြည်နိုင်လောက်တဲ့ ခြေစွမ်းမျိုးတွေကို ပြသနိုင်ခဲ့သူပါ"ဟု ဆိုသည်။

မန်ယူအသင်းသည် အဆိုပါနိုင်ပွဲရလဒ်ကြောင့် ပြိုင်ပွဲအရပ်ရပ်တွင် ၁၀ ပွဲဆက် ရှုံးပွဲမရှိစံချိန်တင်ခဲ့ပြီး ပရီမီယာလိဂ်အမှတ်ပေးဇယားတွင်လည်း အဆင့်(၆)နေရာတွင် ရပ်တည်နိုင်ခဲ့သည်။

(ငွေကြယ်)

# တောင်ပံတိုက်စစ်မှူး ဒရက်ဇ်လာကို ခေါ်ယူရန် ဝင်းဂါးကို အိုဇေးလ် တိုက်တွန်း


အာဆင်နယ်ကွင်းလယ်လူ အိုဇေးလ်က ဝုဖ်ဘတ်အသင်းမှ ထွက်ခွာရန်နီးစပ်နေသည့် ဒရက်ဇ်လာကို ခေါ်ယူရန် နည်းပြ ဝင်းဂါးကို တိုက်တွန်းခဲ့ရာ အိုဇေးလ်၏ ယခုကဲ့သို့ တိုက်တွန်းခဲ့ခြင်းက အာဆင်နယ်နှင့် ၎င်းသက်တမ်းတိုးစာချုပ်ချုပ်ဆိုရေးသည် ဒရက်ဇ်လာကို ခေါ်ယူနိုင်မှု ရှိ၊ မရှိဆိုသည်နှင့်ပင် ဆက်စပ်မှုရှိကြောင်းလည်း ဂိုးလ်ဒေါ့ကွန်းက ဖော်ပြသည်။ အာဆင်နယ်သည် အိုဇေးလ်အား စာချုပ်သက်တမ်း ကမ်းလှမ်းထားသည်မှာ ကြာမြင့်နေပြီဖြစ်သော်လည်း အိုဇေးလ်က ပေါ့ဘာနှင့် လစာနှုန်းထားတူ တစ်ပတ်လုပ်ခ ပေါင် ၃၀၀၀၀၀ ရလိုကြောင်း တောင်းဆိုထားသဖြင့် အဆင်ပြေမှုမရရှိသေးခြင်းဖြစ်သည်။

ဒရက်ဇ်လာမှာ အာဆင်နယ်အသင်း ကာလကြာရှည် ပစ်မှတ်ကစားသမားဖြစ်သော်လည်း ၎င်းက ရှော်လ်ကေးမှ ဝုဖ်ဘတ်အသင်းသို့သာ ပြောင်းရွှေ့ခဲ့ခြင်းကြောင့် အာဆင်နယ်အနေဖြင့် အခွင့်အရေးတစ်ကြိမ် ဆုံးရှုံးခဲ့ရပြီးဖြစ်သည်။ ယခုမူ ဒရက်ဇ်လာကိုယ်တိုင်က ဝုဖ်ဘတ်တွင် မပျော်မရွှင်ဖြစ်နေပြီး အသင်းပြောင်းရန် ကြိုးပမ်းနေရာ အိုဇေးလ်က အာဆင်နယ် ယခုတစ်ကြိမ်အခွင့်အရေးကို လက်လွှတ်မခံသင့်ကြောင်း အကြံပြုခဲ့ခြင်းဖြစ်သည်။ အိုဇေးလ်နှင့် ဒရက်ဇ်လာတို့သည် ၂၀၁၄ ခုနှစ် ဂျာမနီအသင်း ကမ္ဘာ့ဖလားရရှိခဲ့ရာတွင် အတူတကွ ခြေစွမ်းပြခဲ့ကြရာ အိုဇေးလ်က ဒရက်ဇ်လာရောက်ရှိလာခြင်းက အာဆင်နယ်အသင်း၏ ပရီမီယာလိဂ် ချန်ပီယံဖြစ်ရေးအိပ်မက်ကို ပိုမိုထောက်ကူပြုနိုင်မည်ဟု ယုံကြည်နေခြင်းဖြစ်သည်။

ဝုဖ်ဘတ်အသင်းသည် ဒရက်ဇ်လာ ပြောင်းရွှေ့ကြေး ပေါင်သန်း ၃၀ သတ်မှတ်ထားပြီး ၎င်းကို စီရီးအေကလပ် ဂျူဗင်တပ်၊ ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းတို့မှလည်း အလိုရှိနေရာ အာဆင်နယ်အနေဖြင့် ဒရက်ဇ်လာရရှိရေးအတွက် အင်ပြည့်အားပြည့် လှုပ်ရှားမှသာ ခေါ်ယူနိုင်ခြေရှိသည်။

အိုဇေးလ်မှာ အာဆင်နယ်တွင် လုပ်ခလစာ ပိုမိုရရှိနေသလို ၎င်းအကြံပြုသည့် ကစားသမားများကို ရရှိအောင် ကြိုးပမ်းနိုင်မှသာ အာဆင်နယ်၏ စာချုပ်သစ်ကမ်းလှမ်းမှုကို လက်ခံရန် ဆုံးဖြတ်ထားနိုင်ကြောင်းလည်း အဆိုပါသတင်းရင်းမြစ်ကပင် ဆက်လက်ဖော်ပြသည်။

(မေလှဲ့သင်း)



# လာမည့် ဘောလုံးရာသီ ပရီမီယာလိဂ်ဖလားကို မန်ယူအသင်း စိန်ခေါ်နိုင်လိမ့်မည်

မန်ယူအနေဖြင့် ယခုနှစ်ဘောလုံးရာသီတွင် ပရီမီယာလိဂ်ဖလားရရှိရန် မဖြစ်နိုင်တော့သော်လည်း လာမည့်ဘောလုံးရာသီတွင် ချန်ပီယံဆုကိုရရှိရန် နည်းပြ မော်ရင်ဟို ဦးဆောင်နိုင်လိမ့်မည်ဖြစ်ကြောင်း လီဗာပူးအသင်းခေါင်းဆောင်ဟောင်း စတီဗင်ဂျာရတ်က ဝက်စ်ဘရွန်းနှင့် မန်ယူပွဲစဉ်အပြီးတွင် သုံးသပ်ပြောကြားခဲ့သည်။ မန်ယူအသင်း ခြေစွမ်းမှန်မှန်ဖြင့် ရမှတ်များစုဆောင်းလာနိုင်ပြီဖြစ်သော်လည်း ယခုနှစ် ဘောလုံးရာသီအတွင်း လက်ရှိအနေအထားထက် မြင့်မားသည့် အဆင့်တစ်ခုဖြင့် ရာသီသိမ်းနိုင်ရန်သာ မျှော်လင့်နိုင်တော့မည်ဟု ဂျာရတ်က ယူဆသည်။

မန်ယူအသင်းသည် ချယ်လ်ဆီးအသင်းအား ရှုံးနိမ့်ခဲ့ပြီးနောက် ပရီမီယာလိဂ် ရှုံးပွဲမကြုံသေးသော်လည်း ဘန်လေ၊ အာဆင်နယ်၊ ဝက်စ်ဟမ်း၊ အဲဗာတန်အသင်းတို့ကို သရေသာ ကစားနိုင်ခြင်းကြောင့် အမှတ်ဆုံးရှုံးမှုရှိခဲ့သော်လည်း စပါး၊ ခရစ္စတယ်ပဲလေ့စ်နှင့် ဝက်စ်ဘရွန်းအသင်းတို့ကို သုံးပွဲဆက်အနိုင်ရရှိအောင် ကစားပြနိုင်ခဲ့သည်။

မန်ယူအနေဖြင့် လာမည့်ဘောလုံးရာသီ ကစားသမားအဝင်အထွက်စာရင်း များပြားနိုင်ပြီး အသင်းမှထွက်ခွာမည့် စာရင်းတွင် အသင်းခေါင်းဆောင် ရွန်းနီ ပါဝင်လိမ့်မည်ဖြစ်ကြောင်း The Sun သတင်းဌာနက ဖော်ပြသည်။ ရွန်းနီအား နာပိုလီအသင်းမှကမ်းလှမ်းထားပြီး ရွန်းနီနှင့် မော်ရင်ဟိုကြား ဆက်ဆံရေးမပြေလည်ခြင်းကြောင့် ရွန်းနီ မန်ယူမှ သေချာပေါက် ထွက်ခွာလိမ့်မည်ဖြစ်ကြောင်း ဖီဖာအေးဂျင့်ဖြစ်သူ မော်ရာဘီတိုက ပြောကြားခဲ့ခြင်းဖြစ်သည်။ ထို့ပြင် မန်ယူကွင်းလယ်လူ ရှဝိန်းစတိုင်ဂါမှာ တရုတ်စူပါလိဂ်နှင့် အမေရိကန်မေဂျာလိဂ်အသင်းများ၏ ကမ်းလှမ်းချက်များကို ငြင်းပယ်ကာ ယခုနှစ်ဘောလုံးရာသီအကုန်မှာပင် ကစားသမားဘဝမှ အနားယူနိုင်ခြေရှိနေကြောင်းလည်း သိရသည်။

(မေလှဲ့သင်း)


# မန်စီးတီးနှင့် ပွဲစဉ်တွင် လီဗာပူးကွင်းလယ်လူ ကော်တင်ဟို ပါဝင်နိုင်မည်

လီဗာပူးကွင်းလယ်လူ ကော်တင်ဟို၏ ခြေချင်းဝတ်ဒဏ်ရာမှာ တဖြည်းဖြည်း ပြန်လည်သက်သာလာပြီဖြစ်သောကြောင့် မန်စီးတီးအသင်းအားရင်ဆိုင်ရမည့် ပွဲစဉ်အမီ ပါဝင်ကစားနိုင်လိမ့်မည်ဖြစ်ကြောင်း လီဗာပူးနည်းပြ ဂျာဂန်ကလော့ပ်က အတည်ပြုခဲ့သည်။ ကော်တင်ဟိုသည် လာမည့်အပတ်အတွင်း စတင်ပြေးနိုင်ပြီဖြစ်သဖြင့် မန်စီးတီးအသင်းနှင့် ပွဲစဉ်တွင် ပြန်လည်ပါဝင်ကစားနိုင်ရန် ရှိနေခြင်းဖြစ်သည်။

ကော်တင်ဟိုသည် ဆန်းဒါးလန်းနှင့် ပွဲစဉ်တွင် ခြေချင်းဝတ်ဒဏ်ရာ ရရှိပြီးနောက် ဂျိုင်းထောက်ဖြင့်သာ သွားလာလှုပ်ရှားနိုင်သော်လည်း ယခုအခါ ဂျိုင်းထောက်မဲ့ လှုပ်ရှားနိုင်ပြီဖြစ်သည်။ ထို့ပြင် နောက်ခံလူ ဂျိုရယ် မာတစ်၏ ဒဏ်ရာမှာ ခွဲစိတ်ကုသရန် မလိုအပ်သဖြင့် ရက်အနည်းငယ်လောက်သာ အနားယူရမည်ဖြစ်သောကြောင့် ယင်းမှာ လီဗာပူးပရိသတ်များအတွက် သတင်းကောင်းပင် ဖြစ်သည်။

(မေလှဲ့သင်း)

# ၁၁ မိနစ်အတွင်း လေးဂိုးသွင်းပြီး မာလာဂါကို ဆီဗီလာအနိုင်ရရှိ



ဆီဗီလာအသင်းသည် လာလီဂါပွဲစဉ်(၁၆)အဖြစ် မာလာဂါအသင်းကို အိမ်ရှင်အဖြစ် ဧည့်ခံကစားခဲ့ရာ ၁၁ မိနစ်တာအချိန်အတွင်း လေးဂိုးသွင်းကာ လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ဘာစီလိုနာအသင်းပွဲစဉ်(၁၆) မကစားမီ အမှတ်ပေးဇယား၏ အဆင့်(၂) နေရာသို့ တက်လှမ်းနိုင်ခဲ့သည်။

ယင်းပွဲစဉ်တွင် ဆီဗီလာအသင်းသည် ပွဲကစားချိန် ၂၅ မိနစ်တွင် ဗီယက်တို၏ သွင်းဂိုးဖြင့် ဦးဆောင်ဂိုးစတင် ရရှိခဲ့ပြီး ၂၈ မိနစ်တွင် ဗီယက်တိုကပင် နောက်ထပ်သွင်းဂိုးတစ်ဂိုး ထပ်မံသွင်းယူနိုင်ခဲ့သည်။ ထို့ပြင် ပွဲကစားချိန် ၃၄ မိနစ်တွင် ဘန်ယက်ဒါက တစ်ဂိုးနှင့် ပွဲကစားချိန် ၃၅ မိနစ်တွင် မာချင်ပဲရက်ဇ်ကတစ်ဂိုး သွင်းယူပေးခဲ့ခြင်းကြောင့် ပွဲကစားချိန် ၂၅ မိနစ်မှ ၃၅ မိနစ်တာ အချိန်အတွင်း လေးဂိုးသွင်းယူကာ ပထမပိုင်း ပြီးချိန်တွင် လေးဂိုးပြတ်ဖြင့် ဦးဆောင်ကစားနိုင်ခဲ့သည်။

သို့ရာတွင် ဆီဗီလာအသင်းသည် ပွဲကစားချိန် ၆၁ မိနစ်တွင် နောက်ခံကစားသမား အက်ဒီလ်ရာမီ နှစ်ဝါ တစ်နီဖြင့် ထုတ်ပယ်ခံခဲ့ရပြီး ပွဲကစားချိန် ၆၄ မိနစ်တွင် ရာမီရက်ဇ်၏ သွင်းဂိုးနှင့်အတူ မာလာဂါအသင်း ချေပဂိုး ပြန်လည်ရရှိခဲ့သည်။ သို့သော် ဆီဗီလာအသင်းက မာလာဂါအသင်းအား လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ထို့ကြောင့် ဆီဗီလာအသင်းမှာ ဂျပန်နိုင်ငံ၌ ကမ္ဘာ့ကလပ်အသင်းများဖလား သွားရောက်ကစားနေသည့် လာလီဂါအမှတ်ပေးဇယားတွင် ဦးဆောင်နေသော ရီးယဲလ်မက်ဒရစ်အသင်းနှင့် လေးမှတ်ကွာအနေအထားသို့ ရောက်ရှိသွားခဲ့သည်။ အခြားပွဲစဉ်များတွင် ဗီလာရီယဲလ် အသင်းသည် စပို့တင်းဂီဂျွန်အသင်းအား သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းကြောင့် အဆင့်(၄)နေရာသို့ တက်လှမ်းသွားခဲ့ပြီး ဂရန်နာဒါအသင်းအား နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည့် ရီးယဲလ်ဆိုစီဒက်အသင်းမှာမူ အမှတ်ပေးဇယားအဆင့်(၅)နေရာ၌ ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

(ငွေကြယ်)

# အောင်ပွဲဆီ ဦးတည်

ဆုံးငှက်

လွန်ခဲ့သော နှစ် ၃၀ ဝန်းကျင်ကာလက မန္တလေးမြို့နေလူထုမျှော်လင့်ခြင်းက ဇန်နဝါရီလဆန်းသည်နှင့် စတင်၍ ကျင်းပသော လွတ်လပ်ရေးနေ့အခမ်းအနားများ ပျော်ပွဲရွှင်ပွဲများပဲဖြစ်သည်။ တောင်ဘက်မျက်နှာရှိ ကျုံးနှင့်မြို့ရိုးကြား ပေ ၂၅၀ နှင့် ၃၀၀ ကြား ကျယ်ဝန်းသောနေရာတွင် မင်္ဂလာတံခါးမှသည် အနောက်ဘက်ကျုံးထောင့်၊ ထို့နောက် မြောက်သို့ အာဋ္ဌာဝီတံခါးပေါက်ထိ နေရာကျယ်ကြီးအတွင်း လွတ်လပ်ရေးပွဲသဘင်ကို ခုနစ်ရက်ခုနစ်လီ ကျင်းပသည်။ ကျုံးတောင်ဘက်ခြမ်း မင်္ဂလာတံခါးမှ အနောက်ကျုံးထောင့်အတွင်းက မန်းသီတာဥယျာဉ်ရှိ၏။ ထိုဥယျာဉ်အတွင်း ပြန်ကြားရေးဌာနပြခန်းများရှိသည်။ ပန်းချီပြိုင်ပွဲ၊ စာပေပြိုင်ပွဲများရှိသည်။ ဆို၊ က၊ တီးပြိုင်ပွဲများ ရှိသည်။ သမားစဉ်အကနှင့် မဟာဂီတသီချင်းကြီးများကို အဓိကထား သီဆိုခြင်း၊ တီးမှုတ်ခြင်းပြိုင်ပွဲများဖြစ်၏။ မျိုးရိုးဇာတိဂုဏ်ကို မော်ကြွားခံ့ညားစေသည့် ပြိုင်ပွဲဖြစ်သည်။ ထို့နောက် ဂီတဆည်းဆာများရှိသည်။ စတုဒိသာ အစားအသောက်များ၊ ရန်ပုံငွေ စားသောက်ဆိုင်များရှိသည်။ ကျုံးထောင့်မှာ ဂီတဆည်းဆာ၊ အငြိမ့်ပွဲ၊ ထို့နောက် မြောက် အာဋ္ဌာဝီတံခါးအထိ မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲ၊ ဘော်လီဘောပွဲ၊ ဘတ်စကတ်ဘောပွဲ၊ ခြင်းပွဲ၊ ဌာနဆိုင်ရာပြခန်းများ၊ ဂီတပဒေသာပွဲများ အပြည့်ရှိ၏။

နေ့လယ်နေ့ခင်းတွင် ကျုံးအတွင်းလှေပြိုင်ပွဲများရှိသည်။ အလှပြလှေများလည်းရှိသည်။ တစ်နှစ်တင်က အနောက်ကျုံးအတွင်း ရေတပ်မတော်၏ ကမ်းတက်စစ်ဆင်ရေးသရုပ်ပြပွဲပင် ပါလိုက်သေး၏။ ကျုံးအတွင်း ရေပန်းတွေ ဆင်ထားသည်။ မင်္ဂလာတံတား၊ မေတ္တာပေါင်းကူးတံတား၊ မတ္တရာမီးရထားတံတား၊ အာဋ္ဌာဝီတံတားတို့မှာ အလှမီးလုံးတွေမြိုင်နေ၏။ နိုင်ငံတော်အလံများက ကျုံးကမ်းစပ်မှာ မြို့ရိုးပေါ်မှာ တညီတညာတည်း ရဲရဲတောက် တလူလူ လွင့်နေသည်။ မြို့ရိုး၏ သူရဲခိုများ၊ ပြအိုးများ၊ ပြာသာဒ်များတွင် မီးလုံးရောင်စုံဆင်ထား၏။ ထိုနေရာတစ်ဝိုက် သစ်ပင်များမှာလည်း မီးလုံးမီးသီးမီးပွင့်တို့ ဝေဆာနေသည်။

ကျုံးနံဘေးပတ်ပတ်လည်မှာ မီးရောင်စုံတွေ ထိန်ထိန်လင်းမျှ ထွန်းညှိထားသည်။ မြို့ရိုး၏အထက် သူရဲခိုကလနားများအတိုင်း လျှပ်စစ်မီးလုံးတွေဆင်ထားသည်။ မြို့ရိုးပေါ်ရှိ ပြာသာဒ်ကြီးများမှာလည်း မီးလုံးရောင်စုံတွေ သီးပွင့်နေ၏။ ကျုံးနံဘေးသစ်ပင်တွေမှာပင် ဝါ၊ စိမ်း၊ နီ၊ ပြာ၊ ခရမ်းလျှပ်စစ်မီးပွင့် အရွယ်အစားအမျိုးမျိုး အဆုပ်ဆုပ် ပွင့်ဖူးနေသည်။ ကျုံးရေထဲမှာ ရေပန်းရောင်စုံ။ မင်္ဂလာတံတား၊ အာဋ္ဌာဝီတံတားမှအစ မေတ္တာပေါင်းကူးတံတားအထိ တံတားရုပ်လုံးအားလုံး လျှပ်စစ်တန်ခိုးဖြင့် ကျုံးရေပြင်မှာ နှစ်ကိုယ်ခွဲပြနေသည်။ မြို့ရိုးနှင့် ကျုံးအကြားမြေပြင်မှာက ဆိုင်ခန်းတွေ၊ ပြခန်းတွေ၊ တီးဝိုင်းတွေ၊ အငြိမ့်တွေ၊ ပဒေသာကပွဲတွေဖြင့် ပုခုံးချင်းတိုက်မျှ နေရာယူထားကြသည်။ လူသံ၊ သီချင်းသံ၊ ဈေးဝယ်ခေါ်သံ၊ ကုန်ပစ္စည်းကြော်ငြာသံများက သိမ့်သိမ့်လှုပ်နေ၏။



အမြဲတမ်းဦးမော့နေသော ဈေးချိုနာရီစင်ကြီးကလည်း ထိုနေ့တွေမှာ လျှပ်စစ်ဝတ်ရုံသစ်ကြီး ဆင်မြန်းထားသည်။ အာဇာနည်လမ်းတစ်လျှောက် ရိုးကုမ္ပဏီအတက်မှသည် ကြေးနန်းရုံးပေါက်အထိ ခြေကျင်ခရီးသွားများ၊ စက်ဘီးများ၊ မြင်းလှည်းများက လမ်းလုံးပြည့်မျှ အရှေ့သို့ချည်း ဦးတည်နေကြ၏။

တစ်နှစ်မှတစ်ခါ ဂုဏ်ယူဝင့်ကြွားစွာ ကျင်းပကြသော လွတ်လပ်ရေးအောင်ပွဲသဘင်အခါသမယတွင် တောင်ဘက်ကျုံး၊ အနောက်ဘက်ကျုံး၌ ဤကဲ့သို့ စည်ကားသိုက်မြိုက်ခဲ့ဖူးပါသည်။ မြို့ရိုးပေါ်မှာလည်း ပြည်ထောင်စုအလံတွေက အစီအရီလွင့်ပျံ့လို့။ ထိုစဉ်က လွတ်လပ်ရေးနေ့ အခမ်းအနားများကို ကျုံးနံဘေးတွင် ခုနစ်ရက်ခုနစ်လီ တခမ်းတနားကျင်းပခြင်းသည် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက် လွတ်လပ်ရေးရသည့် ပထမအကြိမ်ကတည်းက အစဉ်အဆက်ကျင်းပဖြစ်ခဲ့သည့် အခမ်းအနားများဖြစ်သည်ဟု လူကြီးသူမများပြောကြားဖူးသည်။ ကျွန်တော်တို့မီတော့ အနှစ် ၃၀ ဝန်းကျင်ပေါ့။

လွတ်လပ်ရေးအခမ်းအနားများနည်းတူ ဖေဖော်ဝါရီလ ၁၂ ရက် ပြည်ထောင်စုနေ့များတွင်လည်း အကယ်၍ မန္တလေးသို့ ပြည်ထောင်စုအလံတော် အလှည့်ကျနားမည့်နှစ်ရောက်လျှင် မန္တလေးတောင်ခြေ ရာပြည့်ကွင်းကြီး၌ ပြည်ထောင်စုပွဲတော်ကြီးကို ခမ်းခမ်းနားနား ကျင်းပသည်။ ရန်ကုန်မြို့ (သို့မဟုတ်) ယခင်နှစ်က ပြည်ထောင်စုအလံတော် ရပ်နားခဲ့သော ပြည်နယ်နှင့် တိုင်းမြို့တော်ကြီးများမှ ပြည်ထောင်စုအလံတော်ကို မန္တလေးသို့ လက်ဆင့်ကမ်းသယ်ဆောင်ပြီး ဖေဖော်ဝါရီလ ၁၂ ရက်နေ့ မွန်းမတည့်မီ ရာပြည့်ကွင်းကြီးအလယ်မှစင်မြင့်သို့ ဆိုက်မြိုက်ရောက်ရှိလာသည်။ ကျုံးနံဘေးမှာ လူတွေပွတ်သိပ်ကျပ်၊ ဘင်ခရာသံတွေက သဲ့သဲ့။ ဖြည်းဖြည်းချင်း နီးလာ။ စစ်တက္ကသိုလ်ဘင်ခရာ အဖွဲ့က လမ်းတစ်လျှောက် ညီညာလှပ အားမာန်ကြွဖွယ် အလှပြတီးမှုတ်နေသည်။ ရာပြည့်ကွင်းကြီးထဲမှာ မီးသတ်ရေယာဉ်များဖြင့် ပက်ဖျန်းပေးနေသော်လည်း ပရိသတ်များလှ၍ ဖုံလုံးကြီးထနေသည်။

ညရောက်လျှင် မန္တလေးတောင်ပေါ်မှာလည်း မီးစောင်းတန်းအသွယ်သွယ်။ ရာပြည့်ကွင်းကြီးထဲမှာလည်း မီးရောင်စုံထိန်ထိန်ညီးကာ မိုးယံဖောက်ထွက်နေ၏။ တကယ်တော့ မန္တလေးတောင်ခြေက ထိုကွင်းကြီးမှာ ၁၃၂၂ ခုနှစ် မန္တလေးနှစ်တစ်ရာပြည့်ပွဲကြီး ခမ်းခမ်းနားနား ကျင်းပခဲ့သည်မို့ ‘ရာပြည့်’ ကွင်းဟု အမည်တွင်ခဲ့သည်။ ရာပြည့်ကွင်းကြီးမှာ ထိုကဲ့သို့ မြို့လူထုနှင့် သက်ဆိုင်သည့် ရာပြည့်ပွဲ၊ ပြည်ထောင်စုပွဲ၊ အခြားလူထုစည်းဝေးပွဲကြီးတွေကျင်းပခဲ့သည်။ ထို့ပြင် မြို့၏ အထင်ကရဆရာတော်ကြီးများ၏ ဘုန်းကြီးပျံပွဲကြီးများလည်း ရာပြည့်ကွင်းကြီးမှာပဲ အစဉ်အဆက်ကျင်းပခဲ့၏။ မန္တလေး၏ နိုင်ငံရေး၊ ဘာသာရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုင်ရာသမိုင်းကြေးမုံထင်ဟပ်သည့် ကွင်းကြီးတစ်ကွင်းဖြစ်သည်။ ယခု ရတနာပုံတိရစ္ဆာန်ဥယျာဉ်နေရာကွင်းကြီးပေါ့။

ထိုကဲ့သို့သော ရာပြည့်ကွင်းကြီးမှာ ပြည်ထောင်စုနေ့ကဲ့သို့ အခမ်းအနားကြီးများကျင်းပသောအခါ မြောက်ဘက်ကျုံးအတွင်း၌ လှေပြိုင်ပွဲများ၊ မြောက်ဘက်ကျုံးနှင့် မြို့ရိုးကြားမြေကွက်လပ်၌ လှည်းပြိုင်ပွဲများ ကျင်းပခဲ့သည်။ ကျုံး၊ မြို့ရိုးနှင့် အယဉ်၊ အကြော့၊ အသော့နှင့် လှည်းများမြင်ကွင်းကား ပြည်ထောင်စုပွဲကာလများဆီက လှည်းပြိုင်ပွဲများပဲဖြစ်သည်။

ထိုကဲ့သို့ လွတ်လပ်ရေးပွဲနီးလာပြီဆိုလျှင် မန္တလေးမြို့၏ ပြလမ်းများပေါ်မှာ လမ်းမီးတွေ အသစ်ဆင်သည်။ အားနည်းသောမီးကို အားကောင်းသောမီးနှင့်လဲလှယ်သည်။ လမ်းမီးကျွမ်းလျှင် အသစ်တပ်ဆင်သည်။ ထိုစဉ်က ဈေးချိုတော်ကိုအခြေခံ၍ ၈၄ လမ်း(ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီး)၊ ၈၃ လမ်း၊ ၈၂ လမ်း၊ ၈၁ လမ်း၊ လမ်း ၈၀၊ ၂၆ ဘီအာဇာနည်လမ်း၊ ၃၅ အေလမ်းစသည်များမှာ မာကျူရီလျှပ်စစ်မီးရောင်တွေ ထိန်ထိန်လင်းစေသည်။ အထူးသဖြင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းမှာ ဓာတ်တိုင်တိုင်းစေ့ ခေတ်မီလမ်းမီးများ စနစ်တကျတပ်ဆင်ခဲ့၏။ ယခုတော့ ထိုလမ်းမကြီးများပေါ်မှ စတိုးဆိုင်များ၊ မီနီမတ်ကက်များ၊ ဈေးဆိုင်များ၏ ဆိုင်းဘုတ်မီး၊ အလှဆင်မီးရောင်များကြောင့် လမ်းမီးများရှိရန်မလိုတော့ပုံရသည်။ ဘယ်လမ်းမီးမှမမြင်မိ။

တချို့သော ပြည်ထောင်စုနေ့များတွင် ပွဲမစတင်မီကတည်းက ဘတ်စ်ကားမှတ်တိုင်အသစ်များစိုက်ထူပြီး ရန်ကုန်မြို့မှ ဟီးနိုးကားသစ်ကြီးများပေးပို့ကာ ဘုရားကြီး၊ ဈေးချို၊ အနောက်ကျုံးလမ်း၊ မန်းရာပြည့်ကွင်း၊ အရှေ့ကျုံးလမ်း၊ မြူနီစီပယ်ရုံး၊ ဘူတာကြီး၊ ဘုရားကြီးကို အဆက်မပြတ်ပြေးဆွဲပေးခဲ့သေး၏။ ပြည်ထောင်စုပွဲအပြီးအထိ တစ်လလောက်ကြာမှာပေ့ါ။ ဒရိုင်ဘာကလည်း ယူနီဖောင်းအသစ်နှင့်၊ တစ်နှစ်တင်က အမျိုးသမီးစပယ်ယာများက ယူနီဖောင်းကိုယ်စီနှင့်မို့ ဟီးနိုးကားမစီးဘူးသော မန္တလေးသားတွေကြိတ်ကြိတ်တိုးအားပေးကြသည်။ တစ်နေ့လုံး တစ်ညလုံး ပြေးဆွဲပေးကာ ညရောက်လျှင် ဟီးနိုးကားပေါ် မီးထိန်ထိန်လင်းနေ၏။

ထိုသို့သော လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့များတွင် မြို့လုံးကျွတ်အိမ်တိုင်းစေ့မှာ ပြည်ထောင်စုအလံတွေ ရဲရဲနီလို့။ အိမ်အတော်များများက မီးရောင်စုံထွန်းညှိလို့။ ဈေးချို၊ နာရီစင်၊ ဟံသာဝတီသတင်းစာတိုက်၊ မြူနီစီပယ်ရုံး၊ ကြေးနန်းရုံး၊ စာတိုက်ကြီးနှင့် ရုပ်ရှင်ရုံတိုင်းစေ့ မီးပဒေသာမီးလုံးရောင်စုံများထွန်းညှိလို့။ မန်းရာပြည့်ကွင်းမှာ ကျုံးနံဘေးမှာ မီးလုံး၊ မီးပွင့်၊ မီးချောင်း၊ မီးမောင်းဖိတ်ဖိတ်လက်လို့။ တစ်မြို့လုံးက လမ်းတွေမှာလည်း လမ်းမီးထိန်ထိန်လင်းလို့။ ဓာတ်စက်ရုံကြီးထဲက ရေနွေးငွေ့အင်ဂျင်ကြီးကလည်း မီးခိုးချောင်းချောင်းထမျှ အစွမ်းပြပြီး လောပိတ လျှပ်စစ်အားကို အကူအညီပေးလို့။ တစ်မြို့လုံးလည်း သိမ့်သိမ့်လှုပ်မျှ၊ ပွဲတော်၊ အောင်ပွဲဆီ ဦးတည်လို့။



ကြေးမုံ



# ပင်လယ်ငါးဖမ်းစက်လှေများအား သစ်သားကိုယ်ထည်ဖြင့် ဆောက်လုပ်ခြင်းများကို ကျယ်ပြန့်စွာလုပ်ကိုင်ဆဲရှိနေ



**ရေး ဒီဇင်ဘာ ၁၈**

မြန်မာ့ပင်လယ်ပြင်ငါးဖမ်းစက်လှေများတွင် သစ်သားကိုယ်ထည်များဖြင့် စက်လှေကြီးများ တည်ဆောက်ခြင်းကို ပင်လယ်ပြင်ငါးဖမ်းလုပ်ငန်း အဓိကလုပ်ကိုင်ရာနေရာများဖြစ်သော မွန်၊ ရခိုင်၊ ဧရာဝတီ၊ ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ယခုအချိန်ထိ စက်လှေကြီးများ၏ ကိုယ်ထည်များအား သစ်သားဖြင့် တည်ဆောက်ခြင်းလုပ်ငန်းကို တွင်ကျယ်စွာလုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

အဆိုပါ သစ်သားကိုယ်ထည်ငါးဖမ်းစက်လှေကို တည်ဆောက်ရာတွင် ၅၉ ပေအရှည်၊ အကျယ် ၂၂ ပေ အရွယ်ရှိသည့် လှေများကို ကျွမ်းကျင်အလုပ်သမားအနည်းဆုံး ၂၀ ဖြင့် လေးလခန့် အချိန်ယူ တည်ဆောက်ရသည်။

"သစ်အမျိုးစားအစုံနဲ့ အနည်းဆုံးတန် ၇၀ လောက်ကိုအသုံးပြုရပါတယ်။ ကုန်ကျစရိတ်က သိန်း ၂၅၀ လောက်ကုန်ကျပါတယ်။ ကျိုက္ခမီမြို့မှာတော့ ကျွမ်းကျင်အလုပ်သမားအများဆုံးရပါတယ်" ဟု လှေတည်ဆောက်သည့်လုပ်ငန်း လုပ်ကိုင်သူ ဦးလှက ပြောသည်။

သစ်သားကိုယ်ထည်ဖြင့် တည်ဆောက်ခြင်းလုပ်ငန်းခွင်တွင် လျှပ်စစ်မီးအန္တရာယ်နှင့်ကြုံတွေ့ရတတ်ပြီး ယခုအခါ သစ်ကုန်ကြမ်းရှားပါးခြင်းနှင့် ဈေးနှုန်းမြင့်လာခြင်းကြောင့် လုပ်ငန်းကြန့်ကြာမှုများ ကြုံတွေ့နေရကြောင်း သိရသည်။

**ထွန်းထွန်း(ရေး)**

## မှူခင်းကျဆင်းရေး နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အန္တရာယ်ကင်းရှင်းရေး ပညာပေးဟောပြော

**မလှိုင် ဒီဇင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ရဲတပ်ဖွဲ့နှင့် အမှတ်(၁၄) ယာဉ်ထိန်းရဲဒုတိယတပ်ဖွဲ့ခွဲ အမှတ်( ၉၆ ) ယာဉ်ထိန်း ရဲတပ်ဖွဲ့စု မိတ္ထီလာမြို့တို့ပူးပေါင်း၍ မှူခင်းကျဆင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အန္တရာယ်ကင်းရှင်းရေးနှင့် မှုခင်းကျဆင်းရေးပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ဒုတိယပတ်က မလှိုင် အထက်တန်းကျောင်း ယမုံနာဆောင်၌ ပြုလုပ်ခဲ့ကြောင်းသိရသည်။

အဆိုပါ ဟောပြောပွဲတွင် မလှိုင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းဝေက သက်ငယ်မုဒိမ်းမှုနှင့်ဆိုင်ရာပြစ်မှုပြစ်ဒဏ်များ၊ မုဒိမ်းမှုဖြစ်ပွားရခြင်းအကြောင်း၊ မုဒိမ်းမှုမြောက်စေသောအချက်များ၊ ကြိုတင်ကာကွယ်နိုင်မည့်အချက်များကို ပညာပေးဟောပြောပြီး ဒုတိယမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးအောင်လွင်က လူကုန်ကူးမှုအန္တရာယ်နှင့်ပတ်သက်၍လည်းကောင်း၊ မြို့မစခန်းမှူး ဒုရဲမှူး တင်မောင်သန်းက မူးယစ်ဆေးဝါးအန္တရာယ်အကြောင်းကိုလည်းကောင်း၊ အမှတ် (၉၆) ယာဉ်ထိန်းရဲတပ်ဖွဲ့စု မိတ္ထီလာမြို့မှ ဒုရဲမှူးမြင့်စိုးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်၍ လမ်းညွှန်ချက်များ၊ လမ်းအမှတ်အသားနှင့် အချက်ပြများ၊ လိုက်နာရမည့်အချက်များ၊ မော်တော်ဆိုင်ကယ်စီးသူများ လိုက်နာရမည့် စည်းကမ်းချက်များကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြသခဲ့ကြောင်းသိရသည်။

ပညာပေးဟောပြောပွဲသို့ မလှိုင် အ-ထ-က ရှိ အထက်တန်း ကျောင်းသား၊ ကျောင်းသူ ၁၃၅၀ ခန့် တက်ရောက်ခဲ့သည်။

**အောင်ဌေး(မလှိုင်)**

## မိုင်းယောင်း၌ မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြ

**မိုင်းယောင်း ဒီဇင်ဘာ ၁၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ်တွင် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြပွဲကို အခြေခံပညာအထက်တန်းကျောင်း၌ ဒီဇင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီခွဲက ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးမင်းမောင်က မီးလောင်မှုဆိုင်ရာ အသိပညာပေးဟောပြောခဲ့ပြီး လောင်စာဆီလောင်ကျွမ်းမှု၊ ဂက်(စ်)မီးဖိုမှ မီးလောင်ကျွမ်းမှုနှင့် ရိုးရိုးအမှိုက်ပုံမှ မီးလောင်ကျွမ်းမှုများအား မီးသတ်ဆေးဘူးဖြင့် ကိုင်တွယ်မီးငြိမ်းသတ်နည်းကို လက်တွေ့သရုပ်ပြသခဲ့သည်။

ယင်းနောက် ကျောင်းသား၊ ကျောင်းသူများကို မီးသတ်ဆေးဘူးဖြင့် ကိုယ်တိုင်လက်တွေ့သရုပ်ပြသစေခဲ့သည်။

အဆိုပါ သရုပ်ပြပွဲသို့ အထက်တန်းကျောင်းရှိဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ကျောင်းသူများ တက်ရောက်ခဲ့သည်။


**အားချာ(ပြန်/ဆက်)**

## မြစ်သားမြို့နယ် ဖိုးအင်ကျေးရွာရှိ ဒေသထွက်ထူးခြားသော သဘာဝများရှိသည့် ဝက်ကာဥ

**မြစ်သား ဒီဇင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ဖိုးအင်ရွာမှာ ထူးခြားသော သဘာဝဂေဟာစနစ်တည်ရှိရာ တောင်ပေါ်ရွာပင်ဖြစ်သည်။ ရွာအနီးတွင် ဖိုးအင်ရေထွက်၊ ရေပူရေအေးထွက်သည့်နေရာနှင့်အတူ ဖိုးအင်သဘာဝကျောက်လိုဏ်ဂူတည်ရှိသည်။ တောင်ကျချောင်းရေကို အမှီပြုကာ တောင်သူလုပ်ငန်းလုပ်ကိုင်ပြီး တောင်ကျချောင်းရေဖြင့်ပင် အိမ်သုံးလျှပ်စစ်တာဘိုင်များဖြင့် လျှပ်စစ်မီးရယူကြသည်။

ဖိုးအင်ရွာတွင် ဧည့်သည်များလာပါက ဒေသထွက်ထူးခြားသော သဘာဝများရှိသည့် ဝက်ကာဥကို ပြုတ်ကာ အထူးဧည့်ခံကျွေးမွေးလေ့ရှိသည်။ ဝက်ကာဥပင်မှာ နွယ်ပင်အမျိုးအစားဖြစ်ပြီး တောင်ပေါ်တွင် ပေါက်ရောက်သော အပင်အမျိုးအစားပင်ဖြစ်သည်။ နွယ်အောက်ခြေတွင် ဝက်ကာဥ ဥလေ့ရှိသည်။ ဝက်ကာဥမှာ ထူးခြားလှသည်။ ဥဘေးတွင် ဆူးများက အလိုအလျောက် ကာရံပေးထားခြင်းဖြစ်ပြီး အဆိုပါ သဘာဝဆူးများသည် တောဝက်များထိုးခြင်းဘေးမှလည်း ကာကွယ်ပေးထားသည်။



ဥတစ် လုံးလျှင် အနည်းဆုံးပိဿာချိန်ငါးပိဿာခန့်ရှိသည်။ ဝက်ကာဥကို တူးလာပြီးပါက အောက်ချထားခြင်း၊ ကြမ်းပြင်တွင်ချထားခြင်း၊ လှည်းပေါ်တင်ခြင်းများ ပြုလုပ်၍မရသော ဥပင်ဖြစ်သည်။ ကြမ်းပြင်ပေါ် သို့မဟုတ် လှည်းကပ်ကြမ်းပေါ် တင်လိုက်ပါက ဥပြုတ်လိုက်သည်နှင့် အနီရောင်ဖြစ်သွားလေ့ရှိသည်။ ယနေ့တူးလာသော ဝက်ကာဥကို ယနေ့လက်ဖြင့် ကိုင်ဆောင်ကာ ပြုတ်ပါက အဖြူရောင်ဖြစ်ပြီး စားသောက်၍ အရသာရှိလှသည်။ လက်ဖြင့် သယ်ဆောင်လာပြီး နောက်ရက်မှ ပြုတ်ပါက အစိမ်းရောင်အဖြစ်ပြောင်းလဲသွားတတ်သည်။ အရသာမှာ ပြောင်းလဲသွားခြင်းမရှိကြောင်း သိရသည်။

ထူးခြားသော သဘာဝများရှိခြင်း၊ ကြမ်းပြင်ပေါ်ထားပါက အရောင်ပြောင်းသွားခြင်း၊ ဝက်ကာဥကို လက်ဖြင့်သာ သယ်ဆောင်လာရခြင်းများကြောင့် ဈေးကွက်မဝင်လှပေ။ ဧည့်သည်များလာမှသာ သွားရောက်တူးယူ ပြုတ်ကျွေးခြင်းနှင့် ကျေးရွာအတွင်းတွင်သာ ပြုတ်စားချင်သည့်အချိန် သွားရောက်တူးယူခြင်းများကို ပြုလုပ်ကြသည်။ စားသောက်ရာတွင် နူးညံ့ပြီး အရသာရှိလှသည်။ လက်ရှိကာလတွင် ဖိုးအင်ကျေးရွာသို့ ဧည့်သည်များလာပါက ထူးခြားသော သဘာဝများနှင့် ဝက်ကာဥကို တူးယူကာ ပြုတ်ပြီး ဧည့်ခံကျွေးမွေးလေ့ရှိကြောင်းသိရသည်။

**စိုးရွှေ**

## ဟန်လင်းပျူမြို့ဟောင်းအ-ထ-က(ခွဲ)ကျောင်းတွင် ကျောင်းသားလူငယ်များ စာဖတ်ရှိန်မြှင့်တင်ရေးဟောပြော

**ဝက်လက် ဒီဇင်ဘာ ၁၈**

ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတရှိစေရေး၊ စာပေလေ့လာ ဖတ်ရှုကြစေရေးရည်ရွယ်လျက် စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ဒီဇင်ဘာ ၁၇ ရက် မွန်းတည့် ၁၂ နာရီက ဟန်လင်းကျေးရွာ အထက်တန်းကျောင်းခွဲ၌ စာဖတ်ရှိန်မြှင့်တင်ရေးဟောပြောပွဲနှင့် နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင် ဓာတ်ပုံပြပွဲများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဝက်လက်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နန်းမြင့်က စာဖတ်ရှိန်မြှင့်တင်ရေး၊ စာပေလေ့လာ ဖတ်ရှုကြရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ ကွမ်းစားခြင်းအန္တရာယ်များကို အသိပညာပေးဟောပြောခဲ့သည်။

ယင်းနောက်နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်ပြီး နိုင်ငံတော်သမ္မတနှင့် တာဝန်ရှိသူများ၏ ဆောင်ရွက်ချက်မှတ်တမ်း၊ နံရံကပ်ဓာတ်ပုံများကို ပြသရာ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာကြည့်ရှုကြပြီး သုတ၊ ရသစာအုပ်များကိုလည်း ငှားရမ်းဖတ်ရှုခဲ့ကြကြောင်း သိရသည်။

**နန်းမြင့်(ဝက်လက်)**

## ပေါက်မြို့နယ်၌ ဆောင်းရာသီသီးနှံများ စိုက်ပျိုးရန်အတွက် မြေပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်

**ပေါက် ဒီဇင်ဘာ ၁၈**

ဆောင်းရာသီသီးနှံများဖြစ်သော ကြက်သွန်၊ အာလူးစိုက်တောင်သူများ ရာသီအမီ စိုက်ပျိုးနိုင်ရေးအတွက် ပေါက်မြို့နယ်တွင် မြေပြင်ခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ပေါက်မြို့နယ်တွင် ရပ်ကွက်၊ ကျေးရွာ အုပ်စုပေါင်း ၇၁ အုပ်စုနှင့်ကျေးရွာပေါင်း ၂၃၅ ရွာရှိပြီး တောင်သူများသည် ဆောင်းသီးနှံကြက်သွန်ကို ယောချောင်းဘေးတစ်လျှောက်တွင် အဓိကထား စိုက်ပျိုးလျက်ရှိပြီး အာလူးကိုကျောချောင်းဘေးတစ်လျှောက်တွင် အဓိကထားစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ဆောင်းရာသီ အာလူးစိုက်တောင်သူများသည် နတ်တော်လဆန်းပိုင်းတွင် စတင်စိုက်ပျိုးလျက်ရှိပြီး တပေါင်းလထဲတွင် ဖြိုင်ဖြိုင်ပေါ်ကာရောင်းချလျက်ရှိသည်။

ကြက်သွန်စိုက် တောင်သူများသည် ပြာသိုလဆန်းပိုင်းတွင် စတင်စိုက်ပျိုးလျက်ရှိပြီး တန်ခူးလထဲတွင် ဖြိုင်ဖြိုင်ပေါ်ကာ ရောင်းချလျက်ရှိသည်။ ယခုအချိန်တွင် ရာသီမီစိုက်ပျိုးရောင်းချနိုင်ရေးအတွက် မြေပြင်ခြင်းလုပ်ငန်းများကို ယခင်က ကျွဲရှဉ်း၊ နွားရှဉ်းကိုသာ အသုံးပြုခဲ့ကြရပြီး ယခုအခါ ကျွဲ၊ နွားရှဉ်းများသာမက ခေတ်မီလယ်ထွန်စက်ကြီးများနဲ့ တစ်နာရီ ကျပ် ၂၀၀၀၀ ဖြင့် အင်တိုက်အားတိုက် မြေပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

နွေ၊ မိုး၊ ဆောင်းရာသီမရွေး အမြဲမပြတ် စီးဆင်းလျက်ရှိသော အဓိကချောင်းမကြီးများဖြစ်သည့် ယောချောင်းနှင့် ကျောချောင်းတည်ရှိရာမြို့နယ်တစ်ခုဖြစ်သည့် မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်သည် ဆောင်းရာသီတွင် ကြက်သွန်နှင့် အာလူးစိုက်တောင်သူများသည် ထိုချောင်းမကြီးများကို အားထားစိုက်ပျိုးကြသည်။

**ဉာဏ်တိုး(ပေါက်)**




# ကြေးမုံစာအုပ်စင် စာအုပ်အမြင် (မော်ကွန်း)

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသောစာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## သတင်းမီဒီယာလက်စွဲ



စိုးစိုးနိုင်(ကြေးမုံ)ရေးသားပြုစုပြီး မြတ်သူစံ(ဝါးခယ်မ)စီစဉ်သော "သတင်းမီဒီယာလက်စွဲ News Media Handbook" သတင်းစာလုပ်ငန်းမှတ်စုများ စာအုပ် ထွက်ရှိလာသည်။

သတင်းစာလုပ်ငန်းခွင်တွင် အောက်ခြေမှစ၍ တာဝန်ခံအယ်ဒီတာအဖြစ်အထိ နှစ်ပေါင်း ၃၅ နှစ်ကြာ အမှုထမ်းခဲ့သော စိုးစိုးနိုင်(ကြေးမုံ) က ၎င်း၏လုပ်ငန်းခွင်အတွေ့အကြုံများအရ သတင်းစာတစ်စောင်ထုတ်ဝေရာတွင် မှတ်သားသိရှိအပ်သည့် အချက်အလက်များကို စုစည်းဖော်ပြထားသည်။ သတင်းစာပညာသာမက သတင်းစာအတတ်ပညာများကို စုံစုံစေ့စေ့ဖော်ပြရာတွင် ယနေ့လက်သုံး ကွန်ပျူတာခေတ်သတင်းအတတ်ပညာများပါဝင်သည့်အပြင် ယနေ့ခေတ်သတင်းစာသမားများ မသိမီလိုက်တော့သည့် ခဲစာလုံးခေတ်သတင်းစာအတတ်ပညာများကိုပါ ဖော်ပြထားသည်။ လိုသလိုပုံဖော်ဖန်တီးနိုင်သည့် ကွန်ပျူတာသတင်းစာပညာထက် ပိုမိုခက်ခဲနက်နဲပြီး သတင်းစာအတတ်ပညာကို တိတိကျကျ ဖော်ထုတ်နိုင်သည့် ခဲစာလုံးခေတ်သတင်းစာများကို ယခုစာအုပ်တွင် မြင်တွေ့ရမည်ဖြစ်သည်။

**အဆိုပါစာအုပ်ကို မော်ဒန်အနုပညာထုတ်လုပ်ရေး၊ အမှတ်(၁၈၁)၊ ၄-လွှာ(ယာ)၊ (၄၇)လမ်း(အထက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉၅၀၁၂၃၂၅ က တန်ဖိုး ကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိထားသည်။**

## ရန်ကုန် ပါနိုရားမား




ဗိသုကာပညာရပ်များကို အစဉ်တစိုက်ရေးသားလေ့ရှိသည့် စာရေးဆရာ ညွန့်ဝင်းလေး ရေးသားပြုစုထားသော " YANGON PANORAMA ရန်ကုန်ပါနိုရားမား" စာအုပ်ထွက်ရှိလာသည်။

စာအုပ်ကို ရန်ကုန်မြို့ပြမြင်ကွင်းကျယ်ဖြင့် စတင်ထားပြီး ယနေ့ လက်ရှိ ရန်ကုန်မြို့ပြဟောင်းလင်းပြင်တွင် မြင်တွေ့နေရသည့် ခေတ်မီ အဆောက်အအုံများကို အခန်းခုနစ်ခန်းဖြင့်တင်ပြထားသည်။ ထို့နောက် ရန်ကုန်မြို့၏အလှ၊ ရန်ကုန်မြို့၏ဘဝကို ကဗျာရသဟန်ဖြင့် လွမ်းမောကြည်နူးဖွယ်ရာ နေရာခုနစ်ခုကို အမွှမ်းတင်ထားသည်။ နောက်ဆုံးအခန်းတွင် ရန်ကုန်မြို့တော်၏ သမိုင်းဝင် အထင်ကရမြို့တော်ခန်းမကြီးတည်ဆောက်မှုနှင့် ဗိသုကာလက်ရာဟန်တို့ကို တင်ပြထားသည်။ ထို့အပြင် ရန်ကုန်ရှေးဟောင်းနှောင်းဖြစ်အဖြစ်သနစ်တို့နှင့် ခေတ်ပေါ်ဗိသုကာလက်ရာဟန်တို့ကို အပိုင်းသုံးပိုင်းစီ ခွဲခြားဖော်ပြထားပြီး ဗိသုကာဗဟုသုတများစွာပါဝင်သည်။

**အဆိုပါစာအုပ်ကို ပဥ္စဂံစာအုပ်တိုက်၊ အမှတ်-၁၆၇(အေ)၊ (၃၅)လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၇၇၀၆၁ က တန်ဖိုးကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိထားသည်။**

## သုခဝပ်ကျောင်း ရသစာတမ်းများ



အနုသုခုမဗိသုကာအနုပညာများကို အခြေခံပြီး ရသမြောက်ရေးဖွဲ့ထားသည့် ဇော်ထွဋ် သီကုံးရေးသားထားသော "သုခဝပ်ကျောင်း ရသစာတမ်းများ" စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် မပြီးသေးသော မန္တမ်းတစ်ပွင့်၊ လရောင်အောက်က ငွေငန်းဖြူစင်၊ အင်းလျားရေနှင့်တန်ခူးလေပြည်၊ ဆောင်းဦးတစ်ရက်၌ ရုပ်ပုံလွှာခြယ်သသော၊ ဖျတ်ခနဲရွှေအိုရောင် ကြယ်တာရာ၊ နွေဦး၊ အိမ်အလွမ်းစိတ်နှင့် မဟာကြယ်တာရာသို့ ပိတောက်တစ်ခက်၊ သန္တသနော့၊ လဟာရက်၊ ဗာရာဏသီ၊ ဗိသုကာအငွေ့အသက်များ၊ ပန်းဥယျာဉ်နှင့် နေထိုင်ခြင်း၊ ကဗျာများနှင့်နေထိုင်ခြင်း၊ ဂီတနှင့် နေထိုင်ခြင်း၊ ပန်းချီကားများနှင့်နေထိုင်ခြင်း၊ သုခုမနှင့်ပွေ့ဖက်ခြင်း၊ ပန်းချီကိုလေး(၁၉၂၀-၁၉၈၂) စာနယ်ဇင်းပန်းချီကျော်၊ မလှမပဉ္စခွံ၊ မောင်လေးအောင် မောင်ချောနွယ်တို့နောက်၊ အသိုက်(၁၃)(၁၄)၊ သုခဝပ်ကျောင်း၊ ပါရီအိပ်မက်၊ အမည်ပေးမထားသော ပန်းချီကားတစ်ချပ်၊ ကူးခတ်ခြင်းနှင့် ခေါင်းကိုက်ခြင်းဝေဒနာ၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် အသွားအပြန်ခရီးတို့ပါဝင်သည်။

**စာအုပ်ကို ဖော်ထွန်းစာပေ၊ အမှတ်(၃၀၂)၊ တိုက်(၂)၊ ကန်တော်လေးအိမ်ရာ၊ ဖဆပလ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉၅၀၂၁၅၀၂ က တန်ဖိုးကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိသည်။**

## လောင်းရိပ်ပန်း





စာရေးဆရာမ ပါးလ်အက်စ်ဘတ်၏ သည်ဟစ်ဒန်းဖလားဝါးကို အမျိုးသားစာပေ(ဘာသာပြန်ဆုရ)စာရေးဆရာ အောင်ကျော်ကျော် မြန်မာဘာသာ ပြန်ဆိုထားသည့် "လောင်းရိပ်ပန်း"စာအုပ် ပဉ္စမအကြိမ် ထွက်ရှိလာသည်။

စစ်ပြီးခေတ်တွင် တပ်မတော်မှထွက်ခဲ့သည့် အနောက်တိုင်းဆေးပညာဆရာဝန်ဘဝဖြင့် ကျင်လည်လှုပ်ရှားခဲ့သူ ဒေါက်တာဆာကီ၏ ဘဝသရုပ်ဖော် ဇာတ်လမ်းဖြစ်သည်။ ဒေါက်တာတွင် သမီးလေးတစ်ဦးနှင့်မိသားစုသုံးဦး ဘဝတည်ဆောက်ထားပုံနှင့် ဘဝများကို လွမ်းမောဖွယ်၊ ကြေကွဲဖွယ်ဖြစ်ရပ်စုံတို့ဖြင့် ရှည်လျားစွာဖြတ်သန်းကျင်လည်ခဲ့ရပုံများကို စာအုပ်တွင် ရသမြောက်အောင်ရေးဖွဲ့ထားသည်။ ဂျပန်မိသားစုတစ်စုဘဝ၏ အဖြစ်သနစ်များကို ရေးဖွဲ့ထားသော်လည်း စာရှုသူတို့အနေဖြင့် မြန်မာလူမျိုးများ၏ ခံစားမှုစိတ်အစဉ်အတိုင်း တစ်ထပ်တည်းခံစားရရှိနိုင်မည့် ဘာသာပြန်စာအုပ်ကောင်း တစ်အုပ်ဟုဆိုရမည်ဖြစ်သည်။ ထိုစာအုပ်မှာ ဘာသာပြန်ရသမြောက်သဖြင့် ၁၉၆၆ ခုနှစ်က အမျိုးသားစာပေဘာသာပြန်ဆုကို ထိုက်ထိုက်တန်တန်ရရှိခဲ့ပြီး ယနေ့ထက်တိုင်အကြိမ်ကြိမ်ပုံနှိပ်ထုတ်ဝေနေဆဲစာအုပ်ဖြစ်သည်။

**စာအုပ်ကို စိတ်ကူးချိုချိုအနုပညာစာပေ၊ အမှတ်-၉(က)၊ (၁၆၄)လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၄၆၈၄၅ က တန်ဖိုးကျပ် ၃၃၀၀ ဖြင့် ဖြန့်ချိထားသည်။**

## International Business Letters ရေးသားနည်းများ




စီးပွားရေးပညာရပ်များကို အဆင့်မြင့်မြင့်အသုံးပြုလိုသူများအတွက် စာရေးဆရာ၊ သတင်းစာဆရာ ဟိန်းလတ်ရေးသားပြုစုသည့် "International Business Letters ရေးသားနည်းများ"စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် နိုင်ငံတကာသုံးစီးပွားရေးပေးစာ အရေးအသားများကို အချိန်တိုအတွင်း ထိရောက်စွာ ကိုယ်တိုင် လေ့လာသင်ယူတတ်မြောက်လိုသူများအတွက် ရည်ညွှန်းရေးသားထားသည်။ စီးပွားရေးပေးစာနမူနာများကို မြန်မာဘာသာဖြင့် ရှင်းလင်းချက်များ၊ မှတ်သားရန် အသုံးအနှုန်းများနှင့် လေ့ကျင့်ရန် နမူနာဝါကျပုံစံများပါ ထည့်သွင်းဖော်ပြထားသည်။ စာအုပ်တွင် အခန်းပေါင်း(၃၀)ပါဝင်ပြီး စာရေးကောင်းစေရန်စည်းမျဉ်းများ၊ စုံစမ်းစာရေးခြင်း၊ ပြန်ကြားခြင်း၊ ရောင်းလိုသောကြော်ငြာစာပေးပို့ခြင်း၊ ကုန်အမှာစာပေးပို့ခြင်း၊ အမှာစာများ လက်ခံဆောင်ရွက်ခြင်း၊ နှိုးဆော်စာရေးခြင်း၊ နှောင့်နှေးမှုအတွက် တောင်းပန်စာရေးခြင်း စသည့်စီးပွားရေးဆိုင်ရာတို့ကို နိုင်ငံတကာအဆင့်မီတင်ပြထားသည်။

**စာအုပ်ကို မဇ္ဈိမစာပေ၊ အမှတ်(၂၃၇)၊ ပထမထပ်(ဝဲ)၊ (၃၉)လမ်း(အပေါ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၉၂၈၃၅ က တန်ဖိုးကျပ် ၃၀၀၀ ဖြင့်ဖြန့်ချိထားသည်။**

## နိုင်ငံတော်၏စီးပွားရေးမူဝါဒများနှင့် ပညာရှင်များအမြင်




စကိုင်းနက်ရုပ်သံလိုင်းတွင် ကိုကို(စက်မှုတက္ကသိုလ်)က တွေ့ဆုံမေးမြန်းထားသည့် အပတ်စဉ်တင်ဆက်နေကျ "နိုင်ငံတော်၏ စီးပွားရေးမူဝါဒများနှင့် ပညာရှင်များ၏အမြင်"တို့ကို အဆိုပါခေါင်းစဉ်အတိုင်း စာအုပ်အဖြစ်စုစည်းထုတ်ဝေလိုက်သည်။

အဆိုပါ စာအုပ်တွင် ပါမောက္ခဒေါက်တာအောင်ထွန်းသက်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ဒုဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေး၊ အမေရိကန်-အာဆီယံစီးပွားရေးကောင်စီ အကြံပေးဦးချစ်ထွန်းဖေနှင့် ဒေါ်သဇင်အောင်တို့အား တွေ့ဆုံမေးမြန်းထားချက်များ ပါဝင်သည်။ အဆိုပါရုပ်မြင်သံကြား စကားပြောဆွေးနွေးဝိုင်းသည် မြန်မာနိုင်ငံအတွက် အရေးပါသောစီးပွားရေးရာကိစ္စရပ်များကို ဖော်ပြပါ စီးပွားရေးပညာရှင်များ၏ အမြင်မျိုးစုံ၊ ရှုထောင့်မျိုးစုံမှ ပေါ်ထွက်လာသည့် အကျိုးရလဒ်များကို စာဖတ်သူပြည်သူများအားပြန်လည်မျှဝေပေးထားသည်။ စီးပွားရေးပညာရှင်ဆရာများ၏အမြင်များကို ဖတ်ရှုရခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသာမက စီးပွားရေးလုပ်ငန်းနယ်ပယ်များအတွင်း အခွင့်အလမ်းကောင်းများကို ရရှိစေနိုင်မည်ဖြစ်သည်။

**စာအုပ်ကို မဇ္ဈိမစာပေ၊ အမှတ်(၂၃၇)၊ ပထမထပ်(ဝဲ)၊ (၃၉)လမ်း(အပေါ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၉၂၈၃၅ က တန်ဖိုးကျပ် ၂၀၀၀ ဖြင့်ဖြန့်ချိထားသည်။**

# "ပထမ" နေရာမှ (၅)နှစ်ဆက် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်သော အခွန်ထမ်း "ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ" အတွက် ဂုဏ်ယူဝမ်းမြောက်ခြင်း

| စဉ် | အခွန်စည်းကြပ်နှစ် | နိုင်ငံတော်သို့ ပေးဆောင်ခဲ့သည့် အခွန်ငွေ | အဆင့် |
|---|---|---|---|
| ၁။ | ၂၀၁၁-၂၀၁၂ | ၆,၀၁၅.၃၉၇ သန်း | ပထမ |
| ၂။ | ၂၀၁၂-၂၀၁၃ | ၁၀,၈၂၇.၇၀ သန်း | ပထမ |
| ၃။ | ၂၀၁၃-၂၀၁၄ | ၁၇,၀၆၂.၆၆ သန်း | ပထမ |
| ၄။ | ၂၀၁၄-၂၀၁၅ | ၂၂,၀၁၃.၆၁ သန်း | ပထမ |
| ၅။ | ၂၀၁၅-၂၀၁၆ | ၂၂,၉၅၉.၈၃ သန်း | ပထမ |

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ၂၀၁၆ခုနှစ်၊ ဒီဇင်ဘာလ (၁၅)ရက်နေ့စွဲပါ သတင်းထုတ်ပြန်ကြေငြာချက်အရ ၂၀၁၅-၂၀၁၆ အခွန်စည်းကြပ်နှစ်အတွက် တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန် အများဆုံးထမ်းဆောင်သော ကုမ္ပဏီများအနက် **"ကမ္ဘောဇဘဏ်လီမိတက်"** သည် **"ပထမ"** နေရာမှ (၅)နှစ်ဆက် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်ခဲ့ကြောင်း သိရှိရသဖြင့် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဖော်ပြအပ်ပါသည်။

ဦးနေလင်းအောင်
Managing Director
Nilar Yoma Trading Co., Ltd.

ဦးမောင်မောင်အေး
Managing Director
Moe Htet Gabar Co., Ltd.

ဦးကျော်ထွန်းနိုင်
Chairman
Yadanar Kaung Kin Gems & Jewellery Co., Ltd.

ဦးစိန်လွင်လေး
Managing Director
Myint Myat Htut Khaung International Co., Ltd.

ဦးအောင်ဝင်း
Managing Director
Tun Tauk Sa Gems Co., Ltd.

ဦးအောင်မြင့်
Managing Director
Shwe Aein Chan Thar Co., Ltd.

ဦးမြင့်စိန်
Managing Director
Soe Aung Trading Co., Ltd.

# “ပထမ” နေရာမှ (၅)နှစ်ဆက် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်သော အခွန်ထမ်း “ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ” အတွက် အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

| စဉ် | အခွန်စည်းကြပ်နှစ် | နိုင်ငံတော်သို့ပေးဆောင်ခဲ့သည့်အခွန်ငွေ | အဆင့် |
|---|---|---|---|
| ၁။ | ၂၀၁၁–၂၀၁၂ | ၆,၀၁၅.၃၉၇ သန်း | ပထမ |
| ၂။ | ၂၀၁၂–၂၀၁၃ | ၁၀,၈၂၇.၇၀ သန်း | ပထမ |
| ၃။ | ၂၀၁၃–၂၀၁၄ | ၁၇,၀၆၂.၆၆ သန်း | ပထမ |
| ၄။ | ၂၀၁၄–၂၀၁၅ | ၂၂,၀၁၃.၆၁ သန်း | ပထမ |
| ၅။ | ၂၀၁၅–၂၀၁၆ | ၂၂,၉၅၉.၈၃ သန်း | ပထမ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ(၁၅)ရက်နေ့စွဲပါ သတင်းထုတ်ပြန်ကြေငြာချက်အရ ၂၀၁၅–၂၀၁၆ အခွန်စည်းကြပ်နှစ်အတွက် တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သော ကုမ္ပဏီများအနက် **“ကမ္ဘောဇဘဏ်လီမိတက်”** သည် **“ပထမ”** နေရာမှ(၅)နှစ်ဆက် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်ခဲ့ကြောင်း သိရှိရသဖြင့် **“ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း”** အား အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နောင်နှစ်များတွင်လည်း ယခုကဲ့သို့ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာ အများဆုံး သယ်ပိုးထမ်းဆောင်နိုင်ပြီး နိုင်ငံအကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီး၌ ဆထက်ထမ်းပိုးတိုး ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

Shwe Taung Development Co., Ltd.

# တာချီလိတ်၌ ဒုတိယအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မော်တော်ဆိုင်ကယ် ကလပ်များတွေ့ဆုံ ဆိုင်ကယ် အမျိုးစုံလင်စွာပါဝင်ပြသ



**တာချီလိတ် ဒီဇင်ဘာ ၁၈**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ Eastern Eagle မော်တော်ဆိုင်ကယ်ကလပ်က စီစဉ်ကျင်းပသည့် ဒုတိယ အကြိမ်မြောက် အပြည်ပြည်ဆိုင်ရာမော်တော်ဆိုင်ကယ် ကလပ်များတွေ့ဆုံသည့် ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ဒုတိယအပတ်က ဆန်ဆိုင်း(ခ)ရပ်ကွက်ရှိ ရှမ်းရိုးမကွင်း၌ ပြုလုပ်ခဲ့သည်။

ဆက်လက်၍ ဒီဇင်ဘာ ၁၁ ရက်တွင် ရှမ်းရိုးမကွင်း အတွင်း အပျော်တမ်းအဖြစ် ဆိုင်ကယ်တွန်းပြိုင်ပွဲ၊ ဆိုင် ကယ်အနှေးစီးပြိုင်ပွဲများပြုလုပ်ခဲ့ပြီး မွန်းလွဲပိုင်းတွင် ရှမ်းရိုးမကွင်းမှ မယ်ယန်းတိုးဂိတ်အထိ ဆိုင်ကယ်အလှပြ စီးနင်းပြသခဲ့သည်။

အဆိုပါ မော်တော်ဆိုင်ကယ်ကလပ်များတွေ့ဆုံပွဲတွင် အာဆီယံနိုင်ငံများဖြစ်သည့် ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ လာအို၊ စင်ကာပူ၊ ဗီယက်နမ်၊ ကမ္ဘောဒီယားနိုင်ငံများအပြင် ပြည်တွင်းရှိ ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ ပဲခူး၊ ပြည်၊ ပေလီနှင့် ပုသိမ်မြို့များမှ ဆိုင်ကယ်များပါဝင်ပြီး ခရီးသွား လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် မြို့ဖွံ့ဖြိုးတိုးတက်ရေး အတွက် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်သည်။

အဆိုပါပွဲတွင် နိုင်ငံတကာမှ မော်တော်ဆိုင်ကယ်အမျိုး စုံလင်စွာ ပါဝင်စီးနင်းပြသခဲ့ပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း) ရှိ မိဘမဲ့ကလေးများ စောင့်ရှောက်ရေးဂေဟာများနှင့် သက်ကြီးဘိုးဘွားရိပ်သာများအတွက် လှူဒါန်းပေးသွား မည်ဖြစ်ကြောင်း သိရသည်။ **ဝေယံလင်း(ပြန်/ဆက်)**

## ပျက်စီးသွားသည့်လယ်ယာမြေများပြန်လည်ပြုပြင်ရန် ရေပေးမြောင်းနှင့် ရေနုတ်မြောင်းများတူးဖော်



**ကလေး ဒီဇင်ဘာ ၁၈**
ကလေးဒေသအတွင်း ၂၀၁၅ ခုနှစ်က ရေကြီးရေလျှံမှုကြောင့် ပျက်စီးသွားသည့် လယ်ယာမြေများ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းတွင်ပါဝင်သော ရေပေးမြောင်း နှင့် ရေနုတ်မြောင်းများတူးဖော်ခြင်းလုပ်ငန်းကို ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံးမှ တာဝန်ယူကာ နိုဝင်ဘာ ၁၁ ရက်မှစတင်၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် ကလေးမြို့နယ်အတွင်းရှိ နန်းစောင်းပု၊ ရာဇဂြိုဟ်၊ နန်းချောင်း၊ သာစည်၊ ထောက်ကြန့်၊ထိုမာကျေးရွာများရှိ လယ်ယာမြေဧက ၂၈၀၀၊ မောက်လင်း၊ အောင်မြင်သာ၊ နန်းစောင်းပုကျေးရွာများရှိ လယ်ယာမြေ ဧက ၂၀၀၀ အား ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် ပြုပြင်ဆောင်ရွက်ပေးလျက် ရှိသည်။

ယင်းသို့ ပြန်လည်ပြုပြင်ပေးမှုကြောင့် ယခင်နှစ်က မစိုက်ပျိုးနိုင်ခဲ့သော စိုက်ပျိုးမြေများမှာ ယခုနှစ်တွင် ဆောင်းသီးနှံမှစတင်၍ ပြန်လည်စိုက်ပျိုးနိုင် တော့မည်ဖြစ်ကြောင်း သိရသည်။ **ချင်းတွင်းသား**

## စာပေရေချမ်းစင်စာစဉ်သစ်များ ဖြည့်ဆည်းပေးလျက်ရှိ

**တောင်တွင်းကြီး ဒီဇင်ဘာ ၁၈**
မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာနမှ ဌာနဆိုင်ရာများ၊ ကားဂိတ်၊ မီးရထားဘူတာရုံနှင့် လူစည်ကား သည့်ကျေးရွာများတွင် ဖွင့်လှစ်ထားသည့် စာပေရေချမ်းစင် ၁၂ ခုတို့၌ အတွဲ (၄) အမှတ် (၉) စာပေရေချမ်းစင် စာစဉ်သစ်များကို ဒီဇင်ဘာဒုတိယအပတ်က ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါစာပေရေချမ်းစင်များတွင် ကလေးသူငယ်ဆိုင်ရာ ယဉ်ကျေးမှုနှင့် အနုပညာ၊ ကျန်းမာရေး၊ သိပ္ပံနှင့်နည်းပညာ၊ ဘာသာရေး၊ စိုက်ပျိုးမွေးမြူရေး၊ ပြည်သူ့နီတိ၊ အားကစား၊ ပညာရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး၊ အတ္ထုပ္ပတ္တိ ဆိုင်ရာ ဘာသာရပ်(၁၃)မျိုးကို အသစ်ဖြည့်ဆည်းပေးခဲ့သည်။ **(ပြန်/ဆက်)**

## လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ မီဒီယာစွမ်းရည်မြှင့် ရက်တိုသင်တန်းဖွင့်

**ကလေး ဒီဇင်ဘာ ၁၈**
အိန္ဒိယနိုင်ငံအရှေ့မြောက်ဒေသမှ Impulse Case Info Centre(ICIC) နှင့် မြန်မာနိုင်ငံ ခရစ်ယာန် ကလျာဏယုဝအသင်း (YMCA) တို့ပူးပေါင်း၍ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်အတွင်း အစိုးရဌာနများနှင့် အရပ်ဘက်အဖွဲ့ အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများအတွက် ရည်ရွယ်၍ လူထုအတွင်း လူကုန်ကူးမှုတိုက်ဖျက် ရေးဆိုင်ရာစနစ်တစ်ခု ပေါ်ပေါက်လာစေရေး လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ မီဒီယာများစွမ်း ရည်မြှင့် ရက်တိုသင်တန်းကို ဒီဇင်ဘာ ၁၀ ရက်မှ ၁၁ ရက်ထိ ကလေးမြို့ ဗိုလ်ချုပ်လမ်း သဇင် ရပ်ကွက်ရှိ မင်းကြီးဟိုတယ် လေးလွှာခန်းမကြီး၌ ဖွင့်လှစ်ခဲ့သည်။

ယင်းသင်တန်းဖွင့်ပွဲတွင် ICIC Myanmar မှ Project Manager၊ SLiCE Project Myanmar YMCA မှ ဦးစောခူက သင်တန်းနှင့်ပတ်သက်၍ ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး Chair of Board Impulse NGO Network India မှ ဥက္ကဋ္ဌ Ms. Hasina Kharbhih **u** Impulse NGO Network ၏ လုပ်ငန်းစဉ်များနှင့် ကမ္ဘာ တွင် လက်ရှိဖြစ်ပေါ်နေသော လူကုန်ကူးမှုအခြေ အနေများကို Power Point ဖြင့် အသေးစိတ်ပို့ချ သင်ကြားပေးခဲ့သည်။

ယင်းနောက် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စိတ်မှူး (ကလေး)မှ ရဲအုပ်ဝင်းလှိုင်က လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် လူမှောင်ခိုကူးမှု တားဆီးကာကွယ်ရေးအကြောင်း သိကောင်းစရာ ဥပဒေများကိုလည်းကောင်း၊ HOPE Foundation Myanmar မှ Pol.Col. Rallyan Mone(Retd)က လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် တားဆီးကာကွယ် ရေးလုပ်ငန်းဆောင်ရွက်မှု၏ အခြေခံသဘော တရားများ၊ မြန်မာနိုင်ငံရှိ လူကုန်ကူးမှုဖြစ်စဉ်အခြေ အနေများကိုလည်းကောင်း၊ မော်ကွန်းလစဉ်ထုတ် မဂ္ဂဇင်းတည်ထောင်သူ၊ မြန်မာနိုင်ငံ သတင်းနှင့် မီဒီယာကောင်စီအဖွဲ့ဝင်ဖြစ်သူ ဆရာဇေယျာလှိုင် က လူကုန်ကူးမှုတားဆီးကာကွယ်တိုက်ဖျက်ရေးနှင့် မီဒီယာ၏အခန်းကဏ္ဍများကိုလည်းကောင်း အသီး သီး သင်ကြားပို့ချပေးခဲ့သည်။

အဆိုပါသင်တန်းကို နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီအထိ နှစ်ရက်တာပို့ချခြင်းဖြစ်ရာ သင်တန်း တွင် အစိုးရအဖွဲ့နှင့် မိတ်ဖက်အဖွဲ့အစည်းများ၊ သတင်းမီဒီယာအဖွဲ့အစည်းများ၊ အရပ်ဘက် အဖွဲ့အစည်းများမှ သင်တန်းသား၊ သင်တန်းသူ ၈၅ ဦး တက်ရောက်ခဲ့သည်။ **ဂျိုးနက်**

## မန္တလေးမြို့တွင် ဇာတ်အဖွဲ့ပေါင်း ၄၀၊ အငြိမ့်သုံးဖွဲ့နှင့် ဆိုင်းအဖွဲ့ (၇၆) ဖွဲ့ရှိ

**မန္တလေး ဒီဇင်ဘာ ၁၈**
မန္တလေးမြို့ကို မြန်မာနိုင်ငံ၏ အနုပညာမြို့တော်ဟု ညွှန်းဆိုလေ့ရှိပြီး ဇာတ်သဘင်ပညာနှင့်ပတ်သက် လာပါက သေတ္တာမှောက်သင်ခြင်းကို မန္တလေးမြို့ တွင် သွားရောက်သင်ယူရသည်ဟု ညွှန်းဆိုသည့် မြို့တော်ပင်ဖြစ်သည်။ မန္တလေးဇာတ်၊ မန္တလေး အငြိမ့်၊ မန္တလေးဆိုင်း၊ မန္တလေးဘိသိက်ကို နယ်များ မှ ဂုဏ်ယူစွာ ငှားရမ်းလေ့ရှိကြောင်းသိရသည်။

၂၀၁၆-၂၀၁၇ ခုနှစ်တွင် မန္တလေးမြို့တွင် အငြိမ့် အဖွဲ့သုံးဖွဲ့၊ ဇာတ်အဖွဲ့ (၄၀)၊ ဆိုင်းအဖွဲ့(၇၆)ဖွဲ့ရှိ ကြောင်း သိရသည်။ အငြိမ့်သုံးဖွဲ့မှာ သစ်လွင် အငြိမ့်၊ မြတရာအငြိမ့်၊ ဒို့ညီကိုချိုတူးအငြိမ့်တို့ ပင်ဖြစ်သည်။ ဇာတ်နှင့်အငြိမ့်ငှားခန့်နှုန်းထားများမှာ ပွဲရာသီ ပွဲရက်ပေါ်မူတည်ကာ စျေးနှုန်းကွာခြားသွား တတ်သည်။ ပွဲရက်ကျဲပါက စျေးနှုန်းသက်သာပြီး ပွဲရက်စိပ်သည့်ရာသီတွင် စျေးနှုန်းမြင့်မားသည်။ အငြိမ့်များမှာ မန္တလေးမြို့နှင့် ဆယ်မိုင်ဝန်းကျင် တွင် ငွေကျပ် ၁၀ သိန်းပေးရသည်။ မန္တလေးမြို့ ပေါ်တွင်မူ ငွေကျပ် ၉ သိန်းဖြင့် ကပြကြသည်။

တပို့တွဲ၊ တပေါင်းလများတွင် ပွဲငှားများပြားသည်။ ဝါတွင်းကာလတွင် ပွဲငှားနည်းပါးသည်။ လက်ရှိ ကာလ ဇာတ်အဖွဲ့တစ်ဖွဲ့ငှားခမှာ မန္တလေးမြို့ပေါ် တွင် ကပြရပါက ထိပ်တန်းဇာတ်များမှာ ငွေကျပ် ၂၅ သိန်းနှင့်အထက်ပေးရသည်။ ထိပ်တန်းဇာတ် အဖွဲ့ခြောက်ဖွဲ့ရှိပြီး ခေတ်မီ LED ဘုတ်များကိုအသုံး ပြု ကပြကြသည်။ နယ်ပွဲနှစ်ညပွဲကပြပါက ငွေ ကျပ်သိန်း ၄၀ အထိပေးရသည်။ အလတ်တန်း ဇာတ်မှာ မန္တလေးမြို့ပေါ်တွင် ၁၅ သိန်း ၁၆ သိန်း အထိရှိပြီး နယ်ပွဲများတွင် ငွေကျပ်သိန်း ၃၀ ခန့်ပေးရ သည်။ ဇာတ်အဖွဲ့တွင် လူအင်အား၊ ကားအင်အား အသုံးပြုမှုများပြီး ဇာတ်တစ်ဖွဲ့တွင် လူငါးဆယ်ခန့် အသုံးပြုရသည်။ ဆိုင်းအဖွဲ့များတွင် ထိပ်တန်းဆိုင်း အဖွဲ့များမှာ နယ်ပွဲတစ်ပွဲလျှင် ငွေကျပ်သိန်း ၃၀ ဝန်းကျင်ပေးရသည်။ ဆိုင်းအဖွဲ့များတွင် ထိပ်တန်း နာမည်ကြီးလူရွှင်တော်များပါဝင်ပါက စျေးပိုပေးရ လေ့ရှိသည်။ နာမည်ကျော်လူရွှင်တော်များမှာ ညကြေးငွေကျပ်တစ်သိန်းမှ နှစ်သိန်းငါးသောင်း အထိပေးရပြီး အခြားဆိုင်းအဖွဲ့များမှာ ငွေကျပ် ၁၅ သိန်းကျော်သာရှိကြောင်း သိရသည်။ **နွေနဒီ(မြစ်ငယ်)**

## မလှိုင်မြို့နယ်တွင် စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး ပြုလုပ်သည့် မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပ

**မလှိုင် ဒီဇင်ဘာ ၁၈**
မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနကကြီးမှူး၍ မိုးစပါး စံကွက်ရိတ်သိမ်းပွဲကို ဒီဇင်ဘာဒုတိယအပတ်တွင် နှောကန်ကျေးရွာ၌ ပြုလုပ်ခဲ့ ကြောင်း သိရသည်။

ရိတ်သိမ်းပွဲတွင် နှောကန်ကျေးရွာ ကွင်းအမှတ် (၆၁)၊ ဦးပိုင်အမှတ်( ၁၄၀/၂) ရှိ တောင်သူဦးကျော်ဝင်း၏ မိုးကောင်းသောက်လယ်မြေတွင်စိုက်ပျိုးထား သော ပုလဲသွယ်စပ်မျိုးစပါး ၁ ဒသမ ၂၅ ဧကကို လက်တွေ့စံကွက်ရိတ်သိမ်း ခြွေလှေ့ခဲ့ရာ စံကွက်ကြီး သုည ဒသမ ၁၀ ဧကတွင် စပါးတင်းအစို ၁၂ တင်း လေးပြည် ထွက်ရှိပြီး တစ်ဧကလျှင် အထွက်နှုန်း အစို ၁၂၂ ဒသမ ၅၀ တင်း ထွက်ရှိခဲ့သည်။

အဆိုပါစံကွက်ရိတ်သိမ်းပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုး၊ မြို့နယ်စိုက်ပျိုး ရေးဦးစီးဌာနမှူး ဦးစန်းယုနှင့် ဝန်ထမ်းများ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေး နှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးအောင်မြင့်၊ မြို့နယ်စက်မှုလယ်ယာဦးစီးမှူး ဦးလှမင်းဦး၊ နှောကန်ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **အောင်ဌေး(မလှိုင်)**




Sule Square
YANGON
By Shangri-La
RETAIL Heaven
THIDA GEMS
LALIQUE
JOY
FOREVER
JEAN PATOU
BEAUTY TREASURE
ERKE
EMPORIO ARMANI
FOR INQUIRIES:
+95(1) 925 5001
sule.square@shangri-la.com

ကြော်ငြာ


**UNIQUE STAR** TRAVELS & TOURS

**New Year Promotion** ( ၅ )ဦးဝယ်လျှင် ( ၁ )ဦး အခမဲ့

Bangkok-Pattaya (6D / 5N) Dec: 25, 29 (490 $)
Bangkok-Cambodia (6D/5N) Dec: 29 (590 $)
Vietnam-Cambodia (6D/5N) Dec: 23, 29 (680 / 780$)
Singapore (4D/3N) Dec: 29 (715 $)
S'pore-Malay (7D/6N) Dec: 29 (950 $)
Saigon-Hanoi-Halong (6D / 5N) Dec: 23, 29 (650 / 750 $)
Hanoi-Halong Bay (4D / 3N) Dec: 23, 29 (490 / 590 $)
MuiNe - Dalat (6D / 5N) Dec: 23 (550 $)
Bangkok-Phuket/ Chiangmai (6D / 5N) Dec: 25, 29 (650 / 750 $)

New Year Airticket ( အသွား / အပြန် 20 Kg ပါဝင်သည် )
ဘန်ကောက် (150 $) / ဗီယက်နမ် (200 $) / စင်ကာပူ (300 $) / စင်ကာပူ - မလေး (250 $)
70/A,Kabaaye Pagoda Rd,Bahan Tsp.01-708 353,705 723,09 514 8079,09 540 1568 -69,09 7310 9133-44.

**GOLDEN STAR**
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480

ဒေါ်ခင်မင်း ... Dec 30
09425355758,09255913926,09-252990976
Guest- 75000
Hotel- 75000
Hotel- 65000
ကားမျိုးစုံစီးရေးငှား

ချစ်ပိုင်သစ္စာ
ကျိုက်ထီးရိုး 30000
ချောင်းသာ 35000
Guest House,Air-Con, Package
09444885693, 09444885694

ရွှေခင်းသာ
FULLY AIR-CON EXPRESS
ကားစီးလုံးငှားစီစဉ်ပေးသည်
Dec23
Dec23
Dec23
Jan 6
Ph: 09-420046635, 09-30207754, 09-450098226

**Highway Star**
105000/-
105000/-
120000/-
105000/-
150000/-
150000/-
150000/-
7+1
Dec 23,28,30 Jan-12
5+1
Dec-28, Jan-3
09-253235411-22 / 09-253241300 / 09-795565199

အိမ်ခြံမြေ စနေ၊ တနင်္ဂနွေ Since 1990
**ကြည်စိုး**
Dec ၂၄ စမည်
၀၉ ၅၁၀ ၄၀၄၁
I.C ၀၉ ၅၁၀ ၁၉၇၂
ဥပဒေများဖြင့်အပိုင်သင်သည့်(၃)ပတ်သင်တန်း
ကြိုတင်စာရင်းသွင်းလျှင် 10% သက်သာ၍ နေရာသေချာမည်။

မန္တလာသား
အိမ်ပြောင်း/အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
14' Box ကားများဖြင့်
ရန်ကုန်မြို့တွင်း/နယ်ဝေး
အထောက်အထား
ဝန်ဆောင်မှုပေးပါသည်။
Ph: 09-770639155
09-770639166

Young Chi Thit Lin Moving Service Co.,Ltd
ရောင်ခြည်သစ်
အိမ်ပြောင်းအိမ်ရွှေ့ဝန်ဆောင်မှု ကုမ္ပဏီ
( မြို့တွင်း / နယ်ဝေး )
09 450454771, 09 450454772, 09 450454773





ရရှိနိုင်သောနေရာများ

ရန်ကုန်(၁) - အမှတ် G (၁၅)၊ တာဝါD ၊ ဂုလဲကွန်ဒို၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း(၀၁)၈၆၀၄၆၅၇၇၊

ရန်ကုန်(၂) - အမှတ်(၂၆၃)၊ မဟာဗန္ဓုလလမ်းနှင့် သိမ်ဖြူလမ်းထောင့်၊ YMCA Building ဗိုလ်တစ်ထောင်မြို့နယ်၊ ဖုန်း(၀၁)၂၉၂၆၆၄၊ ၂၉၆၅၇၇၊

မန္တလေး(၁) - အမှတ်(၆၄၇)၊၃၆လမ်းနှင့်၇၈လမ်းထောင့်၊ ဟေမမာလာခြောက်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ ဖုန်း(၀၂)၆၀၄၈၈၊

မန္တလေး(၂) - အမှတ်(၄) C3 ၊၃၂လမ်း၊ ၇၇လမ်းနှင့်၇၈လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ ဖုန်း(၀၂)၃၁၀၀၂၇၇၃၊

While Stocks Last!




**LS Automotive Group (A member of LS Strategic Holding Limited)**
351 Pyay Road, Sanchaung Township, Yangon, Myanmar.
Sales Hotline: 0996 GAC SALE (0996 422 7253) Facebook: www.facebook.com/gacmotormyanmar


SAMSUNG
၂၀၁၆ ခုနှစ်၏
အကောင်းမွန် အထူးခြားဆုံး
Year End Mega Sales
(December 6 to 31)
“ မည်သည့် Samsung Galaxy Phone (သို့) Tablet ဝယ်ယူသူတိုင်း အတွက် ”
ကျပ် ၁၀,၀၀၀ မှ ကျပ် ၄၀,၀၀၀ အထိ လက်ငင်းငွေသား ကျေးဇူးတုန့်ပြန်မှု
ကျပ် ၂၀,၀၀၀ ကျော် မှ ကျပ် ၇၀,၀၀၀ ကျော် တန်ဖိုးရှိ အရည်အသွေးမြင့် လက်ဆောင်ပစ္စည်းများ
အကြီးမားဆုံး အခွင့်အရေးကို Samsung December Promotion မှာ မလွတ်တမ်းရယူလိုက်ပါ။
samsungmobilemyanmar
samsungmyanmar
samsungmyanmar
အမြို့မြို့အနယ်နယ်ရှိ Samsung Brand Shops များနှင့် ကိုယ်စားလှယ် အရောင်းဆိုင် များတွင် ဝယ်ယူနိုင်ပါသည်။
Call Center
01 2399 888
(Mon-Sun)
8AM to 6PM

# အင်းလေးကန် ထာဝရသာယာလှပစိမ်းလန်းစိုပြည်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးလုပ်ငန်းများ ဌာနပေါင်းစုံ ဝိုင်းဝန်းကူညီပေးနေ

ကိုတင်လှိုင်(မိတ္ထီလာ)


အင်းလေးဖောင်တော်ဦးစေတီအနီး သဲနုန်းများ တူးဖော်ဖယ်ရှားနေစဉ်။

အင်းလေးကန်သည် ရှမ်းပြည်နယ်(တောင်ပိုင်း)ညောင်ရွှေမြို့နယ်အတွင်းတွင် တည်ရှိပြီး မြန်မာနိုင်ငံ၏သဘာဝကုန်းတွင်းရေကန်တစ်ခုဖြစ်သည်။ ရှမ်းပြည်နယ်တောင်ကြီးခရိုင်အတွင်း နန်းလက်ချိုင့်ဝှမ်း (ညောင်ရွှေချိုင့်ဝှမ်း)၏ တောင်ဘက်အစွန်ဆုံးတွင် တည်ရှိပြီး ထုံးကျောက်များအရည်ပျော်ရာမှ ဖြစ်ပေါ်လာသော ကျောက်ပျော်ကန် (Solution Lake) အမျိုးအစားဖြစ်ကာ လွန်ခဲ့သော နှစ်သန်းပေါင်းများစွာက ဖြစ်ပေါ်လာခဲ့သည့်ကန်ဖြစ်ကြောင်း ဘူမိဗေဒပညာရှင်များက ပြောကြားသည်။ အရှေ့နှင့်အနောက်၊ တောင်နှင့်မြောက် သွယ်တန်းထားသော တောင်တန်းကြီး နှစ်ခုအလယ်တွင် တည်ရှိသည့် သဘာဝရေကန်တစ်ခုလည်းဖြစ်သည်။

အင်းလေးကန်၏ ရေဝေရေလဲဧရိယာသည် ညောင်ရွှေမြို့နယ်၊ တောင်ကြီးမြို့နယ်၊ ကလောမြို့နယ်၊ ပင်းတယမြို့နယ်၊ ရပ်စောက်မြို့နယ်နှင့် ဖယ်ခုံမြို့နယ်တို့ ထိစပ်လျက်ရှိပြီး မြန်မာနိုင်ငံ၏ ရေတိမ်ဒေသကြီးများအနက် တစ်ခုအပါအဝင်ဖြစ်ကာ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ✿

## မြန်မာ့ တပ်မတော်နှင့် တရားသောစစ် အောင်မြင် စကြောင်း ထောက်ခံပွဲ ရန်ကုန်မြို့တွင် ပြုလုပ်

စာမျက်နှာ - ၉

# အာရှပီတန်းပြိုင်ပွဲတွင် မြန်မာအမျိုးသမီးအသင်း ရွှေတံဆိပ်တစ်ခု ဆွတ်ခူးရရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

(၂၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာပီတန်းအသင်း အောင်မြင်မှုများရရှိစေရန် ရည်ရွယ်၍ အာရှပီတန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပီတန်းအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် 20th Asian Petanque Championship 2016 ပြိုင်ပွဲကို ပီတန်းအားကစားကွင်း၌ ယနေ့ ဆက်လက်ကျင်းပရာ ယနေ့ပွဲစဉ်အဖြစ် Triple Shooting ပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားကြသည်။




ယနေ့ပွဲစဉ်များအဖြစ် Junior Triple ပြိုင်ပွဲ၊ Men's Triple ပြိုင်ပွဲ၊ Women's Triple ပြိုင်ပွဲ၊ Nation's Cup For Men's Triple ပြိုင်ပွဲနှင့် Nation's Cup For Women's Triple ပြိုင်ပွဲများ ယှဉ်ပြိုင်ကစားကြပြီး Women's Triple ပြိုင်ပွဲတွင် မြန်မာ(B)အသင်းနှင့် ထိုင်း(B)အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာ(B)အသင်းမှ (၁၃)မှတ် (၃)မှတ်ဖြင့်လည်းကောင်း၊ Nation's Cup For Women's Triple ပြိုင်ပွဲတွင် မြန်မာ(A)အသင်းနှင့် လာအိုအသင်းတို့ **စာမျက်နှာ ၉ ကော်လံ ၆ သို့** ✳

## ပြည်တွင်း၊ ပြည်ပမီဒီယာများပါဝင်သည့် သတင်းအဖွဲ့တစ်ဖွဲ့ ရခိုင်ပြည်နယ် မောင်တောဒေသသို့ သွားရောက်မည်

**နေပြည်တော် ဒီဇင်ဘာ ၁၈**

ပြည်တွင်း၊ ပြည်ပမီဒီယာများပါဝင်သည့် သတင်းအဖွဲ့တစ်ဖွဲ့သည် ရခိုင်ပြည်နယ် မောင်တောဒေသသို့ ဒီဇင်ဘာ ၁၉ ရက် မှ ၂၂ ရက်အထိ သွားရောက်မည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ သတင်းအဖွဲ့တွင် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ Central News Bureau၊ မဇ္ဈိမမီဒီယာဂရု၊ မြန်မာတိုင်းမ်၊ နိုင်ငံခြားသတင်းထောက်အသင်း၊ ကျိုတိုသတင်းဌာန၊ European Press-photo (EPA)၊ MITV၊ 7 day နှင့် မြန်မာ့သတင်းစဉ်တို့မှ သတင်းသမားများ ပါဝင်ကြောင်း သိရှိရသည်။

မောင်တောဒေသသည် စစ်ဆင်ရေးနယ်မြေဖြစ်သည့်အတွက် ယခုသွားရောက်မည့် သတင်းအဖွဲ့အား ရုပ်သံမီဒီယာ၊ ပုံနှိပ်မီဒီယာနှင့် သတင်းအေဂျင်စီများထဲမှ သင့်လျော်သည့်အရေအတွက် သတ်မှတ်ပြီး ပြန်ကြားရေးဝန်ကြီးဌာနက တာဝန်ယူ စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါအဖွဲ့မှ ရရှိသည့် သတင်းနှင့် ဓာတ်ပုံများကို MOI Web Portal မှတစ်ဆင့် အခြားမီဒီယာများသို့ မျှဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



